# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ဝါခေါင်လဆန်း (၂) ရက် ၊ အင်္ဂါနေ့ ၊ (6-8-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၉၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်၏လုံခြုံရေးဆိုင်ရာအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ပြောကြားချက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်၏လုံခြုံရေးဆိုင်ရာအခြေအနေများနှင့်ပတ်သက်၍ ပြောကြားစဉ်။

**ချစ်ခင်လေးစားရပါတဲ့ မိဘပြည်သူများခင်ဗျာ–**

ယခုကာလများအတွင်း နိုင်ငံတော်မှာဖြစ်ပေါ်ခဲ့တဲ့အခြေအနေများကို ဆက်စပ်တင်ပြလိုပါတယ်။ အချို့အခြေအနေများကို အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေးမှာ ကျွန်တော်တင်ပြခဲ့ပြီးလည်းဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ NLD ပါတီရဲ့ မဲမသမာမှု ၁၁ သန်းကျော်ပြုလုပ်ခဲ့မှုတွေကြောင့် နိုင်ငံတော်မှာမတည်မငြိမ်မှုတွေဖြစ်ပေါ်လာခဲ့ရပါတယ်။ ဒါ့ကြောင့်နိုင်ငံတော်ရဲ့ ယာယီသမ္မတကနေ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေးခေါ်ယူပြီး တပ်မတော်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ရဲ့တာဝန်ကို ထိန်းသိမ်းစေခဲ့ပါတယ်။ တပ်မတော်အနေနဲ့ စစ်ဘက်၊ အရပ်ဘက်ပူးပေါင်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းကာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ နိုင်ငံတော်ရဲ့တာဝန် စတင်ထမ်းဆောင်ချိန်ကတည်းက ရွေးကောက်ပွဲတစ်ရပ် ပြန်လည်ကျင်းပပေးရေးသည် အန္တိမရည်မှန်းချက်ဖြစ်တယ်လို့ တိုင်းသိပြည်သိကြေညာခဲ့ပါတယ်။ ဒီလိုနိုင်ငံရေးအပြောင်းအလဲဖြစ်ပြီးချိန်မှာ သာမန်ဆန္ဒပြရာကနေ တဖြည်းဖြည်းမင်းမဲ့စရိုက်ဆန်တဲ့

စာမျက်နှာ ၁၆ ကော်လံ ၁ သို့



ရတနာပုံ
၂၀၂၄ ခုနှစ် ဩဂုတ် ၆ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ့တာဝန်ကိုကျေပွန်စွာထမ်းဆောင်နေကြသော မျိုးဆက်သစ်လူငယ်များ

နိုင်ငံသားတိုင်း၏ မွေးရာပါတာဝန်သည် မိမိနိုင်ငံကို မိမိတို့ကိုယ်တိုင်ကာကွယ်ရေးဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် မှီတင်းနေထိုင်သည့် လူဦးရေ၊ ပိုင်နက်နယ်မြေ၊ အုပ်ချုပ်ရေးအဖွဲ့အစည်း သို့မဟုတ် အစိုးရ၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် နိုင်ငံတကာအသိအမှတ်ပြုမှုတို့သည် နိုင်ငံတစ်နိုင်ငံ၏အင်္ဂါရပ်လက္ခဏာငါးရပ်ဖြစ်သည်။ နိုင်ငံတစ်ခုတွင် နေထိုင်သူပြည်သူများရှိသော်လည်း သတ်မှတ်ထားသော ပိုင်နက်နယ်မြေမရှိပါက နိုင်ငံတစ်နိုင်ငံကို တည်ဆောက်နိုင်မည်မဟုတ်ပေ။ ထို့ပြင် သတ်မှတ်ထားသော ပိုင်နက်နယ်မြေတည်တံ့စေရေးအတွက်ကိုမူ မျိုးဆက်သစ်အဆက်ဆက်က အဆိုပါပိုင်နက်နယ်မြေဖြစ်သောနိုင်ငံကို ကာကွယ်ရမည်မှာ မွေးရာပါတာဝန်ပင်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံတိုင်းတွင် နိုင်ငံ၏အချုပ်အခြာအာဏာကို ကာကွယ်ရန်၊ လိုအပ်သော ကာကွယ်ရေးစွမ်းအားစုများ စုဆောင်းနိုင်ရန် စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် စစ်မှုထမ်းဥပဒေများ ထုတ်ပြန်ကျင့်သုံးလျက်ရှိသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေသည် နိုင်ငံတိုင်းအတွက် လိုအပ်သော ဥပဒေတစ်ရပ်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးအမြင်နှင့် စစ်ရေးအတတ်ပညာများမှာ ပြည်သူတိုင်း သိသင့်သိထိုက်သည့်ပညာရပ်များဖြစ်သည်။ နိုင်ငံတော်လုံခြုံရေးအတွက် ရေရှည်စဉ်ဆက်မပြတ် လုပ်ဆောင်ရမည့်အနာဂတ်လုပ်ငန်းစဉ်များကိုမြော်တွေးပြီး ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလကတည်းက ပြဋ္ဌာန်းထားပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် စတင်အသက်ဝင်စေခဲ့သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေအသက်ဝင်လာသော်လည်း နိုင်ငံသားအားလုံး မဖြစ်မနေစစ်မှုထမ်းဆောင်ရမည့် ပုံစံမဟုတ်ဘဲ လိုအပ်သလောက်သာ အကန့်အသတ်နှင့် တာဝန်ထမ်းဆောင်ရမည့်ပုံစံမျိုးဖြစ်သည်။ အသက်အရွယ်အားဖြင့် စစ်မှုထမ်းဆောင်ရန် အကျုံးဝင်သူ အမျိုးသား၊ အမျိုးသမီးများထဲမှ သတ်မှတ်အရည်အချင်းပြည့်မီသူများကိုစိစစ်ပြီး ခေါ်ယူကာ စစ်မှုထမ်းဆောင်စေမည်သာဖြစ်သည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကိုစောင့်ထိန်းရန် တာဝန်များကိုထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာများကိုသင်ကြားနေကြသည့် နိုင်ငံသားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများတွင် တက်ရောက်နေကြသည်မှာ ယခုအခါ သင်တန်းအမှတ်စဉ် (၄)သို့ပင်ရောက်ရှိလာပြီဖြစ်သည်။

သို့ဖြစ်ရာ ဒို့တာဝန်အရေးသုံးပါးကိုစောင့်ထိန်းရန်တာဝန်ရှိသည့် မျိုးဆက်သစ်လူငယ်လူရွယ်များအတွက် စစ်ပညာ သင်ကြားနိုင်ရန်၊ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် နိုင်ငံတော်အစိုးရက ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြဋ္ဌာန်းအာဏာသက်ဝင်ပြီးဖြစ်သကဲ့သို့ နိုင်ငံ့သားကောင်း လူငယ်များအနေဖြင့်လည်း ထိုတာဝန်များကို ကြည်ဖြူကျေနပ်စွာထမ်းဆောင်လျက်ရှိသည်မှာ နိုင်ငံတော်ရှေ့ရေးအတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ပင်ဖြစ်ပါကြောင်း ဖော်ညွှန်းရေးသားလိုက်ရပေသည်။

# တောင်သမန်တံတားနှင့်အင်းသို့ ဩဂုတ်လ ပထမပတ်အတွင်း လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွား များပြားနေ



**မန္တလေး ဩဂုတ် ၅**

တောင်သမန်တံတားနှင့်အင်းသို့ ဩဂုတ်လ ပထမပတ်အတွင်း လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပ ခရီးသွား များပြားနေကြောင်း တောင်သမန်တံတား ပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့အတွင်း အထင်ကရ နေရာအများအပြားရှိသည့်အနက် တောင်သမန်တံတားနှင့် အင်းမှာလည်း ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစားလည်ပတ်ကြသည့်နေရာများထဲ၌ တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ လက်ရှိတွင် တောင်သမန်တံတားနှင့် အင်းသို့ ဩဂုတ်လ ပထမပတ်အတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း သိရသည်။

"အခု တောင်သမန်တံတားနဲ့ အင်းကို ပြည်တွင်းက ခရီးသွားတွေအပြင် ပြည်ပကခရီးသွားတွေလဲ ဝင်ရောက်လည်ပတ်မှု များပြားလာတယ်။ အခုလတ်တလော တောင်သမန်တံတားနဲ့ အင်းအတွင်း ငှက်လှေစီးကြတဲ့ ပြည်ပခရီးသွားတွေ ဝင်ရောက်လည်ပတ်မှုက တော်တော်လေးများလာတယ်။ အခုက ရေဝတီမြစ်ရေများချိန်ကာလဖြစ်တာကြောင့် တောင်သမန်အင်းအတွင်းမှာလဲ အင်းရေမြင့်တက်နေပါတယ်"ဟု ဦးစိုးဝင်းက ပြောပြသည်။

တောင်သမန်တံတားနှင့် အင်းသို့ ဇူလိုင်လ နောက်ဆုံးပတ်က လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၁၀၀၀ ကျော်သာရှိခဲ့သော်လည်း ဩဂုတ်လ ပထမပတ်အတွင်း တောင်သမန်တံတားနှင့်အင်းသို့ လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၂၀၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

တောင်သမန် အင်းအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ နေဝင်ဆည်းဆာအလှကို ငှက်လှေများဖြင့် ကြည့်ရှုနိုင်ရန် ငှက်လှေ အစီးရေ ၅၀ ကျော်ဖြင့်ပြေးဆွဲပေးလျက်ရှိကြောင်း တောင်သမန်တံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းထံမှ သိရသည်။

(၁၈၄)

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ဧက ၁၅၇၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ဝက်လက် ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ဧက ၁၅၇၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ဧက ၁၃၉၆၀၀ ထိ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇူလိုင်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၅၇၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဝက်လက်မြို့နယ်အတွင်း မိုးစပါး ဧက ၁၃၉၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၅၇၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးလျာထားဧကပြည့်မီအောင် လိုအပ်တဲ့နည်းပညာ၊ မျိုးတွေဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများအမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်း ကောင်းမွန်စေရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မန္တလေး ပဲ၊ နှမ်း ဈေးကွက်တွင် နှမ်းနှင့်မြေထောက်ပဲ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး ဩဂုတ် ၅**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့် မြေထောက်ပဲ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ ပြောင်း၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က နှမ်းနှင့် မြေထောက်ပဲမှာ ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးနေခဲ့ကြောင်း၊ ယခုလက်ရှိတွင် နှမ်းနှင့်မြေထောက်ပဲများကို ကုန်သည်များက ဝယ်ယူမှုပြန်လည်များပြားလာပြီး အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာကြောင်း၊ ထို့ပြင် မန္တလေးဈေးကွက်အတွင်း မတ်ပဲနှင့် ဂျုံများလည်း ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

"နှမ်းအုပ်စုနဲ့ မြေထောက်ပဲက အရင်တစ်ပတ်လောက်က မန္တလေးဈေးကွက်ထဲ အရောင်းအဝယ်အေးနေခဲ့တယ်။ လက်ရှိမှာတော့ အရောင်းအဝယ် ပြန်ကောင်းမွန်လာတဲ့အပြင် ပြည်ပကပါ ဝယ်ယူမှုတွေရှိလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ နှမ်းနက်(စမုန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၅၅၀၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၆၅၀၀၀၊ နှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၀၅၀၀၀၊ မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်း ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ကုလားပဲ(V2) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ ကုလားပဲ(V7) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀၊ ကုလားပဲ(929) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိတ္ထီလာမြို့နယ် ကန်ကြီးကုန်းကျေးရွာ၌ စီမံကိန်းမိတ်ဆက်ခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်း

**မိတ္ထီလာ ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ကန်ကြီးကုန်းကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများနှင့် လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ကျေးရွာသူကျေးရွာသားများအနေဖြင့် စီမံကိန်းကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်းခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ကိုးဦးကို အများ သဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ကန်ကြီးကုန်းကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့်အခြားလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းထံမှ သိရသည်။

**ကျော်ဦး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ လမ်း ၆၀၊ ၂၆× ၂၇ လမ်းကြားနေ ဦးမြင့်ဝေ မိသားစုက ကျောက်ကပ်ဆေးနေသော လူပုဂ္ဂိုလ် ၁၀ ဦးအတွက် ငွေကျပ် ၇၅၀၀၀၀ လှူဒါန်းရာ နာယကဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာ ဦးမိတ်၊ ဦးမောင်ကိုနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ရေဘဝဲပိသာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**လပွတ္တာ ဩဂုတ် ၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းရေဘဝဲပိသာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြတ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်းက ရေဘဝဲပိသာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ရေဘဝဲပိသာချိန် ၇၈၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ရေဘဝဲတွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေထွက်ကုန်တွေထဲမှာ ပင်လယ်စာရေဘဝဲ ပိသာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလည်း ရန်ကုန်ဈေးကွက်က ရေထွက်ကုန်တွေကို ဝယ်ယူမှုများပြားနေပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေဘဝဲတွေရဲ့ လတ်ဆတ်မှုနဲ့အရွယ်အစားအလေးချိန်အပေါ် မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။ ရေဘဝဲတွေကို လတ်တလောပင်လယ်စာအရောင်းဆိုင်တွေက ဝယ်ယူမှုများပြားနေတာကြောင့် အခုလို တင်ပို့မှုများပြားလာတာပါ။ တင်ပို့မှုများလာတော့ ရေလုပ်ငန်းရှင်တွေနဲ့ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေနေပါတယ်"ဟု လပွတ္တာမြို့နယ်ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြတ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ရေဘဝဲအသေးလက်ရှည် တစ်ကီလိုလျှင်ငွေကျပ် ၂၅၅၀၀၊ ရေဘဝဲလက်တို တစ်ကီလိုလျှင် ငွေကျပ် ၂၀၅၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ရေဘဝဲများအပြင် အခြားရေထွက်ကုန်များ အရောင်းအဝယ် ကောင်းမွန်လာခြင်းကြောင့် ရေလုပ်သားများ၊ တစ်နိုင်တစ်ပိုင် အရောင်းအဝယ်လုပ်ငန်းရှင်များ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သည့် လုပ်ငန်းရှင်များ အလုပ်အကိုင် အခွင့်အလမ်း ကောင်းမွန်လာကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြတ်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# အမရပူရမြို့နယ် ထုံးဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အမရပူရ ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာဖြစ်သည့် တောတွင်ကျေးရွာအုပ်စု ထုံးဘိုကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖြစ် ထုံးဘိုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၁၄၈ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၃၇ သိန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၁၈ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁၀ ဦးကို ငွေကျပ် ၃၆၄ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၇၀ ကို ရန်ပုံငွေကျပ် ၅၆၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက ပြောပြ၍ သိရသည်။

**သူသူ**

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံ ၃၇၀၇၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ချောင်းဦး ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံ ၃၇၀၇၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် ပဲမျိုးစုံသီးနှံ ၅၃၀၂၅ ကေစိုက်ပျိုးရန် လျာထားပြီး မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၇၀၇၄ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ပဲမျိုးစုံသီးနှံ ၅၃၀၂၅ ကေ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၃၇၀၇၄ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ပဲမျိုးစုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ယခုနှစ် ချောင်းဦးမြို့နယ်တွင် ပဲမျိုးစုံသီးနှံ အလိုက်စိုက်ပျိုးပြီးစီးမှုအနေဖြင့် မတ်ပဲ ၃၉၇ ကေ၊ ပဲတီစိမ်း ၁၉၅၇၈ ကေ၊ ပဲလွန်း ၈၇၅ ကေ၊ ပဲစင်းငုံ ၁၆၂၂၄ ကေ စုစုပေါင်း ၃၇၀၇၄ ကေတို့ဖြစ်ကြောင်း သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် မတ်ပဲ ကေ ၁၃၀၀၊ ပဲတီစိမ်း ကေ၂၆၉၃၀၊ ထောပတ်ပဲ ကေ ၄၇၀၊ စွန်တာပြာ ကေ ၁၇၅၀၊ ပဲလွန်း ၁၅၇၅ ကေ၊ ပဲစင်းငုံ ကေ ၂၀၃၀၀၊ ပဲကြီး ကေ ၇၀၀ စုစုပေါင်း ၅၃၀၂၅ ကေတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံ အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်း လုပ်ငန်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)




# မိုးလေဝသခန့်မှန်းရန် အတိတ်ကာလ၏ကြိုးပမ်းခဲ့မှုများ(အပိုင်း-၄)

**ပါမောက္ခကိုကိုအောင်**

ဆိုင်ကလုန်းများကဲ့သို့ အတွင်းသို့ဝိုက်၍တိုက်သော တိုက်လေနှင့် ဆန့်ကျင်ဘက်တိုက်ခတ်သည့် တိုက်လေတစ်မျိုးရှိနေသေးရာ ထိုတိုက်လေမျိုးက အပြင်သို့ဝိုက်၍သာတိုက်ခတ်သည်။ ထိုတိုက်လေမျိုးကျရောက်သောဒေသတွင် မိုးလေဝသအခြေအနေက ကောင်းမွန်သာယာနေလိမ့်မည်ဖြစ်သည်။ ၎င်းလေမျိုးကို အင်တီဆိုင်ကလုန်း (အပြင်တိုက်လေဝဲ) ဟု ခေါ်ဝေါ်သည်။ အင်တီဆိုင်ကလုန်းရှိသော ဒေသတစ်ဝိုက်ရှိ မိုးလေဝသဌာနတို့က မိမိတို့၏ဘာရိုမီတာအသီးသီးသည် ၃၀ လက်မ၌ရှိနေကြောင်း သတင်းပေးပို့သောအခါ ထိုဒေသများကို မိုးလေဝသပုံပေါ်တွင် မှတ်သားထားရသည်။ ထိုဒေသတို့ကို မျဉ်းများဖြင့်ဆက်ဆွဲပေးခြင်းအားဖြင့် မျဉ်းကွေးတစ်ခုကိုရရှိလာသည်။ ထိုမျဉ်းကွေးကိုရရှိခြင်းကြောင့် မိုးလေဝသကောင်းမွန်သာယာမည့် လေထုအခြေအနေကို အကြမ်းဖျင်းအားဖြင့် သိရှိနိုင်သည်။ အင်တီဆိုင်ကလုန်းသည် အများအားဖြင့် သာယာငြိမ်သက် ခြောက်သွေ့သော်လည်း ဆောင်းဥတုတွင်ကား မြူများ၊ နှင်းပေါက်များက သိပ်သည်းစွာကျရောက်လာတတ်သည်။ အကြောင်းမှာ အင်တီဆိုင်ကလုန်းသည် ကောင်းကင်တွင် တိမ်ကင်းစင်စေသည့်အတွက် မြေကြီးမှအပူကို ဖြာထွက်စေခြင်းကြောင့်ဖြစ်သည်။

ယေဘုယျအားဖြင့် ဒေသတစ်ခုတွင် အလွန်အေးသော ဆောင်းဥတုကျရောက်လာရသည်မှာ အာတိတ်ဒေသမှရေခဲတမျှ အလွန်အေးသောလေများ တိုက်ခတ်လာသောကြောင့်သာ အေးသည်မဟုတ်ပေ။ ထိုဒေသ၌ပင် သဘာဝအလျောက် ဖြစ်ပေါ်လာသော မိုးလေဝသအခြေအနေကြောင့် အေးလာခြင်းဖြစ်သည်။ ခြောက်သွေ့၍ ငြိမ်သက်ပြီး ဖိအားများသောလေစိုင်သည် ဒေသတစ်ခုကို အလွန်အမင်းအေးစေလျက် အခြားဒေသများတွင်လေသည် ကာလရှည်စွာ အတော်အသင့် နွေးနေတတ်သည်။ ကောင်းကင်ကကြည်လင်ငြိမ်သက်၍ လေထု၌လည်း ရေငွေ့ကင်းစင်နေခဲ့လျှင် မြေကြီးမှအပူက ကောင်းကင်သို့ တဖြည်းဖြည်းဖြာ၍ တက်နေလေသည်။ ထိုအခါ လေသည် အေးသောမြေနှင့် ထိတွေ့သွားခြင်းအားဖြင့် အေးသည်ထက်အေး၍ လာတော့သည်။ ဥပမာ ဆိုက်ဘေးရီးယားဒေသတွင် မိုးလေဝသက ကြည်လင်သာယာနေခြင်းကြောင့် ဆောင်းဥတုတွင် အလွန်အမင်းအေးလေ့ရှိသည်။

အင်တီဆိုင်ကလုန်းကို ဆောင်းဥတု၌ အမြဲတစေလိုအပ်သည်ဟုမဆိုနိုင်ပေ။ အကြောင်းမူကား အင်တီဆိုင်ကလုန်းရှိသည့် ဒေသများတွင် ရက်ပေါင်းများစွာပင် မြူများဖုံးအုပ်လျက်ရှိသောကြောင့်ဖြစ်သည်။ မြို့နေလူထုတို့အဖို့ မိုးလေဝသပညာကို မသိကြဘဲနှင့် ဒေသအသီးသီးမှ ရေဒီယိုနှင့်ကြေးနန်းတို့ဖြင့် ပေးပို့သော ဘာရိုမီတာအမှတ်ကျဆင်းခြင်းသတင်းကိုသာ လိုချင်တောင့်တမျှော်လင့်ခဲ့ကြသည်။ တကယ့်လက်တွေ့၌မူ ဘာရိုမီတာအမှတ်ကျဆင်းခြင်း၏ အဓိပ္ပာယ်မှာ အင်အားကြီးမားသော ဆိုင်ကလုန်းကြီးကျရောက်တော့မည့်အကြောင်းကိုပြသော အရိပ်လက္ခဏာပင်ဖြစ်သည်။ မိုးလေဝသအခြေအနေသည် သဘာဝအလျောက် ရုတ်ခြည်းပြောင်းလဲတတ်သဖြင့် မိုးလေဝသခန့်မှန်းရာ၌ ခန့်မှန်းသူသည် အတွေ့အကြုံရင့်ကျက်ပြီး မိုးလေဝသပုံပေါ်၌ ပြထားသော လေဖိအားမျဉ်းကွေးများအကြောင်းကိုလည်း ကောင်းစွာ




နားလည်ရန် လိုအပ်သည်။ ထိုကဲ့သို့သော အရည်အချင်းနှင့်ပြည့်စုံသည့်အပြင် မှန်ကန်သော ခန့်မှန်းချက်မျိုးထုတ်ပြန်ပေးနိုင်ရန် ပိုင်းခြားဝေဖန်တတ်သည့်ဉာဏ်နှင့်လည်း ပြည့်စုံရန် လိုအပ်သည်။

မိုးလေဝသခန့်မှန်းရာ၌ မိုးလေဝသညွှန်ကြားရေးဝန်က တွက်ချက်အသုံးပြုသော မိုးလေဝသပုံများသည် အမှန်စင်စစ်ဆိုင်ကလုန်းနှင့် အင်တီဆိုင်ကလုန်းများအတွက် သီးသန့်ရေးဆွဲထားသော ပုံများမဟုတ်ကြပေ။ မိုးလေဝသဌာနအသီးသီးမှ ဘာရိုမီတာများဖြင့် မှတ်သားယူထားသော ဖိအားပြမျဉ်းကြောင်းများမှာ ပုံအမျိုးမျိုးရှိကြသည်။ ဘဲဥပုံသဏ္ဍာန်ရှိ လေဖိအားနည်းသောပုံနှင့် ဖိအားများသောပုံ နှစ်မျိုးတို့အပြင် ဆိုင်ကလုန်းပတ်လည်၌ နောက်ထပ်မျဉ်းကွေးများ ရေးမှတ်ထားတတ်သေးရာ အများဆုံးတွေ့ရသောပုံများမှာ လျှာပုံရှိ လေချိုင့်ဝှမ်းပုံများဖြစ်၍ ၎င်းတို့ကို V - ပုံလေချိုင့်ဝှမ်းများဟု ခေါ်ဝေါ်သည်။

ထို့ပြင် ဖိအားများသည့် လျှာပုံအမှတ်အသားများလည်းရှိကြရာ ၎င်းတို့အနက် လျှာပုံတစ်မျိုးမှာ ဖိအားနည်းသော ဒေသနှစ်ခုကြားတွင် သပ်ကဲ့သို့ ထိုးဝင်တည်ရှိနေတတ်သည်။ ၎င်းတို့ကို V - ပုံလေချိုင့်ဝှမ်းများနှင့်ကွဲပြားစေရန် သပ်များဟု ခေါ်ဝေါ်ခဲ့ကြသည်။

တစ်ဖန် နိုင်ငံတစ်နိုင်ငံကို ဖြတ်၍တည်ရှိနေသော လေဖိအားပြမျဉ်းများကိုဆက်၍ ဆက်ကာကျဆင်းနေသော လေထုသိပ်သည်းခြင်းအဖြစ်သို့ ရေးဆွဲသည့်အခါ ထိုမျဉ်းများက ဖြောင့်တန်းနေတတ်ကြသည်။ နောက်ဆုံး၌ အင်တီဆိုင်ကလုန်းနှစ်ခုကို ထယ်ကြောင်းသို့မဟုတ် လည်တိုင်သဖွယ် အတော်ပင်ဖိအားနည်းသောလေထုဖြင့် ဆက်သွယ်ပေးနိုင်သည်။ ဤသို့သော မိုးလေဝသအခြေအနေမျိုးကို ကြားကုပ်ဟု ခေါ်ဝေါ်ကြသည်။ အဘယ်ကြောင့်ဆိုသော် နီးကပ်သော တောင်ထိပ်နှစ်ခုကြား၌ရှိသည့် တောင်ကုပ်နှင့် တူသောကြောင့်ပင်ဖြစ်သည်။ ဤသို့ဖြင့် မူလဖိအားပြပုံကြီးနှစ်မျိုးနှင့် သာမန်ပုံငါးမျိုးရှိကြသည့်အနက် မိုးလေဝသခန့်မှန်းသူကို ဒုက္ခအပေးနိုင်ဆုံးသော ပုံတို့မှာ အဆိုပါသာမန်ပုံများပင်ဖြစ်ကြသည်။

V - ပုံ အတွင်းဝိုက်လေဝဲတို့တွင် တိုက်လေသည် တစ်နေရာမှတစ်နေရာသို့ အပြင်းအထန်ရွေ့ပြောင်းတိုက်ခတ်၍ အပူချိန်ကလည်း ရုတ်ခြည်းပြောင်းလဲတတ်သည်။ ထိုအတွင်းဝိုက်လေဝဲတို့နှင့်အတူ မိုးသက်လေပြင်း၊ မိုးပြောက်မိုးသီးများကလည်း ပါလာလေ့ရှိသည်။ သို့တည်းမဟုတ် ဆောင်းဥတုနှင်းများလည်း ကျရောက်တတ်သည်။ V - ပုံအတွင်းဝိုက်လေဝဲတို့သည် ထပ်ဆင့်အတွင်းဝိုက်လေဝဲတို့ စတင်ဖြစ်ပေါ်ရာနေရာ ဖြစ်သကဲ့သို့ မိုးကြိုးမုန်တိုင်းတို့ စတင်ဖြစ်ပေါ်ရာလည်းဖြစ်သည်။ ဤဖိအားနိမ့်မျဉ်းကွေးတို့၏ အနည်းငယ်ခြားနားခြင်းက မိုးလေဝသပြောင်းလဲမှုတို့ ရုတ်တရက်ဖြစ်ပေါ်လာနိုင်ပုံကို ပြသလျက်ရှိသည်။ ဘာရိုမီတာပုံများပေါ်တွင် တစ်လက်မ၏ အပုံတစ်ရာပုံ တစ်ပုံအတိုင်းအတာတို့ကိုယူ၍ မျဉ်းများရေးဆွဲမှတ်သားထားသည်။ မျဉ်းအပြောင်းအလဲများမှာ ရုတ်တရက်အားဖြင့် ထင်သာမြင်သာမရှိလှပေ။ ၂၀ ရာစုခေတ်လယ်တွင် မိုးလေဝသခန့်မှန်းရာ၌ အတော်အတန်တိုးတက်လျက်ရှိနေခဲ့ရာ ထိုတိုးတက်မှုများက မမြင်သာသောမျဉ်းအပြောင်းအလဲများကို ဉာဏ်နှင့်ယှဉ်၍ အဓိပ္ပာယ်ကောက်ယူနိုင်ခြင်းကြောင့်သာလျှင်ဖြစ်နိုင်သည်။ ထိုဘာရိုမီတာပုံမှပင် တိုက်လေက မည်သည့်နှုန်းဖြင့် မည်သည့်ဘက်သို့တိုက်၍ အပူချိန်နှင့်ကောင်းကင်အခြေအနေတို့ မည်သို့ရှိကြောင်းကို သိရှိနိုင်သည်။ ထိုအကြောင်းရပ်များကို မိုးလေဝသခန့်မှန်းသူက မိုးလေဝသဌာနအသီးသီးမှ ပုံမှန်အားဖြင့်ရရှိနေသည်။

ဥရောပတိုက်နှင့် အမေရိကန်နိုင်ငံတို့တွင် အထက်လေ၏ အခြေအနေတိုင်းတာခြင်းလုပ်ငန်းများကို အမှတ်အသားယူနိုင်သော ကိရိယာများဖြင့် လုပ်ကိုင်လျက်ရှိခဲ့ကြရာ များစွာပြီးမြောက်အောင်မြင်လျက်ရှိနေခဲ့သည်။ ထိုကိရိယာများကို စွန်နှင့်အတူတွဲ၍ အထက်သို့လွှတ်တင်ကြရသည်။ ထို့ပြင် အထက်လေအခြေအနေကို အထက်လွှာလေနှုန်းတိုင်းပူဖောင်းဖြင့်လည်း တိုင်းတာတွက်ချက်ကြရသည်။ အထက်လွှာလေနှုန်းတိုင်းပူဖောင်းတို့၏ရွေ့ရှားမှုကို သီအိုဒလိုက်ဖြင့် တိုင်းတာကြရသည်။ ဤကဲ့သို့သော လေ့လာမှုများကို တိုင်းတာတွက်ချက်ပြီး အမြောက်အမြားလေ့လာမှတ်သားခြင်းအားဖြင့် မိုးလေဝသခန့်မှန်းချက်အပေါ်တွင် အကျိုးများစွာ သက်ရောက်စေသည်။ အသင့်အတင့်တိကျမှန်ကန်သော အထက်လေ၏အခြေအနေများကိုလည်း ရရှိနိုင်သည်။

မိုးလေဝသခန့်မှန်းရာ၌ မကြာခဏပြောင်းလဲတတ်၍ တည်မြဲမှုမရှိခြင်းနှင့် မတွက်ချက်နိုင်သော အချက်အလက်များကား အစဉ်ရှိနေဦးမည်မှာ မလွဲပေ။ မိုးလေဝသရေးဆွဲသတ်မှတ်ပုံပညာရပ်သည် ၂၀ ရာစု ခေတ်လယ်ကာလရောက်ရှိချိန်၌ နှစ်ပေါင်း ၆၀ ကျော်ကျော်မျှပင် မရှိခဲ့သေးသည့်တိုင် မိုးလေဝသအခြေအနေများကို ကြိုတင်ခန့်မှန်းနိုင်သည့်ပညာကို ရရှိရန် အလားအလာများစွာရှိနေခဲ့သည်။ လုပ်ငန်းအမျိုးမျိုးလုပ်ကိုင်လျက်ရှိသော ပြည်သူလူထုက မိုးလေဝသဌာနကို အားကိုးနေခဲ့ကြရပြီဖြစ်သည်။ မိုးလေဝသဌာနမှပေးပို့ရရှိသော မိုးလေဝသဆိုင်ရာသတင်းများက အလွန်ပင်မှန်ကန်ကြသဖြင့်လည်း ထိုသတင်းများကို အားထားလုပ်ကိုင်ရခြင်း၏အကျိုးကျေးဇူးကြောင့် ငွေကြေးများစွာဆုံးရှုံးခဲ့ကြရခြင်းမျိုးလည်း မရှိနိုင်ကြတော့ပေ။

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၇၃၀၂ ကေထိ စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၇၃၀၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၇၃၁၄ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၃၀၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ ဆီထွက်သီးနှံစုံ ၇၃၁၄ ကေ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၇၃၀၂ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှုအနေနဲ့ကတော့အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် ဆီထွက်သီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၇၂၄၃ ကေ၊ နှမ်း ၁၁ ကေ၊ နေကြာ ၄၈ ကေ စုစုပေါင်း ၇၃၀၂ ကေတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် ဆီထွက်သီးနှံစုံစိုက်ပျိုးရန်အတွက် သီးနှံအလိုက် လျာထားမှုအနေဖြင့် မြေပဲ ၇၂၂၃ ကေ၊ နှမ်း ကေ ၂၀ နှင့် နေကြာ ၇၁ ကေ စုစုပေါင်း ၇၃၁၄ ကေတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် ဆီထွက်သီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ကေတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများစိုက်ပျိုးနိုင်ရေးတို့အတွက် အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



(၂၀၆)

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၈၁၈၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ငပုတော ဩဂုတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၈၁၈၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၄၃၀၂၃ ဧကကို ယခုနှစ် ဇွန်လ ပထမ အပတ်ကစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၈၁၈၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ မိုးစပါးများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများဖြစ်သည့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့်ဌာနများ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

“ငပုတောမြို့နယ်မှာ မိုးစပါး ၁၄၃၀၂၃ ဧကထိ လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ မိုးစပါးတွေရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေဖြစ်တဲ့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတွေက ပူးပေါင်းဆောင်ရွက်နေပါတယ်။ အခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာလဲ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ အခက်အခဲမရှိ စိုက်ပျိုးနိုင်စေဖို့အတွက် အသိပညာပေး လုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်”ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မိုးစပါးများ လျာထားချက်ပြည့်မီစေရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မြေဆီလွှာပြုပြင်သည့် လုပ်ငန်းများ ကွင်းဆင်းသရုပ်ပြခြင်း၊ ရေစိမ့်ပေါက် ရေထွက်ပေါက်များ ရှာဖွေခြင်း၊ စပါးအထွက်နှုန်းကောင်းစေရန် နည်းပညာများပေးခြင်း စသည့်လုပ်ငန်းများကို ကြိုတင်စီမံဆောင်ရွက်ပေးထားကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# နမ့်စန်မြို့နယ် တိုင်းကောင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**နမ့်စန် ဩဂုတ် ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်မည့် တိုင်းကောင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်စီးမှူး ဦးခွန်မြင့်သောင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းကမ်းသတ်မှတ်ချက်များ၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးရွာပြည်သူလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည့် အခြေအနေများကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များရွေးချယ်ရာတွင် လိုက်နာရမည့်စည်းကမ်းချက်များနှင့်ကော်မတီဝင်များဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

နမ့်စန်မြို့နယ် တိုင်းကောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သံသာ**

## တာဝန်ကိုယ်စီ ကျေပွန်မည်

\- နိုင်ငံတော်ကို အလွန်ချစ်
ခေတ်မီဖွံ့ဖြိုး စေချင်တာ၊
သာယာစွာ လွန်အေးချမ်း
စိမ့်စမ်းပမာ၊
ကျောင်းသားတို့ ကျောင်းတက်လာ
သူ့ဝန်တာ သူ့အလုပ်မို့၊
ဝိုင်းကူကာ စောင့်ရှောက်မနေး
အားပေးကြစို့။

\- ဆရာဝန် သူနာပြု
ကုသမှု အထွေထွေ၊
လူနာတွေ ရောဂါဘေး
ကင်းဝေးဖို့လေ၊
မေတ္တာစေတနဲ့ ကရုဏာဝေ
စေတနာ တန်ဖိုးမြတ်၊
သူ့အလုပ် သူ့တန်ဖိုး
ပြည့်ကျိုးထင်ဟပ်။

\- ဆရာတွေ စာသင်ပြ
အနေလှ တိုးတက်အောင်၊
တပည့်တွေ ထူးချွန်ရေး
မြော်တွေးကြံဆောင်၊
သူငယ်တို့ နားစိုက်ထောင်
နောင်အခါ တန်ဖိုးမြင့်၊
ပညာတတ်တွေ လွန်များပြားဖို့
ကြိုးစားလေ့ကျင့်။

\- နိုင်ငံတော် ကာကွယ်ရေး
အလေးထားလို့ ထာဝစဉ်၊
လူတိုင်းပါဝင် စစ်မှုထမ်း
ရည်မှန်းချက်ပင်၊
တိုင်းပြည်အတွက် ကျေပွန်ချင်
ကမ္ဘာတွင် မြန်မာတို့၊
အချုပ်အခြာ တည်တံ့ရေး
ဆောင်ရွက်ပေးစို့။

\- သူ့တာဝန် သူ့အလုပ်
ဖော်ထုတ်လို့ မကုန်နိုင်၊
စေတနာသည် တန်ဖိုးထား
ကြီးပွားသည့်တိုင်၊
မြန်မာ့အလှ ခြယ်သပိုင်
နိုင်ငံတော် ဖွံ့ဖြိုးရေး၊
တာဝန်ကိုယ်စီ ကျေပွန်မှ
လှပမယ်လေး။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

# နိုင်ငံတကာ သတင်းများ

## မလေးရှားအစိုးရက ပြည်သူများအတွက် လူမှုကွန်ရက်အက်ပလီကေးရှင်းတစ်ခုဖန်တီးရန် စဉ်းစားနေ

**ကွာလာလမ်ပူ ဩဂုတ် ၅**

မလေးရှား နိုင်ငံသားများအတွက် ကိုယ်ပိုင်လူမှုကွန်ရက်စာမျက်နှာ အက်ပလီကေးရှင်းတစ်ခု တည်ဆောက်ရေး အဆိုပြုချက်ကို မလေးရှားအစိုးရက စဉ်းစားနေကြောင်း မလေးရှားဆက်သွယ်ရေးဝန်ကြီး ဖာမီဖက်ဇီးလ်က ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အချို့သော လူမှုကွန်ရက်အက်ပလီကေးရှင်း ကုမ္ပဏီများသည် မလေးရှားနိုင်ငံသားများထံမှ အကျိုးအမြတ်များ ရယူခံစားနေသော်လည်း သုံးစွဲသူတို့၏ ဘေးကင်းလုံခြုံမှုကို အာမခံချက်ပေးနိုင်ခြင်းမရှိကြောင်း မလေးရှားဆက်သွယ်ရေးဝန်ကြီးက ဝေဖန်ထားသည်။

ပြီးခဲ့သည့်နှစ်တွင် ဖေ့ဘွတ်စ်ကုမ္ပဏီတစ်ခုတည်းကပင် မလေးရှားနိုင်ငံ၌ အမေရိကန်ဒေါ်လာသန်း ၆၀၀ ထိ ရရှိခဲ့သော်လည်း မလေးရှားနိုင်ငံသား သုံးစွဲသူများ၏ ဘေးကင်းလုံခြုံရေးအတွက် ဆောင်ရွက်နိုင်မှု မရှိခဲ့ကြောင်း မလေးရှားဆက်သွယ်ရေးဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

သို့ဖြစ်ရာ မလေးရှားအစိုးရအနေဖြင့် မလေးရှားပြည်သူများအတွက် ကိုယ်ပိုင်လူမှုကွန်ရက်အက်ပလီကေးရှင်း ဖန်တီးရေးအဆိုပြုချက်ကို မိမိတို့စဉ်းစားနေကြောင်း မလေးရှားဆက်သွယ်ရေးဝန်ကြီးက သတင်းထောက်များနှင့်တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံသည် လွန်ခဲ့သည့်ရက်သတ္တပတ်က လူမှုကွန်ရက်စာမျက်နှာများနှင့် အင်တာနက်သတင်းတိုပေးပို့မှု အက်ပလီကေးရှင်းများအတွက် စည်းမျဉ်းသစ်များထုတ်ပြန်ထားသည်။

အဆိုပါ စည်းမျဉ်းသစ်များတွင် မက်တာကုမ္ပဏီ၏ ဖေ့ဘွတ်စ်၊ ဟိုက်ဒန့်စ်၏ တစ်တော့စ်နှင့် အီလွန်မာ့စ်၏ အိတ်စ်အက်ပလီကေးရှင်းတို့ ပါဝင်ကြောင်း သိရသည်။

**Ref: Xinhua**
**Trs : KKO**

## အစ္စရေးတပ်များက ဂါဇာနှင့်အီဂျစ်နယ်စပ်၌ မော်တော်ယာဉ်မောင်းနှင်နိုင်သည့် မြေအောက်ဥမင်တွေ့ရှိ

**ဂျေရုဆလင် ဩဂုတ် ၅**

မော်တော်ယာဉ်များ မောင်းနှင်နိုင်အောင် ကြီးမားသည့် မြေအောက်ဥမင် လမ်းကြောင်းတစ်ခုကို အစ္စရေးတပ်များက ဂါဇာကမ်းမြောင်နှင့် အီဂျစ်နယ်စပ်၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမြင့် ၁၀ ပေထိရှိသည့် အဆိုပါ ဥမင်မြေအောက်လမ်းကို အစ္စရေးတပ်များက ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဂါဇာကမ်းမြောင်နှင့် အီဂျစ်နိုင်ငံတို့ကြား နယ်စပ်တစ်လျှောက်ရှိ မြေအောက်ဥမင်လမ်းများကို လက်နက်များမှောင်ခိုတင်သွင်းရေးအတွက် ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုက အသုံးပြုနေကြောင်း အစ္စရေးစစ်ဘက်က ပြောကြားထားသည်။

အစ္စရေးစစ်ဘက်သည် ပြီးခဲ့သည့်နှစ် အောက်တိုဘာလကစတင်ခဲ့သည့် ဂါဇာကမ်းမြောင်စစ်ပွဲကာလအတွင်း ဟားမတ်စ်အုပ်စု၏ မြေအောက်ဥမင် ကွန်ရက်အများအပြားကို ဖျက်ဆီးနိုင်ခဲ့သည်။

ထို့ပြင် မိမိတို့အနေဖြင့် ဂါဇာကမ်းမြောင်ဒေသရှိ မြေအောက်ဥမင်ကွန်ရက်များကို ဆက်လက်ရှာဖွေဖျက်ဆီးမည်ဟု အစ္စရေးစစ်ဘက်က ပြောကြားထားကြောင်း သိရသည်။

**Ref: RT**
**Trs : KKO**





## မြောက်ကိုရီးယားက ရှေ့တန်းတပ်များအတွက် ဒုံးပစ်လောင်ချာတင်ယာဉ် အစီးရေ ၂၅၀ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပ



**ပြုံယမ်း ဩဂုတ် ၅**

မြောက်ကိုရီးယား နိုင်ငံသည် ဩဂုတ် ၄ ရက်က နျူကလီးယား ထိပ်ဖူးတပ် ဒုံးကျည်များအတွက် အသုံးပြုရမည့် ဒုံးပစ်လောင်ချာတင်ယာဉ် အစီးရေ ၂၅၀ ကို ရှေ့တန်းတပ်များထံ အခမ်းအနားဖြင့် လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ရှေ့တန်းတပ်များသို့ ဒုံးပစ်လောင်ချာတင် ယာဉ်အသစ်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန် ကိုယ်တိုင် တက်ရောက်ခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၏ စစ်ရေးခြိမ်းခြောက်မှုများကို တုံ့ပြန်သည့်အနေဖြင့် နျူကလီးယားလက်နက်များ ပိုမိုတည်ဆောက်ထုတ်လုပ်ရန် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က အဆိုပါအခမ်းအနားတွင် တိုက်တွန်းစကားပြောကြားခဲ့သည်။

မြောက်ကိုရီးယားရှေ့တန်းတပ်များထံ လွှဲပြောင်းပေးပို့ခဲ့သည့် ဒုံးပစ်လောင်ချာတင် ယာဉ်များမှာ ပြည်တွင်း လက်နက်စက်ရုံများက တည်ဆောက်ပေးထားသည့် အသစ်စက်စက် ဒုံးပစ်လောင်ချာတင်ယာဉ်များဖြစ်ကြောင်း မြောက်ကိုရီးယား အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ဒုံးပစ်လောင်ချာတင်ယာဉ်များသည် ပေါက်ကွဲအားနိမ့် နျူကလီးယားထိပ်ဖူးများ သယ်ဆောင်နိုင်သော ဘလစ်စတစ်ဒုံးကျည်များအတွက် ပုံစံထုတ်တည်ဆောက်ထားသည့် ဒုံးပစ်လောင်ချာတင် ယာဉ်များဖြစ်ကြသည်။

မြောက်ကိုရီးယား နိုင်ငံသည် တောင်ကိုရီးယား လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ပစ်အားအသာဖြင့် ဖိနှိပ်ထားရေးအတွက် တာတိုပစ်လက်နက်များ ထုတ်လုပ်မှုကို မြှင့်တင်နေသည်ဟု လေ့လာသူများက သုံးသပ်ထားကြောင်း သိရသည်။

**Ref: RT**
**Trs : KKO**

## ကမ္ဘောဒီးယားနိုင်ငံ၌ ဖူနန်တီချို တူးမြောင်းစီမံကိန်းစတင်

**ဖနောင်ပင် ဩဂုတ် ၅**

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနိုက်သည် တရုတ်နိုင်ငံ၏ ဘဏ္ဍာရေးအကူအညီဖြင့် တည်ဆောက်မည့် အငြင်းပွားဖွယ် တူးမြောင်းစီမံကိန်းကို ယနေ့တွင် အုတ်မြစ်ချပေးခဲ့ကြောင်း သိရသည်။

အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ အကုန်အကျခံတည်ဆောက်မည့် အဆိုပါတူးမြောင်းသည် မဲခေါင်မြစ်ကို ထိုင်းပင်လယ်ကွေ့နှင့် ချိတ်ဆက်ပေးမည့် တူးမြောင်းဖြစ်သည်။

ဖူနန်တီချိုအမည်ရှိ အဆိုပါ တူးမြောင်းသစ်စီမံကိန်း စတင်ပွဲကို ဖနောင်ပင်မြို့ အရှေ့တောင်ဘက် မဲခေါင်မြစ်ကမ်း တစ်နေရာတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

အရှည် မိုင် ၁၁၀၊ အကျယ် ၃၂၈ ပေနှင့် ရေအနက် ၄ ဒသမ ၅ မီတာရှိမည့် အဆိုပါတူးမြောင်းကြောင့် ဆီဟာနေ့ဗ်ဗီးလ်ရေနက်ဆိပ်ကမ်းသို့ ကုန်စည်များ ရေကြောင်းမှတစ်ဆင့် ပို့ဆောင်ရာတွင် ကုန်ကျစရိတ် ပိုမိုလျှော့ပါးလာမည်ဖြစ်ကာ ဗီယက်နမ်ဆိပ်ကမ်းများအပေါ် မှီခိုနေရမှုကိုလည်း လျှော့ချနိုင်မည် ဖြစ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနိုက်က ပြောကြားထားသည်။



သို့ရာတွင် ဖူနန်တီချိုတူးမြောင်းကြောင့် မဲခေါင်မြစ်ရေစီးကြောင်းအပေါ် ဆိုးကျိုးသက်ရောက်မှုရှိလာနိုင်မည့်အရေးကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားများက စိုးရိမ်လျက်ရှိသည်။

ထို့ပြင် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ စပါးစိုက်ပျိုးရေးလုပ်ငန်းအပေါ် ဆိုးကျိုးသက်ရောက်မည့်အရေးကိုလည်း အိမ်နီးချင်း ဗီယက်နမ်နိုင်ငံက စိုးရိမ်လျက်ရှိကြောင်း သိရသည်။

**Ref: RT**
**Trs : KKO**

## ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရာထူးမှနုတ်ထွက်၍ နိုင်ငံအတွင်းမှထွက်ပြေး

**ဒါကာ ဩဂုတ် ၅**

လူအသေအပျောက် များပြားသည့် ဆန္ဒပြပွဲများ ရက်အတန်ကြာဖြစ်ပွားခဲ့ပြီးနောက် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ခ်ဟာဆီနာသည် ယနေ့တွင် ရာထူးမှနုတ်ထွက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ထွက်ပြေးသွားပြီဖြစ်ကြောင်း သိရသည်။

ဒါကာမြို့ရှိ ဝန်ကြီးချုပ်နန်းတော်ကို အစိုးရဆန့်ကျင်ရေးဆန္ဒပြသမားများ ဝင်ရောက်စီးနင်းခဲ့ပြီးနောက် ဝန်ကြီးချုပ် ရှိတ်ခ်ဟာဆီနာအနေဖြင့် ရာထူးမှနုတ်ထွက်၍ ရဟတ်ယာဉ်ဖြင့် နိုင်ငံအတွင်းမှ ထွက်ပြေးခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးချုပ် ရှိတ်ခ်ဟာဆီနာ ရာထူးမှနုတ်ထွက်၍ ထွက်ပြေးခဲ့ပြီးနောက် ကြားဖြတ်အစိုးရအဖွဲ့သစ်ဖွဲ့စည်းပေးမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် တပ်မတော်အကြီးအကဲ ဗိုလ်ချုပ်ကြီး ဝါကာအက်ဇ်ဇာပင်က ယနေ့တွင် ပြောကြားထားသည်။

အသက် ၇၆ နှစ်အရွယ် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ခ်ဟာဆီနာသည် ဇူလိုင်လအစောပိုင်းက စတင်ပေါ်ပေါက်ခဲ့သည့် အစိုးရအလုပ်အကိုင်ခွဲတမ်း သတ်မှတ်မှုစနစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲများကို ထိန်းချုပ်ရန် ကြိုးစားခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ခြင်းဖြစ်သည်။

ဩဂုတ် ၄ ရက်က ဖြစ်ပွားခဲ့သည့် အစိုးရဆန့်ကျင်ရေး ဆန္ဒပြသမားများနှင့် အစိုးရထောက်ခံသူများကြား ပဋိပက္ခကြောင့် လူဦးရေ ၁၀၀ နီးပါး သေဆုံးခဲ့ရပြီးနောက် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ခ်ဟာဆီနာ နိုင်ငံမှ ထွက်ပြေးခဲ့ရခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ် နိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သော အဆိုပါဆန္ဒပြပွဲများအတွင်း အနည်းဆုံး လူဦးရေ ၃၀၀ ထိ သေဆုံးခဲ့ရကြောင်းသိရသည်။

**Ref: RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## လကမ္ဘာပေါ်၌ ဇီဝသိုလှောင်ဘဏ်တစ်ခုထားရှိရန် အမေရိကန်သိပ္ပံပညာရှင်များ အဆိုပြုထား







**ဝါရှင်တန် ဩဂုတ် ၅**

ကမ္ဘာပေါ်ရှိ သက်ရှိတိရစ္ဆာန်အမျိုးမျိုးတို့၏ဆဲလ်များကို အအေးခံထိန်းသိမ်းထားရေးအတွက် လကမ္ဘာပေါ်၌ ဇီဝသိုလှောင်ဘဏ်တစ်ခုထားရှိရန် အမေရိကန် သိပ္ပံပညာရှင်များက အဆိုပြုထားကြောင်း ဩဂုတ် ၄ ရက် သတင်းများအရ သိရသည်။

ကမ္ဘာပေါ်ရှိ သက်ရှိတိရစ္ဆာန်များ ပျောက်ကွယ်သွားနိုင်သည့် ရာသီဥတုကပ်ဘေးများ ပေါ်ပေါက်လာချိန်တွင် အဆိုပါသက်ရှိများကို ပုံတူမျိုးပွားနည်းပညာဖြင့် ပြန်လည် ဖန်တီးရေးအတွက် လကမ္ဘာပေါ်တွင် ဇီဝသိုလှောင်ဘဏ်ထားရှိရန် အမေရိကန်သိပ္ပံပညာရှင်များက အဆိုပြုထားခြင်းဖြစ်သည်။

လကမ္ဘာပေါ်၌ ဇီဝသိုလှောင်ဘဏ်တည်ဆောက်ရေးမှာ ကမ္ဘာဂြိုဟ်ပေါ်တွင် တည်ဆောက်သည်ထက် ကုန်ကျစရိတ် ပိုများနိုင်သော်လည်း ပြုပြင်ထိန်းသိမ်းမှုစရိတ်သက်သာမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဇီဝသိုလှောင်ဘဏ်များကို လကမ္ဘာ၏ဝင်ရိုးစွန်းဒေသများ၌ ထားရှိသင့်သည်ဟု အမေရိကန် သိပ္ပံပညာရှင်များက အကြံပြုထားကြောင်း သိရသည်။

လကမ္ဘာ၏ဝင်ရိုးစွန်းဒေသများသည် နေရောင်ကျရောက်မှုလုံးဝမရှိခြင်းကြောင့် အမြဲတမ်းအေးခဲနေသော ဥက္ကာချိုင့်ဝှမ်းများတည်ရှိရာနေရာဖြစ်ကြောင်း သိရသည်။

လကမ္ဘာသည် ကမ္ဘာမြေနှင့် မိုင်ပေါင်း ၂၃၈၈၅၅ မိုင်အကွာတွင်ရှိရာ ကမ္ဘာဂြိုဟ်ပေါ်တွင် ပေါ်ပေါက်လာနိုင်သည့် ရာသီဥတုကပ်ဘေးများနှင့် ကင်းလွတ်မှုရှိကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## အိုမီဂါ-၃ ဖက်တီးအက်စစ်မြင့်မားသူများတွင် စိတ်ဖိအားဝင်ရောက်မှုဖြင့် ရင်ဆိုင်ရနိုင်ခြေနည်းပါး

**လန်ဒန် ဩဂုတ် ၅**

အိုမီဂါ-၃ ဖက်တီးအက်စစ်ကိုယ်ခန္ဓာတွင်း ပါဝင်မှုအဆင့်မြင့်မားသူများတွင် စိတ်ဖိအားဝင်ရောက်မှုဖြင့် ရင်ဆိုင်ရနိုင်ခြေပုံမှန်ထက်နည်းပါးကြောင်း သုတေသနပညာရှင်များက ဩဂုတ် ၄ ရက်တွင် ပြောကြားသည်။

အထူးသဖြင့် Eicosapentaenoic Acid ခေါ် အိုမီဂါ-၃ ဖက်တီးအက်စစ်တစ်မျိုး တည်ရှိမှုမြင့်မားပါက စိတ်ကျဝေဒနာဝင်ရောက်နိုင်ခြေ ပုံမှန်ထက်ပိုနည်းပါးကြောင်း သိရသည်။

အိုမီဂါ-၃ ဖက်တီးအက်စစ်များသည် ဦးနှောက်ကျန်းမာရေးအတွက် အရေးကြီးပြီး ရောင်ရမ်းမှုပြဿနာကိုလည်း လျှော့ချပေးနိုင်သည်ဟု ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် အိုမီဂါ-၃ ဖက်တီးအက်စစ်များသည် နှလုံးရောဂါကဲ့သို့ နာတာရှည်ရောဂါများဖြစ်နိုင်ခြေကိုလည်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

အိုမီဂါ-၃ ဖက်တီးအက်စစ်များသည် ငါးနှင့်ရေညှိကဲ့သို့ ရေနေသက်ရှိများ၏ အဆီဓာတ်များ၊ အစေ့အဆန်များ၏ အဆီအနှစ်များတွင် ပါဝင်တတ်သည်။

ဗြိတိန်သုတေသနပညာရှင်များသည် လူထောင်ပေါင်းများစွာပါဝင်သည့် နှိုင်းယှဉ်လေ့လာမှုများပြုလုပ်ခဲ့ပြီးနောက် အိုမီဂါ-၃ ဖက်တီးအက်စစ်၏အာနိသင်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ဥရောပအာကာသအေဂျင်စီ၏ ဂိုင်ယာဂြိုဟ်တုက နေ၏ပတ်လမ်းပေါ်မှာပင် တည်ရှိသည့် ရှေးဟောင်းကြယ်ကြီးများကို ရှာဖွေတွေ့ရှိထား

**ပဲရစ် ဩဂုတ် ၅**


ဥရောပအာကာသအေဂျင်စီ၏ ဂိုင်ယာဂြိုဟ်တုသည် နေ၏ပတ်လမ်းပေါ်မှာပင် တည်ရှိသည့် ရှေးဟောင်းကြယ်ကြီးများကို ရှာဖွေတွေ့ရှိထားကြောင်း ဩဂုတ် ၄ ရက် သတင်းများအရ သိရသည်။

အဆိုပါ ကြယ်ကြီးများသည် Big Bang မဟာပေါက်ကွဲမှုကြီးပြီးဆုံးပြီးနောက် နှစ်ပေါင်း တစ်ဘီလီယံမပြည့်မီ ပေါ်ထွက်လာသည့် ကြယ်ကြီးများဖြစ်ကြကြောင်း ဥရောပ အာကာသအေဂျင်စီမှ တာဝန်ရှိသူများက ပြောကြားသည်။

နဂါးငွေ့တန်းကြယ်စု၏ ချပ်ဝန်းအလွှာပါးပေါ်တွင် တည်ရှိနေသော အဆိုပါကြယ်ကြီးများ၏ သက်တမ်းသည် ယခင်မှတ်ယူထားသည်ထက် များစွာရှေးကျသည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

အဆိုပါရှေးဟောင်းကြယ်ကြီးများကို လေ့လာခြင်းဖြင့် နဂါးငွေ့တန်းကြယ်စု၏ ဆင့်ကဲဖြစ်စဉ်ကို လေ့လာရာတွင် အထောက်အကူပြုနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အထက်ပါ ကြယ်များအနက် အများစုမှာ သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၀ ဘီလီယံထိရှိပြီး အချို့ကြယ်များမှာ နှစ်ပေါင်း ၁၃ ဘီလီယံကျော်ထိ ရှိသည်။



အဆိုပါ ရှေးဟောင်းကြယ်ကြီးများသည် နေအဖွဲ့အစည်းနှင့် အလင်းနှစ် ၃၂၀၀ ခန့်အကွာတွင် တည်ရှိကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## အစာအိမ်အောင့်ခြင်း၊ ဝမ်းဖောဝမ်းရောင်ဖြစ်ခြင်း စသည့်ပြဿနာရှိသူများ ကင်ဆာရောဂါ စစ်ဆေးမှုများ ပုံမှန်ပြုလုပ်သင့်ဟုဆို

**လန်ဒန် ဩဂုတ် ၅**

အစာအိမ်အောင့်ခြင်း၊ ဝမ်းဖောဝမ်းရောင်ဖြစ်ခြင်း စသည့် ကျန်းမာရေးပြဿနာ ရှိနေသူများအနေဖြင့် ကင်ဆာရောဂါ စစ်ဆေးမှုများ ပုံမှန်ပြုလုပ်သင့်ကြောင်း သုတေသနပညာရှင်များက ဩဂုတ် ၄ ရက်တွင် ပြောကြားသည်။

ထို့ပြင် အစာအိမ်အောင့်ခြင်း၊ ဝမ်းဖောဝမ်းရောင်ဖြစ်ခြင်း စသည့် ပြဿနာရှိနေသူများကို ကင်ဆာရောဂါရှာဖွေစစ်ဆေးရာတွင် ပုံမှန်သွေးစစ်နည်းများဖြင့် ကူညီနိုင်သည်ဟု ဗြိတိန်နိုင်ငံ လန်ဒန်ဘုရင့်ကောလိပ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အစာအိမ်အောင့်မှုပြဿနာရှိသူ ဦးရေ ၅၀ လျှင် တစ်ဦးမှာ နောင် ၁၂ နှစ်အကြာတွင် ကင်ဆာရောဂါဖြစ်ပွားမှုကို စစ်ဆေးတွေ့ရှိရကြောင်း သိရသည်။

ထို့ပြင် ဝမ်းဖောဝမ်းရောင်ပြဿနာရှိသူ ဦးရေ ၅၀ လျှင် တစ်ဦးတွင်လည်း တစ်နှစ်အတွင်း ကင်ဆာရောဂါဖြစ်ပွားမှုကိုစစ်ဆေးတွေ့ရှိရကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် အထက်ပါပြဿနာ ရှိနေသူများအနေဖြင့် ပုံမှန်သွေးစစ်ဆေးမှုများပြုလုပ်ပေးပါက ကင်ဆာရောဂါဖြစ်ပွားမှုကို စောစောစီးစီး စစ်ဆေးတွေ့ရှိရေးအတွက် အထောက်အကူပြုနိုင်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အစာအိမ်အောင့်ခြင်း၊ ဝမ်းဖောဝမ်းရောင်ဖြစ်ခြင်း စသည့်ပြဿနာများရှိနေသော အသက် ၆၀ အထက် လူနာများမှာ ကင်ဆာရောဂါ လက္ခဏာများ ပေါ်ထွက်လာချိန်မှသာ ကင်ဆာရောဂါဖြစ်ပွားမှုကို စစ်ဆေးတွေ့ရှိရကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## Space-X ကုမ္ပဏီက ဆိုက်ဂနက်စ်အာကာသကုန်တင်ယာဉ်ကို လွှတ်တင်ခဲ့

**ဝါရှင်တန် ဩဂုတ် ၅**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်ကို ယနေ့တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။




ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်ကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၁၅ မိနစ်ခန့်အကြာတွင် ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်သည် ဖယ်လ်ကွန်-၉ ဒုံးပျံမှ အောင်မြင်စွာခွာထွက်၍ ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ ဝင်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်သည် ဩဂုတ် ၆ ရက်တွင် နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်နိုင်ဖွယ်ရှိကြောင်း သိရသည်။

ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းအတွက် စားနပ်ရိက္ခာနှင့် အခြားအထောက်အပံ့ပစ္စည်း စုစုပေါင်း အလေးချိန် ကီလိုဂရမ် ၃၇၂၀ သယ်ဆောင်ထားကြောင်း သိရသည်။

ဩဂုတ် ၅ ရက် မစ်ရှင်သည် နော့သ်ရော့ဂရူးမင်း ကုမ္ပဏီ၏ ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်များအတွက် ၂၁ ကြိမ်မြောက် နိုင်ငံတကာ အာကာသစခန်းမစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## နိုင်ငံတကာ အားကစားသတင်းများ

# ဂွီဒိုရိုဒရီဂွက်ဇ်ကို နှစ်နှစ်စာချုပ်ဖြင့် ဝက်စ်ဟမ်းအသင်းခေါ်ယူ

**လန်ဒန် ဩဂုတ် ၅**

ဝက်စ်ဟမ်းအသင်းသည် ကွင်းလယ်ပိုင်း လိုအပ်ချက်အတွက် ဘက်တစ်အသင်း ကွင်းလယ်ခံစစ်ကစားသမား ဂွီဒိုရိုဒရီဂွက်ဇ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူကာ နှစ်နှစ်စာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

နည်းပြလိုပက်တီဂူသည် ယခုအပြောင်းအရွှေ့ကာလတွင် ကစားသမားအမြောက်အမြား ခေါ်ယူဖြည့်ဆည်းလျက်ရှိပြီး ယခုအခါ ကွင်းလယ်ခံစစ်ကစားသမား ဂွီဒိုရိုဒရီဂွက်ဇ်ကို ထပ်မံခေါ်ယူနိုင်ခဲ့သဖြင့် ငါးယောက်မြောက် ကစားသမားခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဝက်စ်ဟမ်း အသင်းသည် ကွင်းလယ်ခံစစ်ပိုင်းမှ ဒီကလန်ရိုက် ထွက်ခွာသွားပြီးနောက် ၎င်းနေရာတွင် ကစားသမားဖြည့်တင်းနိုင်ခြင်းမရှိသည့်အတွက် ပြီးခဲ့သည့်ဘောလုံးရာသီက ခံစစ်ပိုင်းပေးဂိုးများခဲ့ပြီး ပရီးမီးယားလိဂ်တွင် စတုတ္ထမြောက် ခံစစ်ပိုင်းပေးဂိုးအများဆုံးအသင်း ဖြစ်ခဲ့သောကြောင့် နည်းပြသစ် လိုပက်တီဂူက ကွင်းလယ်ခံစစ်ကစားသမား ဂွီဒိုရိုဒရီဂွက်ဇ်ကိုခေါ်ယူ၍ ၂၀၂၆ ခုနှစ်ထိ စာချုပ်သစ်ချုပ်ဆိုခဲ့သည်။

အသက် ၃၀ ရှိ ဂွီဒိုရိုဒရီဂွက်ဇ်သည် ဒီကလန်ရိုက်နှင့် ကစားပုံမတူညီသော်လည်း ခံစစ်ကြောင်းအရှေ့မှနေ၍ ပြိုင်ဘက်တိုက်စစ်ကို တားဆီးနိုင်သည့်အတွက် ကွင်းလယ်မှ ဝက်ပရောက်စ်နှင့် ဆူစက်တို့အနေဖြင့် တိုက်စစ်သို့ လိုက်ပါကစားနိုင်သောကြောင့် အသင်းကစားကွက်ပိုင်းကို တိုးတက်အောင် စွမ်းဆောင်နိုင်မည် ဖြစ်ကြောင်း သိရသည်။

ဝက်စ်ဟမ်း အသင်းသည် ကွင်းလယ်ခံစစ်ပိုင်းတွင် အက်ဆွန်အယ်ဗာရက်ဇ်ကို အသုံးပြုနေသော်လည်း ၎င်းအနေဖြင့် ပေါင်ကြွက်သား ဒဏ်ရာကြောင့် ကာလရှည် အနားယူနေရသည့်အတွက် ဂွီဒိုရိုဒရီဂွက်ဇ်ကို ခေါ်ယူခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ဒေ့ါမွန်အသင်းတိုက်စစ်မှူး ဖူးလ်ခရက်၊ ဆမ်မာဗီလီ၊ ဂီဟာမီ၊ မက်ကေးလ်မန်းတို့ကို ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**




## အားကစားသတင်းအတိုအထွာများ

- ဗီလာရီးရဲလ်အသင်းက အာဆင်နယ်အသင်း တောင်ပံကစားသမား နီကိုလပ်ပီပီကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ပြီး နှစ်နှစ်စာချုပ် ချုပ်ဆိုခဲ့သည်။
- ဂါလာတာစာရေးအသင်းက နော့ဝှစ်အသင်း ကွင်းလယ်ခံစစ်ကစားသမား ဆာရာကို ပြောင်းရွှေ့ကြေး ယူရို ၁၈ သန်းဖြင့် ခေါ်ယူ၍ ငါးနှစ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။
- ကွင်းလယ်ခံစစ်ပိုင်းတွင် လူငယ်ကစားသမား ကာဆာဒို၊ ဘာနယ်တို့ရှိသည့်အတွက် အယ်အီသီဟတ်အသင်းမှ ကန်တီကို ခေါ်ယူမည်မဟုတ်ကြောင်း ဘာစီလိုနာအသင်းနည်းပြ ဖလစ်က ထုတ်ဖော်ပြောကြားခဲ့သည်။
- နယူးကာဆယ်အသင်းသည် ရှက်ဖီး(U)အသင်းမှ အသက် ၂၁ နှစ်ရှိ တိုက်စစ်မှူး အိုဆူလာကို အပိုဆုကြေး စတာလင်ပေါင်ငါးသန်းအပါအဝင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၅ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

**ML**

# ပင်ယင်နုအသင်းက ပီအက်စ်ဗွီအသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိကာ ငါးကြိမ်မြောက် နယ်သာလန်စူပါဖလားဆွတ်ခူးနိုင်ခဲ့




**အမ်စတာဒမ် ဩဂုတ် ၅**

နယ်သာလန် ဘောလုံးရာသီအဖွင့်ပွဲအဖြစ် စူပါဖလားပြိုင်ပွဲတွင် အမှတ်ပေးချန်ပီယံ ပီအက်စ်ဗွီအသင်းနှင့် KNVB ဖလားချန်ပီယံ ဖီရင်နုအသင်းတို့ ကစားခဲ့ရာ ဖီရင်နုအသင်းက ပင်နယ်တီအဆုံးအဖြတ်တွင် လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်သည် တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ်ရှိခဲ့ပြီး ပီအက်စ်ဗွီအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာ ကစားနိုင်ခဲ့သဖြင့် ပွဲအစ ကိုးမိနစ်တွင် နိုအာလန်းက ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ဖီရင်နုအသင်းက ချေပဂိုးရရှိရေး ဖိအားပေးလာခဲ့ရာ ပွဲချိန် ၂၉ မိနစ်တွင် ဂျီမီနက်ဇ်နှင့် ပွဲချိန် ၃၃ မိနစ်တွင် ဘာ့တ်တို့က ချေပဂိုးနှင့် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းတွင် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဒုတိယပိုင်းတွင် ကစားအားမြှင့်တင်လာသည့် ပီအက်စ်ဗွီအသင်းက ပွဲချိန် ၄၈ မိနစ်တွင် လုခ်ဒီဂျောင်း၏ သွင်းဂိုးဖြင့် ချေပဂိုးပြန်လည်ရရှိခဲ့သဖြင့် အပြန်အလှန် တိုက်စစ်ဆင်မှုများရှိခဲ့ပြီး ဖီရင်နုအသင်း၏ တန်ပြန်တိုက်စစ်ကို ထိန်းချုပ်နိုင်ခြင်းမရှိသဖြင့် ပွဲချိန် ၅၄ မိနစ်တွင် ပီအက်စ်ဗွီအသင်းက ပင်နယ်တီမှတစ်ဆင့် ဦးဆောင်ဂိုး ထပ်မံခွင့်ပြုခဲ့ရပြီးနောက် လူစားလဲမှုများ ပြုလုပ်၍ ဂိုးရရှိရေး ထပ်မံကြိုးပမ်းခဲ့ရာ ပွဲချိန် ၆၅ မိနစ်တွင် ပီအက်စ်ဗွီအသင်း ချေပဂိုးပြန်လည်သွင်းယူသဖြင့် သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ပွဲချိန် ၇၂ မိနစ်တွင် ဖီရင်နုအသင်းက ဦးဆောင်ဂိုး ထပ်မံသွင်းယူခဲ့သော်လည်း ပွဲချိန် မိနစ် ၈၀ တွင် ပီအက်စ်ဗွီအသင်းက ချေပဂိုး ပြန်လည်ရရှိခဲ့သဖြင့် လေးဂိုးစီ သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သောကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရသည်။

ပင်နယ်တီတွင် ပီအက်စ်ဗွီအသင်းက စတင်ကန်သွင်းခွင့်ရခဲ့ကာ လေးကြိမ်ကန်သွင်းရာတွင် နှစ်ကြိမ်လွဲချော်ခဲ့ပြီး ဖီရင်နုအသင်းက လေးကြိမ်တွင် လေးကြိမ်စလုံး ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သောကြောင့် လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ငါးကြိမ်မြောက် စူပါဖလားကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : ML**

# ဂျိုနသန်တာ့ဟ်နေရာတွင် ဂျိုးမာတစ်နှင့်အစားထိုးရန် နည်းပြအလွန်ဆို ကြိုးပမ်း

**ဘာလင် ဩဂုတ် ၅**

လေဗာကူဆင်အသင်း နည်းပြအလွန်ဆိုသည် ခံစစ်ပိုင်းမှ ဂျိုနသန်တာ့ဟ်ကို ဆက်လက်ထိန်းသိမ်းရန် မဖြစ်နိုင်တော့သည့်အတွက် ၎င်းနေရာတွင်အစားထိုးရန်အတွက် လီဗာပူးအသင်းမှ ခံစစ်ကစားသမား ဂျိုးမာတစ်ကို ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။

ခံစစ်ကစားသမား ဂျိုးမာတစ်သည် အသင်းမှ နည်းပြကလော့ပ် ထွက်ခွာသွားပြီးနောက် အသင်းတာဝန်ရှိသူများက ၎င်းကို စာချုပ်သစ်ချုပ်ဆိုခဲ့ခြင်းမရှိသဖြင့် အလွတ်ပြောင်းရွှေ့ခွင့်ဖြင့် ထွက်ခွာခဲ့သဖြင့် နည်းပြအလွန်ဆိုက ခံစစ်ပိုင်း အတွေ့အကြုံကောင်းများရှိသည့် အသက် ၃၂ နှစ်ရှိ ဂျိုးမာတစ်ကိုခေါ်ယူရန် ဆုံးဖြတ်ခဲ့ပြီး ၎င်းအနေဖြင့် ဘွန်ဒက်လီဂါချန်ပီယံဆုကို ကာကွယ်ရာတွင် ကူညီပေးနိုင်မည်ဟု ယုံကြည်နေကြောင်း သိရသည်။

ဂျိုးမာတစ်သည် ၂၀၁၆ ခုနှစ်က ရှော်လ်ကေးအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး အသင်းနှင့် ပြိုင်ပွဲစုံ ၂၀၀ ပွဲ ပါဝင်ခဲ့ရာတွင် သွင်းဂိုး ၁၁ ဂိုးထိ သွင်းယူ၍ ဆုဖလားအောင်မြင်မှုများ ရရှိခဲ့သူဖြစ်ကာ ပြီးခဲ့သည့်ဘောလုံးရာသီက ၂၀၂၃ ခုနှစ် ဒီဇင်ဘာလကရရှိခဲ့သည့် ဒဏ်ရာပြဿနာကြောင့် ဒုတိယရာသီဝက်ပွဲစဉ်များကို လွဲချော်ခဲ့ရသော်လည်း အမှတ်ပေးပြိုင်ပွဲတွင် ကိုးပွဲထိ ပါဝင် ကစားပေးနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ခံစစ်ကစားသမား ဂျိုနသန်တာ့ဟ်သည် လေဗာကူဆင်အသင်းနှင့် ရာသီအကြိုခြေစမ်းပွဲစဉ်တွင် ပါဝင်ပူးပေါင်းနေသော်လည်း နည်းပြကွန်ပနီက ခေါ်ယူရန် အစွမ်းကုန်ကြိုးပမ်းနေသောကြောင့် လေဗာကူဆင်အသင်း တာဝန်ရှိသူများက ဂျိုးမာတစ်နှင့် ဆွေးနွေးမှုပြုလုပ်ရန် ပြင်ဆင်ခဲ့ပြီး ကစားသမားနှင့် သဘောတူညီမှု ရယူသွားမည်ဖြစ်ကြောင်း သိရသည်။

လေဗာကူဆင် အသင်းသည် လက်ရှိ အပြောင်းအရွှေ့တွင် အဓိက ကစားသမားများကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး ရင်းနက်ခံစစ်ကစားသမား ဘာလိုစီယာ၊ တိုက်စစ်မှူး တာရီယာ၊ ဘာစီလိုနာမှ နာတာလီ၊ ဂျီရိုနာမှ အဲလက်စ်ဂါစီယာတို့ကို ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**

# အိုလံပစ်ရွှေတံဆိပ်ဆုကို ဂျိုကိုဗစ် ပထမဆုံးအကြိမ် ဆွတ်ခူးရရှိ

**ပဲရစ် ဩဂုတ် ၅**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပလျက်ရှိသည့် အိုလံပစ်အားကစားပွဲတော်၏ အမျိုးသား တစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၇-၆၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ အိုလံပစ်ရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် တင်းနစ်ကစားသမားဘဝတွင် ကျင်လည်လာသည်မှာ နှစ်ပေါင်း ၂၀ ကျော်ရှိပြီဖြစ်ကာ လေးနှစ်တစ်ကြိမ်ကျင်းပသည့် အိုလံပစ်အားကစားပွဲတော်တိုင်းတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အိုလံပစ်ရွှေတံဆိပ်ဆုနှင့် လွဲချော်ခဲ့ရသော်လည်း ယနေ့တွင် နှစ်ပေါင်း ၂၀ ကျော်စောင့်ဆိုင်းခဲ့ရသည့် အိုလံပစ်ရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

အသက် ၂၁ နှစ်အရွယ် အယ်ကာရက်ဇ်အနေဖြင့် ကစားသမားဘဝ၏ ပထမဦးဆုံးသောအိုလံပစ်ရွှေတံဆိပ်ဆုအား ဆွတ်ခူးနိုင်ရေးအတွက် အကောင်းဆုံးကြိုးစားခဲ့သော်လည်း အတွေ့အကြုံရင့်သည့် ဂျိုကိုဗစ်က ပွဲကိုအကောင်းဆုံးထိန်းချုပ်ကစားကာ လိုအပ်သည့် အနိုင်ရလဒ်ကို ရယူသွားနိုင်ခဲ့ခြင်းဖြစ်သည်။



အဆိုပါ ဗိုလ်လုပွဲတွင် ပွဲငယ်နှစ်ပွဲစလုံး အကြိတ်အနယ်ရှိခဲ့ပြီး နှစ်ပွဲစလုံး tie-break အဆင့်ထိ ကစားခဲ့ရကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# အိုလံပစ်အားကစားပွဲတော် အမျိုးသား၊ အမျိုးသမီး လေးယောက်တွဲ စက်ဘီးစီး၊ ရေကူး၊ အပြေးပြိုင်ပွဲ (Triathlon)တွင် ဂျာမနီအသင်း ရွှေတံဆိပ်ဆွတ်ခူး



**ပဲရစ် ဩဂုတ် ၅**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပလျက်ရှိသည့် အမျိုးသား၊ အမျိုးသမီး လေးယောက်တွဲ စက်ဘီးစီး၊ ရေကူး၊ အပြေးပြိုင်ပွဲ (Triathlon) တွင် ဂျာမနီအသင်းက အမေရိကန်အသင်းနှင့် ဗြိတိန်အသင်းတို့ကို ကျော်ဖြတ်ကာ ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဗြိတိန်အသင်းက ငွေတံဆိပ်ဆုကိုဆွတ်ခူးရရှိခဲ့ပြီး အမေရိကန်အသင်းက ကြေးတံဆိပ်ဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

ပြိုင်ပွဲစည်းမျဉ်းအရ အသင်းတစ်သင်းလျှင် အမျိုးသားနှစ်ဦး အမျိုးသမီးနှစ်ဦးပါဝင်ပြီး အသင်းသားအားလုံးသည် မီတာ ၃၀၀ ရေကူးပြိုင်ပွဲ၊ ၇ ကီလိုမီတာ စက်ဘီးစီးပြိုင်ပွဲနှင့် ၁ ဒသမ ၈ ကီလိုမီတာ အပြေးပြိုင်ပွဲ သုံးမျိုးစလုံးကို ယှဉ်ပြိုင်ရခြင်းဖြစ်သည်။

Triathlon အားကစားနည်းသည် ခက်ခဲသည့်ပြိုင်ပွဲဖြစ်သလို အခြားသောအားကစားများထက် ကြံ့ခိုင်မှုပြည့်ဝရန် လိုအပ်သည့်အတွက် ပြေးခုန်ပစ်အားကစားပွဲတော်တွင် အပင်ပန်းဆုံးသော ပြိုင်ပွဲတစ်ရပ်အဖြစ် သတ်မှတ်ခြင်းခံထားရသကဲ့သို့ သုံးမျိုးပေါင်း အားကစားနည်း ဖြစ်သည့်အတွက်ကြောင့်လည်း ပရိသတ်များ၏ စိတ်ဝင်စားမှုကို ပိုမိုရရှိထားသည့် အားကစားနည်းတစ်ခု ဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# နေရှင်နယ်လိဂ်-၂ ပွဲစဉ်(၃)တွင် ချင်းလန်းအသင်းနှင့် University အသင်းတို့ နိုင်ပွဲရရှိ

**ရန်ကုန် ဩဂုတ် ၅**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၃) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ယှဉ်ပြိုင်ကစားခဲ့ရာ ချင်းလန်းအသင်းနှင့် University အသင်းတို့ နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်-၂ပြိုင်ပွဲ ပွဲစဉ်(၃)အဖြစ် ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်းတွင် ကချင်ယူနိုက်တက်အသင်းနှင့် ချင်းလန်းအသင်းတို့ ကစားခဲ့ရာ ခြေစွမ်းပိုင်းကွာခြားမှု မရှိခဲ့ဘဲ အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ချင်းလန်းအသင်းက ပွဲချိန် မိနစ် ၃၀ တွင် သွင်းယူခဲ့သည့် လှဖုန်းဦး၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ တက္ကသိုလ်အားကစားကွင်းတွင် University အသင်းနှင့် ရောဝတီ ရိန်းဂျားအသင်းတို့ ကစားခဲ့ရာ University အသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ရှစ်ဂိုး နှစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကာ University အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် သုံးမိနစ်တွင် ခွန်သန်းဦး၊ ပွဲချိန် ခြောက်မိနစ်၊ ၃၃ မိနစ်နှင့် ၅၉ မိနစ်တွင် ဇော်ဇော်ထိုက်၊ ပွဲချိန် ၁၅ မိနစ်တွင် သန်းမြတ်စိုး၊ ပွဲချိန် ၄၃ မိနစ်တွင် ရောဝတီရိန်းဂျားအသင်းမှ သန်းထွန်းဇော်က ကိုယ့်ဂိုးကိုယ် သွင်းယူခဲ့ပြီး ပွဲချိန် ၆၄ မိနစ်တွင် ထက်ဝေယံ၊ ပွဲချိန် ၈၈ မိနစ်တွင် အောင်မြင့်မြတ်၊ ရောဝတီရိန်းဂျားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၈ မိနစ်တွင် ဇေယျာဖြိုး၊ ပွဲချိန် ၁၉ မိနစ်တွင် ကျော်ထက်တို့က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

**STA**

# အိုလံပစ်အမျိုးသားတစ်ဦးချင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ကစားသမား စကော့တီရှက်ဖလာ ရွှေတံဆိပ်ဆုရရှိ



**ပဲရစ် ဩဂုတ် ၅**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပလျက်ရှိသည့် အိုလံပစ်အားကစားပွဲတော်၏ အမျိုးသားတစ်ဦးချင်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်လျော့ရိုက်ကာ ရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အင်္ဂလန်ဂေါက်သီးရိုက် ကစားသမား ဖလက်ဝုဒ်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျော့ရိုက်ကာ ငွေတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့ကာ ဂျပန်ဂေါက်သီးရိုက်ကစားသမား မက်ဆူယာမာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်လျော့ရိုက်ကာ ကြေးတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့သည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် စကော့တီရှက်ဖလာသည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ပထမဆုံးသော အိုလံပစ်ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် ဆုလက်ခံရယူစဉ်တွင် ငိုကြွေးခဲ့ပြီး အမေရိကန်ကိုယ်စားပြုအနေဖြင့် အိုလံပစ်ရွှေတံဆိပ်ဆုအား ဆွတ်ခူးနိုင်ခဲ့ခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်သည့် ၎င်း၏ခံစားချက်ကို ထုတ်ဖော်ပြသခဲ့သည်။

စကော့တီရှက်ဖလာ သည် ၂၀၂၄ ခုနှစ် ဂေါက်သီးရိုက်ရာသီတွင် PGA Tour ၌ ဆုဖလား ခြောက်လုံးထိ ဆွတ်ခူးရရှိထားပြီး ဂေါက်သီးရိုက်လောကတွင် တစ်နှစ်အတွင်း ဆုဖလားအများဆုံးဆွတ်ခူးရရှိထားသည့် ကစားသမားအဖြစ် ရပ်တည်ခွင့်ရရှိသကဲ့သို့ အိုလံပစ်ရွှေတံဆိပ်ဆုကိုပါ ဆွတ်ခူးရရှိခဲ့ခြင်းကြောင့် ၂၀၂၄ ခုနှစ် တစ်နှစ်တာအကောင်းဆုံး ဂေါက်သီးရိုက်ကစားသမားဆုကို ဆွတ်ခူးနိုင်ရန်လည်း သေချာလျက်ရှိနေကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၅)တွင် ရောဝတီယူနိုက်တက်အသင်း အနိုင်ရရှိ

**ရန်ကုန် ဩဂုတ် ၅**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၅)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့် ရောဝတီယူနိုက်တက် အသင်းတို့ ကစားခဲ့ရာ ရောဝတီယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရောဝတီယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး သစ္စာအားမာန်အသင်းအနေဖြင့် ခက်ခက်ခဲခဲ ထိန်းချုပ်ခဲ့ရကာ ပွဲချိန် ၁၈ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် အောင်ပြည့်ဖြိုးက ရောဝတီယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် ရောဝတီယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် သစ္စာအားမာန်အသင်းက ချေပဂိုးအတွက် ပြန်လည်ဖိအားပေး ကစားခဲ့မှုကြောင့် ပိုမိုအကြိတ်အနယ်ရှိခဲ့ပြီး နှစ်သင်းစလုံး ဂိုးသွင်းခွင့် အခွင့်အရေးများ ရရှိခဲ့ကြသော်လည်း အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် အောင်ပြည့်ဖြိုး၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် ရောဝတီယူနိုက်တက်အသင်းက အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**STA**



# AYA Pay Futsal Championship 2024 ပြိုင်ပွဲ ဆုကြေးငွေများထုတ်ပြန် စုစုပေါင်းဆုကြေးငွေ ၁၇၆ သိန်း အသုံးပြုမည်ဟုဆို

**ရန်ကုန် ဩဂုတ် ၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပမည့် AYA Pay Futsal Championship 2024 ပြိုင်ပွဲအတွက် ဆုကြေးငွေများကို ထုတ်ပြန်ခဲ့ရာ ပထမဆု ငွေကျပ် ၇၅ သိန်း ချီးမြှင့်မည်ဖြစ်ပြီး စုစုပေါင်း ဆုကြေးငွေကျပ် ၁၇၆ သိန်းထိ အသုံးပြုသွားမည် ဖြစ်ကြောင်း သိရသည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲကို မြန်မာဖူဆယ်လိဂ်-၁ ပြိုင်ပွဲမှ ကလပ်အသင်း ကိုးသင်း၊ မြန်မာဖူဆယ်လိဂ်-၂ ပြိုင်ပွဲမှ ကလပ်အသင်း ၁၀ သင်း၊ Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲမှ ၁၁ သင်း၊ မန္တလာလိဂ်ပြိုင်ပွဲမှ ကလပ်အသင်း နှစ်သင်း စုစုပေါင်း ၃၂ သင်းဖြင့် လာမည့် ဩဂုတ် ၂၄ ရက်မှ စတင်ပြီး စက်တင်ဘာ ၁၁ ရက်ထိ ရန်ကုန်မြို့ MFF Futsal Stadium တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ကစားသမားကို ၁၄ ယောက်မှ ၁၆ ယောက်ထိ ဖွဲ့စည်းနိုင်မည်ဖြစ်ပြီး အသင်းတစ်သင်းတွင် အနည်းဆုံး ဂိုးသမားနှစ်ဦး ပါရှိရမည်ဖြစ်ကာ ပြိုင်ပွဲဝင်ကြေးအဖြစ် အသင်းတစ်သင်းလျှင် ငွေကျပ် ၃၀၀၀၀၀၊ အာမခံကြေးအဖြစ် ငွေကျပ် ၂၀၀၀၀၀ ပေးသွင်းရမည်ဖြစ်သည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲတွင် ဆုကြေးငွေများအဖြစ် ပထမဆု ငွေကျပ် ၇၅ သိန်း၊ ဒုတိယဆု ငွေကျပ် သိန်း ၅၀၊ တတိယဆု ငွေကျပ် ၂၅ သိန်းနှင့် စတုတ္ထဆု ငွေကျပ် ၁၅ သိန်း ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး တစ်ဦးချင်းဆုကြေးငွေများအဖြစ် ပြိုင်ပွဲတစ်လျှောက်အကောင်းဆုံး ကစားသမားဆုကို ငွေကျပ် ငါးသိန်း၊ အကောင်းဆုံးဂိုးသမားဆုကို ငွေကျပ် သုံးသိန်းနှင့် အသန့်ရှင်းဆုံးဆုကို ငွေကျပ် သုံးသိန်း ချီးမြှင့်ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။ **STA**

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# တီဘီရောဂါအဆုံးသတ်နိုင်ရေး စစ်ပွဲများ၏ကန့်သတ်ချက်

ကမ္ဘာပေါ်တွင် ရက်သတ္တပတ်လျှင် လူဦးရေ ၂၅၀၀၀ ခန့် တီဘီရောဂါကြောင့် သေဆုံးနေကြရသည်။ အမှန်တကယ် တီဘီရောဂါသည် လုံးဝပျောက်ကင်းသွားအောင်ကုသနိုင်သည့် ကူးစက်ရောဂါတစ်ခုဖြစ်ပါသည်။ သို့သော် တီဘီရောဂါကြောင့် သေဆုံးမှုများ လျှော့ချနိုင်ရေးသည် စိန်ခေါ်မှုများရှိနေသည်။ ရောဂါစစ်ဆေးခြင်းနှင့် ကုသခြင်းလုပ်ငန်းများသည် ကန့်သတ်ချက်များရှိနေသဖြင့် ယနေ့ကမ္ဘာပေါ်မှ တီဘီလူနာများ၏ ၄၀ရာခိုင်နှုန်းသည် မိမိတွင် တီဘီရောဂါဖြစ်ပွားနေမှန်းမသိဘဲ ဖြစ်နေကြရသည်။ ရောဂါရှိမှန်းမသိသဖြင့် ကုသခွင့်မရကြပေ။ ကုသခွင့်မရကြသဖြင့် အခြားသူများထံ ထပ်မံကူးစက်သွားစေသည်။ ဤသည်တို့ကြောင့် တီဘီရောဂါ အမြစ်ပြတ်နိုင်ရေး အိပ်မက်သည် ပျက်ပြားသွားရသည်။

တစ်ပူပေါ် နှစ်ပူဆင့်ဆိုသကဲ့သို့ ကိုဗစ်-၁၉ ရောဂါကာလအတွင်း တီဘီရောဂါထိန်းချုပ်ကုသရေးလုပ်ငန်းများသည် များစွာထိခိုက်နှောင့်နှေးသွားရသည်။ ဝမ်းသာရမည့်သတင်းကောင်းက တီဘီရောဂါ ကာကွယ်ဆေး(Vaccines)များ ထုတ်လုပ်နိုင်ရန် ရင်းနှီးမြှုပ်နှံနေကြသည့်သတင်းနှင့် Vaccinesသုတေသနများ၏ရလဒ်ကောင်းများ ထွက်ပေါ်လာခြင်းဖြစ်သည်။ ဆေးယဉ်ပါးတီဘီပိုးကို လွယ်ကူလျင်မြန်စွာ ရှာဖွေဖော်ထုတ်နိုင်သည့်နည်းလမ်းများ ပေါ်ထွက်လာခြင်းနှင့် ပိုမိုကောင်းမွန်သည့် ဆေးယဉ်ပါးတီဘီကုသဆေးအတွဲများ ဖော်ထုတ်လာနိုင်ခြင်း စသည့်သတင်းကောင်းများလည်းရှိသည်။ ၂၀၂၄ ခုနှစ် မတ်၂၄ ရက် ကမ္ဘာ့ တီဘီရောဂါနေ့ဆောင်ပုဒ်သည် "ဟုတ်တယ်။ ငါတို့ တီဘီကိုအဆုံးသတ်နိုင်ရမယ်" (Yes! We can end TB) ဖြစ်ပါသည်။

တီဘီရောဂါများကုသရာတွင် ငုပ်လျှိုးတီဘီနှင့် လတ်တလောဖြစ်ပွားနေသည့်တီဘီ ဟူသည့် အဓိပ္ပာယ်သတ်မှတ်ချက် နှစ်မျိုးရှိပါသည်။ ငုပ်လျှိုးတီဘီနှင့်ပတ်သက်၍ ကုသသင့်၊ မကုသသင့် အငြင်းပွားမှုများလည်းရှိခဲ့သည်။ မကြာမီက စောစီးဖြစ်ခါစ တီဘီအမည်ဖြင့် အဓိပ္ပာယ်သတ်မှတ်ချက်တစ်ခုထွက်လာသည်။ ပြည့်ပြည့်စုံစုံသတ်မှတ်နိုင်ရန် ဆွေးနွေးကြဆဲဖြစ်ပါသည်။ သလိပ်ထဲတွင် တီဘီပိုးမတွေ့သော်လည်းအဆုတ်ဓာတ်မှန်တွင် တီဘီလက္ခဏာများ တွေ့နေခြင်းလည်းရှိမည်။ လူက ပုံမှန်အတိုင်း နေကောင်းနေသော်လည်း ဓာတ်မှန်ထဲတွင် တီဘီအဆုတ်နာဒဏ်ရာဟောင်းများ ပွထနေတာမျိုးလည်းရှိတတ်သည်။ မည်သည့်အခြေအနေမျိုးတွင် မည်သို့သောလူနာကို တီဘီကုသဆေးများပေးရမလဲဆိုသည့် ကုသမှုဆုံးဖြတ်ချက်များမှာ လိပ်ခဲတည်းလည်းဖြစ်နေရခြင်းမျိုးလည်း ရှိတတ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ တီဘီရောဂါ ကာကွယ်ဆေး(Vaccines)များကို လိုင်စင်ထုတ်ပေးနိုင်ရန် ကူညီဆောင်ရွက်ပေးနေသည်။ အဆင့်(၃) ဆေး လက်တွေ့သုတေသနအခြေအနေထိ ရောက်ရှိစမ်းသပ်နေကြသည့် တီဘီကာကွယ်ထိုးဆေး ငါးမျိုးရှိနေသည်။ M 72/ASO1E အမည်ရသည့် စမ်းသပ်ဆေးသည် လတ်တလော ရှေ့ဆုံးကပြေးနေသည်။ အာဖရိကနှင့် အရှေ့တောင်အာရှနိုင်ငံများမှ တီဘီရောဂါနှင့်ထိတွေ့ခံရဖူးသော အရွယ်ရောက်ပြီးသူများမှာ တီဘီရောဂါဖြစ်ပွားသွားခြင်းမရှိစေရန် ကာကွယ်ဆေးများထိုး၍ စမ်းသပ်နေကြခြင်းဖြစ်ပါသည်။ ၂၀၂၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် အဆိုပါသုတေသနပြီးဆုံး၍ အဖြေထွက်လာမည်။ WHO အနေဖြင့် ၎င်းတီဘီရောဂါ ကာကွယ်ထိုးဆေးသစ်ကို ၂၀၂၇ ခုနှစ်တွင် ထိုးနှံခွင့်လိုင်စင်ရရှိနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

၂၀၂၄ ခုနှစ် ကုလသမဂ္ဂမှကြီးမှူးသော နိုင်ငံစုံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပစဉ် ၂၀၂၃ ခုနှစ်ကချမှတ်ခဲ့သည့် တီဘီရောဂါနှင့်ပတ်သက်သည့် အစည်းအဝေးဆုံးဖြတ်ချက်များ ပြီးစီးမှုကို ပြန်လည်သုံးသပ်ကြပြီး တိုးတက်မှုများကို စစ်ကြောခဲ့ကြသည်။ ထိုဆုံးဖြတ်ချက်များတွင်၂၀၂၇ ခုနှစ်အမီ တီဘီရောဂါကာကွယ်ကုသမှုများကို ၉၀ ရာခိုင်နှုန်း ပြီးပြည့်စုံအောင် ရရှိစေရမည်ဟူသည့် အချက်တစ်ချက်ပါသည်။ စောစီးဖြစ်ခါစတီဘီ၏ အဓိပ္ပာယ်သတ်မှတ်ချက်ထွက်လာသည့်အခါ မည်သူ့ကို တီဘီမဖြစ်စေရန် ကြိုတင်ကုသရမည်ဟူသည့် ညွှန်ကြားချက်လည်းပါဝင်လာမည်။

၂၀၀၀ ပြည့်နှစ်မှစ၍ ယနေ့အချိန်ထိ ကမ္ဘာတစ်လွှားတွင် တီဘီရောဂါကြောင့်သေဆုံးမည့် လူဦးရေ ၇၅ သန်း၏အသက်များကို ကာကွယ်နိုင်ခဲ့သည်။ သို့သော် ထပ်မံကြိုးစားရန် လိုအပ်နေသည်။ Global Fund အဖွဲ့တွင် ရင်းနှီးထည့်ဝင်ထားသည့် ဗြိတိန်နိုင်ငံသည် ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ်ထိ လူဦးရေတစ်သန်းကို တီဘီရောဂါကုသနိုင်ရေးနှင့် လူဦးရေသန်း၂၀ ကို တီဘီရောဂါရှိမရှိ စစ်ဆေးပေးနိုင်ရေးအတွက် စတာလင်ပေါင် တစ်ဘီလီယံလှူဒါန်းမည်ဟု ကတိကဝတ်ပြုခဲ့သည်။ ဝင်ငွေနိမ့်နှင့်အလတ်စားနိုင်ငံများတွင် ၂၀၁၈ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀၂၂ ခုနှစ်အတွင်း တီဘီတိုက်ဖျက်ရေးရန်ပုံငွေရရှိမှုသည် အမေရိကန်ဒေါ်လာတစ်ဘီလီယံ လျော့နည်းရရှိခဲ့ကြသည်။ ကုလသမဂ္ဂအစည်းအဝေးကြီးတွင် နိုင်ငံအစိုးရများက ၂၀၂၇ ခုနှစ်ထိ တီဘီရောဂါထိန်းချုပ်ရေးအတွက် အမေရိကန်ဒေါ်လာ ၂၂ ဘီလီယံထိ ထည့်ဝင်ကြပါမည်ဟု ကတိပေးခဲ့ကြသည်။ သို့သော် ၂၀၂၂ ခုနှစ်ရောက်သည့်အခါ အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံထိ ထည့်ဝင်ထားကြပါမည်ဟု ၂၀၁၈ ခုနှစ်ကပေးခဲ့သည့်ကတိကို မတည်နိုင်ကြဘဲ ခုနစ်ဘီလီယံထိသာ ထည့်ဝင်နိုင်ကြပါသေးသည်။

ယခင်က တီဘီပိုးရှာဖွေရန် သလိပ်နမူနာယူပြီး မိုက်ကရိုစကုပ်အောက်တွင် ကြည့်ရသည်။ ပိုမိုသေချာစေရန် အချိန် ရက်သတ္တနှစ်ပတ်ခန့်ကြာသည်ထိ တီဘီပိုးကိုမွေးထားရသည်။ ယခု GeneXpert အမည်ရသည့် အဆင့်မြင့်တီဘီရောဂါပိုးရှာဖွေရေးနည်းစနစ် ပေါ်ပေါက်လာပြီးနောက် အချိန်တစ်နာရီခန့်အတွင်း တီဘီရောဂါပိုးရှိ၊ မရှိ ဖော်ထုတ်နိုင်ပြီဖြစ်ပါသည်။ သို့သော် ကုန်ကျစရိတ်များနေပါသေးသည်။

ကုလသမဂ္ဂနှင့် WHO ကဲ့သို့သော အဖွဲ့ကြီးများက တီဘီရောဂါထိန်းချုပ်ရေးအတွက် မည်မျှပင်ဦးဆောင်နေစေကာမူ ကမ္ဘာတစ်လွှား နိုင်ငံရေး၊ စစ်ရေးမတည်ငြိမ်မှုများကြောင့် တီဘီရောဂါကူးစက်မှုထိန်းချုပ်နိုင်ရေးမှာ စိန်ခေါ်မှုများရှိနေဆဲဖြစ်သည်။ ယနေ့ ကမ္ဘာပေါ်တွင် စစ်ပွဲများကြောင့် နေရပ်စွန့်ခွာမှုများနေသည်။ MSF ခေါ် နယ်စည်းမခြား ဆရာဝန်များအဖွဲ့သည် တီဘီဆေးသောက်နေသည့် ရွှေ့ပြောင်းနေထိုင်သူ ပြည်သူများကို ရွှေ့ပြောင်းသည့်အခါတွင် တီဘီဆေးများ ယူဆောင်သွားကြရန် တိုက်တွန်းနေသည်။ အချို့နိုင်ငံများတွင် MSF အဖွဲ့သားများက ရွှေ့ပြောင်းနေထိုင်သူ ပြည်သူများအတွင်း တီဘီဆေးသောက်သုံးနေသူများကို ရက်အနည်းငယ်စာ တီဘီဆေးအတွဲများ လိုက်လံဝေငှပေးနေကြသည်။ ရွှေ့ပြောင်းရာလမ်းတစ်လျှောက်တွင်ပေးသည့် ဆေးဘူးများဖြစ်သောကြောင့် Runaway Kit ဟုခေါ်ကြသည်။

ယခင်က ဆေးယဉ်ပါးတီဘီလူနာများကို အချိန်နှစ်နှစ်ကြာသည်ထိ တီဘီဆေးများတိုက်ကြရသည်။ သောက်ဆေးများတင်မက လနှင့်ချီပြီးထိုးရသည့် ထိုးဆေးများပါဝင်သည်။ အခုနောက်ပိုင်းတွင် ဆေးယဉ်ပါးတီဘီလူနာများအတွက် ခြောက်လစာ ဆေးတွဲအသစ် ထွက်ပေါ်လာသည်။၂၀၂၂ ခုနှစ် ရုရှား-ယူကရိန်းပဋိပက္ခစတင်သည့်အချိန်တွင် ထိုဆေးတွဲသစ်ကို စတင်အသုံးပြုကုသခဲ့ကြသည်။ ရွှေ့ပြောင်းနေထိုင်မည့်တီဘီလူနာများအတွက် ခြောက်လစာသောက်ဆေးများကို တစ်ပါတည်း ထုပ်ပိုးပေးလိုက်ကြသည်။

ကိုဗစ်-၁၉ရောဂါကာလအတွင်း တီဘီရောဂါထိန်းချုပ်ရေးသည် ထိခိုက်နစ်နာခဲ့ရခြင်းများရှိသည်။ ကိုဗစ်အလွန်ကာလရောက်သောအခါ ပြည်တွင်းစစ်များကြောင့် ရွှေ့ပြောင်းနေထိုင်ရခြင်းသည် တီဘီရောဂါထိန်းချုပ်ရေးအတွက် အဓိကအတားအဆီးဖြစ်လာသည်။ ယနေ့ကမ္ဘာပေါ်တွင် အကြောင်းကြောင်းသော ဖိအားများကြောင့် ရွှေ့ပြောင်းနေထိုင်နေရသူ လူဦးရေ ၁၀၃ သန်းရှိနေသည်။

ရွှေ့ပြောင်းနေထိုင်ကြရပြီဆိုကတည်းက ယာယီနားခိုစရာနေရာများတွင် ဖြစ်သလိုနေကြရသည်။ လူအများကြီး ပြွတ်သိပ်တိုးဝှေ့နေကြရသည်။ လေဝင်လေထွက်မကောင်း၊ အာဟာရပြည့်ဝစွာ မစားသောက်နိုင်။ ထိုအခြေအနေက တီဘီရောဂါဖြစ်ပွားမှုကို အားပေးသည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများသို့ ရွှေ့ပြောင်းနေရသူများသည် ရောက်သည့်နိုင်ငံများမှ ကျန်းမာရေးဌာနများဆီ မသွားရဲကြ။ မွေးရပ်မြေသို့ ပြန်ပို့ခံရမည်ကို ကြောက်ကြသည်။ လိုအပ်သည့်ကုသမှုများ ရရှိပါမည်ဟုလည်း မည်သူကမျှ အာမမခံနိုင်။ တီဘီရောဂါဖြစ်ပြီဆိုပါက အနည်းဆုံး လေးလမှ ခြောက်လ ကုသမှုခံယူရမည်ဖြစ်သည်။ ဘဝတူ ရွှေ့ပြောင်းနေထိုင်သူများတွင် တီဘီရောဂါဖြစ်ပွားပြီး ဆေးပြတ်နေသူများ ပါလာခဲ့ပါက တီဘီရောဂါပြန်ကြွလာလျက် အနီးအနားကလူများကို ကူးစက်စေနိုင်သည်။ ထိုတီဘီပိုးသည် ဆေးယဉ်ပါးတီဘီပိုးများဖြစ်သဖြင့် အတော်အခြေအနေဆိုးသွားမည်။

၂၀၂၃ ခုနှစ်အတွင်း ဆီးရီးယားနိုင်ငံမြောက်ပိုင်းမှ ရွှေ့ပြောင်းနေထိုင်သူများကို အခြေပြုပြီး သုတေသနတစ်ခု ပြုလုပ်ခဲ့သည်။ ထိုသုတေသနအရ ရွှေ့ပြောင်းနေထိုင်များသည် ပုံမှန်လူများထက် တီဘီရောဂါ မပျောက်ကင်းသည့်နှုန်းက နှစ်ဆပိုများနေကြောင်း တွေ့ရသည်။ ဆေးရုံ၊ ဆေးခန်းသို့ Follow Up ပြန်မပြနိုင်ခြင်းသည် တီဘီရောဂါကုသမှုမအောင်မြင်ရခြင်း၏ အဓိကအကြောင်းရင်းတစ်ချက်ဖြစ်ပါသည်။ ရွှေ့ပြောင်းနေထိုင်များတွင်တွေ့ရသည့် စိတ်ဓာတ်ကျခြင်းနှင့် စိတ်ပူပန်ရခြင်းများကလည်း တီဘီရောဂါကုသမှုရလဒ်မကောင်းခြင်း၏ အကြောင်းတစ်ချက်ဖြစ်နေသည်။

နိုင်ငံတစ်နိုင်ငံတွင် စစ်မက်ဖြစ်ပွားပါက နယ်မြေချင်းထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံအတွက်လည်း ဘေးထွက်ဆိုးကျိုးများရှိသည်။ ထိုဘေးထွက်ဆိုးကျိုးများထဲတွင် တီဘီရောဂါကူးစက်ပျံ့နှံ့မှုလည်းပါဝင်ပါသည်။ မိမိတို့နိုင်ငံတွင် ဆေးယဉ်ပါးတီဘီလူနာနည်းပါးသည်။ အိမ်နီးချင်းနိုင်ငံတွင် ဆေးယဉ်ပါးတီဘီလူနာများနေပြီး ထိုနိုင်ငံမှ ရွှေ့ပြောင်းနေထိုင်သူအများအပြား ဝင်ရောက်လာပြီဆိုပါက ပြဿနာတက်နိုင်သည်။ ထိုဖြစ်ရပ်မျိုးကို ရုရှား-ယူကရိန်းပဋိပက္ခတွင် တွေ့ရသည်။ ရုရှားတို့၏တိုက်ခိုက်မှုကြောင့် ယူကရိန်းရွှေ့ပြောင်းနေထိုင်သူဦးရေ ထောင်သောင်းချီပြီး ပိုလန်နိုင်ငံဘက်သို့ ထွက်ပြေးကြသည်။ ယူကရိန်းနိုင်ငံတွင် ယခင်ကတည်းက ဆေးယဉ်ပါးတီဘီလူနာများစွာရှိသည်။ တီဘီရောဂါတင်မကပါ ပိုလန်ကျန်းမာရေးဝန်ထမ်းများအဖို့ ယူကရိန်းရွှေ့ပြောင်းနေထိုင်သူတွင်ပါလာသည့် တီဘီရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝက်သက်နှင့်တုပ်ကွေးကဲ့သို့ ကူးစက်ရောဂါများကို အမြဲစောင့်ကြည့်စစ်ဆေးပေးနေရသည်။

ရွှေ့ပြောင်းနေထိုင်သူ အရပ်သားပြည်သူများအတွက် ကျန်းမရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ညွှန်ကြားချက်များရှိသည်။ ၁၉၉၇ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) မှ ရွှေ့ပြောင်းနေထိုင်ရသူများအတွက် တီဘီရောဂါထိန်းချုပ်ရေးလက်စွဲစာစောင်ကို ပထမဆုံးအကြိမ် ထုတ်ဝေခဲ့သည်။ နေရပ်စွန့်ခွာထွက်ပြေးသူများရှိလာသည့်အခါ သက်ဆိုင်ရာဒေသအာဏာပိုင်များအားလုံးက ၎င်းဒုက္ခသည်များ တာဝန်ကို ညှိနှိုင်းပေါင်းစပ်ပြီး ခွဲဝေတာဝန်ယူကြရန် လိုအပ်ပါသည်။ အစိုးရမဟုတ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့များကလည်း ဝိုင်းဝန်းကူညီလေ့ရှိကြသည်။ ကယ်ဆယ်ရေးစခန်းများတွင် တီဘီရောဂါရှာဖွေစစ်ဆေးပေးသည့်စီမံချက်များ လက်တွေ့ချမှတ် အောင်မြင်ခဲ့ခြင်းများရှိသည်။

နိဂုံးချုပ်အားဖြင့် စစ်ပွဲများမရပ်နိုင်သေးသည့် ကမ္ဘာကြီးပေါ်တွင် ရွှေ့ပြောင်းနေထိုင်ရသူများက မလွဲမသွေ ရှိနေမည်ဖြစ်သည်။ ကျန်းမာရေးရှုထောင့်ဘက်မှကြည့်ပါက စစ်ပွဲများကြောင့် တစ်ကျော့ပြန်ကူးစက်ရောဂါများ ပြန်လည်ခေါင်းထောင်လာနိုင်သည့် အန္တရာယ်ကြီးမားသည်။ ရွှေ့ပြောင်းနေထိုင်ရသူများအတွက် စိန်ခေါ်မှုများစွာထဲမှ ကျန်းမာရေးဆိုင်ရာစိန်ခေါ်မှုများသည် ထိစပ်နေသည့်လူ့အဖွဲ့အစည်းများအတွက် အချိန်မရွေး ဘေးဥပဒ်ဖြစ်စေနိုင်သည့် အကြောင်းရင်းများဖြစ်ပါသည်။ စစ်ရေးပဋိပက္ခများနှင့် ၎င်းတို့၏အမွေ ရွှေ့ပြောင်းနေထိုင်ရသူများအတွက် လိုအပ်နေသည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းဖြင့် တစ်ကျော့ပြန်ကူးစက်ရောဂါကြီးများ၏အန္တရာယ်ကို ကာကွယ်ကြရန်လိုအပ်ပါသည်။

**ကိုးကား**

**Ending tuberculosis: ways forward from Lancet Respiratory April 2024**

**ဒေါက်တာလွှမ်းမိုးဟန်**

❖ ယခင်က တီဘီပိုးရှာဖွေရန် သလိပ်နမူနာယူပြီး မိုက်ကရိုစကုပ်အောက်တွင်ကြည့်ရသည်။ ပိုမိုသေချာစေရန် အချိန် ရက်သတ္တနှစ်ပတ်ခန့်ကြာသည်ထိ တီဘီပိုးကိုမွေးထားရသည်။ ယခု GeneXpert အမည်ရသည့် အဆင့်မြင့်တီဘီရောဂါပိုးရှာဖွေရေးနည်းစနစ် ပေါ်ပေါက်လာပြီးနောက် အချိန်တစ်နာရီခန့်အတွင်း တီဘီရောဂါပိုးရှိ၊ မရှိ ဖော်ထုတ်နိုင်ပြီဖြစ်သည်။ သို့သော် ကုန်ကျစရိတ်များနေပါသေးသည်။ ကုလသမဂ္ဂနှင့် WHO ကဲ့သို့သောအဖွဲ့ကြီးများက တီဘီရောဂါထိန်းချုပ်ရေးအတွက် မည်မျှပင်ဦးဆောင်နေစေကာမူ ကမ္ဘာတစ်လွှား နိုင်ငံရေး၊ စစ်ရေး မတည်ငြိမ်မှုများကြောင့် တီဘီရောဂါကူးစက်မှုထိန်းချုပ်နိုင်ရေးမှာ စိန်ခေါ်မှုများရှိနေဆဲဖြစ်သည်။ ❖

# The speech delivered by Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing on security conditions of the State


Senior General Min Aung Hlaing delivers at the speech.

**Esteemed people,**

I would like to clarify the situations which happened in the country at present. I have explained some situations at the meeting of the National Defence and Security Council.

More than 11 million of voting frauds committed by NLD party in the 2020 election caused instabilities in the country. Hence, the Pro Tem President of the State called the meeting of the National Defence and Security Council with a decision to order Tatmadaw to take responsibilities of the State in accord with the Constitution. Tatmadaw formed the State Administration Council with military and civilian participants. Since its assumption, the State Administration Council clearly declared its aim as holding the election to the nation. At a time when State politics have changed, ordination protests gradually changed to riots and unrests. Under the leadership of some extreme members of NLD party, armed insurgencies were staged. Moreover, some youths were indoctrinated to take terrorism military training courses from some ethnic armed organizations which do not have correct stance on the State without willingness to forge peace. Then, they became so-called PDF terrorists. Both NCA non-signatory ethnic armed organizations and some NCA signatory EAOs encouraged and gave training to PDF terrorist groups. After taking terrorism courses from some EAOs, those PDF terrorists have been committing murd-ers, planting bombs, blowing up bombs and firing without reasons across the nation as part of raising panic to the people till today. Some armed groups taking advantages of instabilities nationwide attempted to expand their areas.

MNDAA, TNLA and AA insurgents refused the offer of peace invited by the government in April 2022 and launched attacks on security posts of Tatmadaw at border regions and Chinshwehaw in Shan State (North) with excessive strengths on 27 October 2023. To do so, they have been gathering man power and arms since 2022 and taking training on attacks with drones. They committed impacts of war on the whole peaceful and stable region. Insurgents started destruction of economic and social infrastructures including roads and bridges which are vital for regional development. With the aim of restoring stability of border region and regional peace and stability, the government agreed the bilateral ceasefire in January. But, MNDAA and TNLA groups showing various reasons launched attacks on Hsipaw, Nawnghkio, Kyaukme and Momeik in Shan State (North) and Mogok in Mandalay Region. On 3 July, they attacked Lashio. Everybody has known that they fired the developed rockets and bomb drops on public residences, hospitals, schools and religious buildings in towns and villages as targets hundred times. On 2 August, they dropped bombs on the Tatmadaw hospital in Lashio and raided it. They shot patients and health staff in a close range and abducted some patients including women, families and children. Tatmadaw hospitals are providing healthcare services not only to Tatmadaw members but to their families, members of the Sangha and ordinary civilians, and mobile healthcare teams of these hospitals are giving healthcare services to residents in relevant regions. With regard to their terror attacks, some percent of their ethnic people reside in these regions. For example, some 20 percent of Kokang people reside in Lashio Township, most of them live in villages, not in urban areas of Lashio. The urban of Lashio is residences of Shan, Bamar and Kachin ethnics. Likewise, some 15 percent of Palaung ethnic reside in Kyaukme and Hsipaw townships. Nawnghkio Township does not have even one percent of Palaung ethnic but most of people are Shan, Bamar and Danu ethnics. People can see that due to rootless terror attacks, residents left their residences to take shelter in other regions. Those insurgents robbed precious gold, silver and property of displaced people and committed burglar at the houses of displaced people to take precious objects. Moreover, they intimidated displaced people and residents as well as children to serve military service and forcibly order them to participate in fighting. They destroyed government infrastructures and racial and religious landmarks with the use of heavy machinery in their controlled regions. They know that if these regions were peaceful with full rule of law, they would miss chance to manipulate residents with threats showing arms and seek their interests. As such, they are committing naughty acts. MNDAA insurgents at present abduct Bamar ethnic in Laukkai and expel them from the town. But, statements of these insurgents accuse Myanmar Tatmadaw of attacking and destroying the town with racial discrimination. Laukkai is a town in Kokang Self-Administered Zone according to the 2008 Constitution. It is a region where entry and exist of foreigners must be done with official procedures and permission of the government. Those who illegal reside and their related persons committed online scams and gambling. The government has clearly carried out taking action against the illegal residents and their related persons, handover and oppressing them. Atpresent, I want to say that no foreigner under the official procedures is allowed to reside there. Currently insurgents are launching violent attacks on security outposts of Tatmadaw in Kyaukme and Nawnghkio regions with excessive strengths. Hence, it is important to correctly analyze their acts and statements and totally oppose them.

AA insurgents raided Donpaik police outpost, which is one of outposts of border guard police in Rakhine State on 13 November 2023 to start instabilities

See Page 12

*From Page 11*

in Rakhine State. Then, they continued attacks on security camps and Tatmadaw posts which are taking regional security measures in northern Rakhine State and destroyed socio-economic life of residents, education and health sectors. So, residents fled to Yangon, Nay Pyi Taw and other cities as displaced people. At present, they are violently attacking towns in both northern and southern parts of Rakhine State where residents wish to live with peace and stability. As 90 percent of Rakhine ethnics reside in Rakhine State, actions of AA leaders themselves are designed to destroy their ethnics. Tatmadaw will continue measures of peace and stability in these regions in cooperation with residents.

Likewise, KIA group has been equipping PDF terrorists with arms in upper Sagaing Region and providing terror military trainings since 2021 in order to destabilize the region. It was found that the destroying life and property of people, towns and villages in Sagaing Region and related areas by PDF terrorists were based on KIA group. Since March 2024, they have been deploying excessive strengths in attacking security posts and towns and villages in Kachin State. Moreover, CNF group cooperates with PDF terrorists and launches attacks in Chin State. So, ethnic people who are stably and peacefully residing in Chin State for their livelihoods lost socio-economic lives. It can be seen that towns and villages including Falam, Matupi, Lailinpi, Mindat and Thantlang faced lose and damage.

Similarly, some leaders from KNU group violate agreements of Nationwide Ceasefire Agreement-NCA despite signing it. They provided terrorism training courses and equipped arms to PDF terrorists. They attack security posts, towns and villages in Kayin State with excessive strengths. They attacked Kawkareik on 1 December 2023, Thingan Nyinaung on 5 April and Myawady on 10 April. Due to terror attacks of KNU, residents suffered many losses and damage in their socio-economic life. Moreover, border trade routes on which Myanmar people rely were blocked, causing loss to the State. So, security forces and partner organizations are striving for ensuring peace and stability in the region as quickly as possible. At present, the information has been received that present KNU Chairman and the chief of staff are attempting to launch attacks on around Sittaung River through collaboration of Brigades 1, 3 and 5 of KNU.

KNPP/KNDF insurgents deployed their strengths in attacking Loikaw in Kayah State on 11 November 2023. Due to information given by the residents who do not wish terror acts of KNPP/KNDF group, those KNPP/KNDF insurgents could be assaulted. As Tatmadaw and security force members made sacrifice in their counter-attacks, all situations of the town could be controlled. As KNPP/KNDF insurgents failedtheir mission over Loikaw, they penetrated Hsihseng, adjacent to Shan State. As Hsihsent region is under control of Pa-O Self-Administered Zone, Pa-O people's militia and residents did not totally accept them and bravely drove them out. At present, rehabilitation tasks are being initiated in Loikaw and Hsihseng regions. Efforts will be made for restoring peace and stability in the whole Kayah State like the past event. Insurgents committed destructive acts in their attacks, harming a large number of people and destroying towns and villages.

Some foreign countries wishing existence of armed conflicts and shaping the forms of Myanmar as they like are providing money, foods, medicines, arms and ammunition, technologies and logistic opportunities to armed insurgents and the terrorist organizations from the politically diverse persons, helping malacious media to raise psychological warfare.

In some EAO regions at China-Myanmar border, arms and ammunition factories have been established to produce arms, ammunition and explosive devices. It can be seen that arms and ammunitions produced from these factories are sold and provided to PDF terrorists and other EAOs. The majority of arms and ammunition seized by security forces are products from these factories. It is not an ordination situation to establish these factories. It needs to spend monetary and technological power. So, it is necessary to analyze the souces of monetary and technological power. The arms being used by armed groups in southern part of Myanmar were smuggled from the Thai-Myanmar border. Communication devices, drones and arms and ammunition being used by EAOS and PDF terrorists were obtained from these sources.

It was seen that bombs from drones and rockets being used by MNDAA and TNLA terrorists were developed by technologies. Their drones can be purchased at foreign market but they cooperate with foreign mercenary technologists developed these drones and improved them to be useful in the fighting.

Security forces follow the Rules of Engagement and rules for combatting terrorists as much as possible in attacking terrorists without harming civilians.

Myanmar is a country where all national races are residing in unison, and they are inseparable in natural environment as well as businesses. All Myanmar citizens have rights on freedom of travel and trade without any restrictions in the country. As insurgents control the regions, those people lose rights and freedom automatically. Without considering common racial characters and languages in addition to common histories, traditions and cultures, their bad racism and narrow-minded attitude which had never occurred in the history will not be acceptable. Shan State (North) sharing border with China is a hub of border trade of the entire nation. The region located on the trade route to other country brought development opportunities to residents. But, as terrorists launched attacks, socio-economic life, education of children, and future of youths will be extinct. As the warlordism of insurgent leaders resurges, residents will face unlawful bullying and killing like past incidents in the areas of warlords. Legal businesses can be dominated by narcotic drugs and gambling acts whereas maize and sugarcane will be substituted with poppy cultivation. Youths will see their lives with holding arms instead of books and ball-pens. They all will return to the darkness from the legal fold. I firmly believe that people will not reach such situations. Myanmar Tatmadaw will not allow these situations for the people.

In this regard, I would like to talk about the economic sector. Only when a country has economic power will remainng powers be strong. Hence, economic sanctions and spreading rumours were committed against Myanmar in various ways and means in order to decline State economy and defence power. The government solved these problems in order to improve State economy. As it is necessary to manufacture a large volume of products for booming the State economy, efforts must be made to continuously increae production and export volume. Hence, I would like to point out to leverage up productivity based on agriculture and livestock sectors.

With regard to situations of Shan State (North), security forces withdrew their positions by considering security of current areas and safety of people. MNDAA and TNLA insurgents and their stooges at home and abroad carry out propagation to the tune of their masterminded countries in order to cause downheartedness among the people. We, as a polite society, cannot totally accept the act of solving the armed conflicts in terror attacks but not using political ways. So, those insurgents must be designated a common enemy, and the government will continuely strive to ensure peace and stability not only in Shan State (North) but the entire nation. Members of Myanmar Tatmadaw, members of Myanmar Police Force, people's militia and patriotic people will always be heroes of Myanmar in successive eras for their sacrifice of life, blood and sweat to forge peace and stability of Myanmar. They must always be recognized with respect. Correct spirit, perseverence and diligence of members of Myanmar Tatmadaw will be a drive to cease armed terrorism in the country and to develop education, health and socioeconomic life of the people with peace and stability under rule of law.

Our Myanmar Tatmadaw was born of the people to fight for independence of Myanmar, and it is a Tatmadaw established with patriotic youths with national spirit and sacrifice. Such Tatmadaw took independence of the whole nation with support of entire people amid various difficulties. At present, it can be seen that patriotic public organizations and ministries provide foodstuffs, supplies and letters of encouragement to members of Tatmadaw in discharging defence duties of the State with bravery and sacrifice on the frontlines. Likewise, political parties and public organizations wishing peace and stability object and condemn terror acts whereas volunteers and organizations support Tatmadaw and the State based on patriotic spirit and national spirit. I want to say that the government and Tatmadaw specially thank them for their encouragements which boost strengths. Tatmadaw has been safeguarding independence and defending the Union and people for their existence in successive eras till roday. Currently, it is regrettable that members of Tatmadaw and MPF, people's militia members, wives of Tatmadaw members and family members were dead and wounded in addition to missing while discharging defence duties of the State to ensure existence, peace and stability of the State. Their sacrifices will never be forgotten. The government and Tatmadaw will honour them and provide deserved opportunities and aid. So, I want to say that all members of Myanmar Tatmadaw are valuable people's sons like soldiers who sacrificed lives and limbs in independence struggles. Our people have been fighting against external invadors and various internal insurgents by joining hands with Tatmadaw in successive eras. Tatmadaw and people cooperate with each other in overcoming internal and external dangers and they are capable of overcoming these dangers. Our people have to notice that as global affairs are deeply complicated, we have to unite among all for ensuring existence of Myanmar as long as the world. Only then, will the united strength overcome these challenges. Hence, all our people have to support and contribute to Myanmar Tatmadaw with sacrifice of life, blood and sweat in successive eras and patriotic people with trust to have victories in their righteous fighting. Whenever Tatmadaw and patriotic people exist, the entire country must be distinct and strengthened. We will perform existence and strengthening of the nation. Let's safeguard mother land through united strength. Thank you all.

# Organizations condemn MNDAA's attacks

**Nay Pyi Taw August 5**

MNDAA terrorists fired at the Tatmadaw hospital in Lashio Township of northern Shan State with the use of rockets, heavy weapons and drones, causing deaths and injuries to residents, departmental personnel and families of security forces receiving medical treatment at the hospital. They abducted some local people by force. Moreover, locals flee to safer areas temporarily.

MNDAA committed war crimes, and the Federation of All Myanmar Theravada Buddhists and the Sasana Nuggaha Association for Border and Hilly Regions (Central), Myanmar Women's Affairs Federation, Myanmar Women and Children Development Foundation, Myanmar Federation for People with Disabilities, Federation of Myanmar Gold Entrepreneurs Association, Myanmar Gems and Jewellery Entrepreneurs Association, Myanmar Federation of Mining Association, Myanmar Dental Council, Myanmar Maternal and Child Welfare Association and Myanmar Academy of Medical Services issued statement strongly condemned MNDAA's attacks leaving residents, departmental personnel and families of security forces receiving medical treatment at the hospital deaths and injuries. **100**

## Statement of Myanmar Women's Affairs Federation
**5 August 2024**

MNDAA terrorists attacked the Tatmadaw hospital in Lashio Township, northern Shan State, using rockets, heavy weapons, and drones. This assault resulted in deaths and injuries among residents, departmental staff, and family members of security forces receiving medical treatment at the hospital. Additionally, MNDAA abducted some locals by force.

The Myanmar Women's Affairs Federation condemned these acts of terrorism by MNDAA, which caused significant harm to local people, departmental employees, and families of security personnel, severely disrupting the lives of many.

**Myanmar Women's Affairs Federation**

## Statement of Myanmar Women and Children Development Foundation
**5 August 2024**

1. Terrorists fired at the Tatmadaw hospital in Lashio Township of northern Shan State with the use of rockets, heavy weapons and drones.
2. Their attack left innocent civilians, including women, children and patients receiving medical treatments at the hospital, dead and hurt.
3. In its statement, the Myanmar Women and Children Development Foundation objected to and condemned attacks of terrorists on non-military target buildings, wards and religious buildings.

**Myanmar Women and Children Development Foundation**

## Statement of Myanmar Federation for People with Disabilities
**5 August 2024**

MNDAA terrorists fired at the Tatmadaw hospital in Lashio Township of northern Shan State with the use of rockets, heavy weapons and drones, leaving residents, departmental personnel and families of security forces receiving medical treatment at the hospital dead and hurt. They forcibly abducted some local people. Moreover, locals flee to safer areas temporarily.

In its statement, the Myanmar Federation for People with Disabilities objected to and condemned MNDAA's attacks on the hospital, saying that attacks bring losses of lives and properties of innocent people, severe impacts on human resources such as the education of youths and the future of country, injuries and disabilities as a result of fighting, and massive impacts on people with disabilities than ordinary people.

**Executive Committee**
**Myanmar Federation for People with Disabilities**

## Statement of Myanmar Dental Council
**5 August 2024**

MNDAA terrorists fired at the Tatmadaw hospital in Lashio Township of northern Shan State with the use of rockets, heavy weapons and drones, leaving residents, departmental personnel and families of security forces receiving medical treatment at the hospital dead and hurt. They forcibly abducted some local people. Moreover, locals flee to safer areas temporarily.

In its statement, the Myanmar Dental Council objected to and condemned deaths and injuries of residents, departmental personnel and families of security forces who were receiving medical treatments at the hospital in rockets, heavy weapons and drone attacks of MNDAA on non-military target hospital buildings.

**Myanmar Dental Council**

## Statement of Myanmar Maternal and Child Welfare Association
**5 August 2024**

MNDAA terrorists fired at the Tatmadaw hospital in Lashio Township of northern Shan State with the use of rockets, heavy weapons and drones, leaving residents, departmental personnel and families of security forces receiving medical treatment at the hospital dead and hurt. They forcibly abducted some local people. Moreover, locals flee to safer areas.

In its statement, the Myanmar Maternal and Child Welfare Association objected to and condemned MNDAA's attacks on the hospital, saying the public should receive safe medical services in any region or any situation and urging to avoid hurting patients and healthcare workers, including mothers and children.

**Myanmar Maternal and Child Welfare Association**

## Statement of Myanmar Academy of Medical Services
**5 August 2024**

MNDAA terrorists fired at the Tatmadaw hospital in Lashio Township of northern Shan State with the use of rockets, heavy weapons and drones, causing deaths and injuries to residents, departmental personnel and families of security forces receiving medical treatment at the hospital. They forcibly abducted some local people. Moreover, locals temporarily flee to safer areas.

In its statement, the Myanmar Academy of Medical Services objected to and condemned deaths and injuries of local people, departmental personnel and families ofsecurity forces who were receiving medical treatments at the hospital in rockets, heavy weapons and drone attacks of MNDAA on non-military target hospital buildings.

**Myanmar Academy of Medical Services**

## Statement of Federation of Myanmar Gold Entrepreneurs Association (FMGEA)
**5 August 2024**

MNDAA launched an attack on the Tatmadaw hospital in Lashio Township, Shan State (North), using rockets, heavy weapons, and drones. The assault resulted in the deaths and injuries of local people, departmental staff, and family members of security personnel who were being treated at the hospital. Reports added that some locals were also forcefully abducted.

Additionally, MNDAA targeted residential areas with rockets, heavy weapons, and drones, leading to further casualties among local people and forcing many to flee their homes.

The Federation of Myanmar Gold Entrepreneurs Association (FMGEA) strongly condemned these acts of terror, calling them unacceptable.

. **Federation of Myanmar Gold Entrepreneurs Association**

*See Page 14*

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

*From Page 13*

### Statement of Myanmar Federation of Mining Association
### 5 August 2024

MNDAA launched an attack on the Tatmadaw hospital in Lashio Township, Shan State (North), using rockets, heavy weapons, and drones. This assault resulted in the deaths and injuries of locals, department staff, and family members of security personnel receiving treatment at the hospital. Reports also indicate that MNDAA abducted some residents by force.

In addition, MNDAA targeted residential areas with rockets, heavy weapons, and drones, leading to further casualties among civilians and displacing local people.

The Myanmar Federation of Mining Association has strongly condemned these acts of war crimes committed by MNDAA.

**Federation of Myanmar Gold Entrepreneurs Association**

### Statement of Myanmar Gems and Jewellery Entrepreneurs Association
### 5 August 2024

MNDAA launched an attack on the Tatmadaw hospital in Lashio Township, Shan State (North), using rockets, heavy weapons, and drones. This assault resulted in the deaths and injuries of locals, departmental staff, and family members of security personnel receiving treatment at the hospital. Reports also indicate that MNDAA forcefully abducted some residents.

The attack targeted non-military facilities, causing casualties to local people and forcing some to flee their homes. This has disrupted the lives of many people.

The Myanmar Gems and Jewellery Entrepreneurs Association strongly condemned these acts of war crimes committed by MNDAA.

**Myanmar Gems and Jewellery Entrepreneurs Association**

### Statement of All-Myanmar Theravada Buddhist Organization, Border and Hilly Region Sasana Nuggaha Association (Central)
### 5 August 2024

MNDAA launched an attack on the Tatmadaw hospital in Lashio Township, Shan State (North), using rockets, heavy weapons, and drones. This assault resulted in the deaths and injuries of residents, departmental staff, and family members of security personnel receiving treatment at the hospital. Reports also indicate that MNDAA abducted some locals by force.

In addition, MNDAA targeted residential areas with rockets, heavy weapons, and drones, leading to the displacement of residents and severely disrupting civilian lives.

All-Myanmar Theravada Buddhist Organization, the Border and Hilly Region Sasana Nuggaha Association (Central) strongly condemned these war crimes committed by MNDAA.

**All-Myanmar Theravada Buddhist Organization, Border and Hilly Region Sasana Nuggaha Association (Central)**

# Myinmu Township farmers cultivate 398 acres of rain-fed rice against 121,33-acre target



A monsoon paddy plantation.

**Myinmu August 5**

A total of 398 acres of rain-fed rice have been planted in Myinmu Township, Sagaing District, Sagaing Region, according to statistics from Department of Agriculture for Sagaing District.

During the 2024-2025 rain crops planting season, 12,133 acres of rain-rice are planned to be planted in Myinmu Township, and 398 acres have been planted since June of this year.

"We will provide the necessary technology and types to irrigate the rain-fed rice target. We are conducting fieldwork so that the farmers can plant rain-fed rice on time," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

During this year's rain crops planting season, the relevant township Department of Agriculture and farmers are cooperating with each other to ensure that there is no difficulty in planting rain-fed rice.

The department is providing agricultural technology, providing knowledge on pest control, preventing damage to the crops, and timely arrival of the harvested rice under the shelter to rain-fed rice farmers in Myinmu Township.

206

# Feature: Chinese oil company boosts green development at Iraq's Ahdab Oilfield

**Baghdad August 5**

In the scorching summer, rows of towering date palm trees and vibrant desert tamarisk create a lifeful scene at the Ahdab Oilfield in Iraq's Wasit Province, a stark contrast to the saline wasteland it once was.

The Ahdab Oilfield, Iraq's first post-war international oil cooperation project, broke ground in 2009 and commenced production in 2011. Operated by China's Al-Waha Petroleum Company since its inception, the project reflects a commitment to both energy production and environmental stewardship.

"Our company not only tries hard to increase oil production but also pays close attention to protecting the local environment," said Jiang Ming, general director of Al-Waha Petroleum, emphasizing his company's belief that protecting the environment is just as important as producing oil.

Iraq is a country rich in oil and gas, but it has long struggled with the environmental consequences of its energy industry. The practice of flaring associated gas -- burning off natural gas produced alongside oil -- has been a particular problem. But at Ahdab, the story is different.

Xinhua

# At least 32 killed, 107 wounded due to heavy rains, floods in Sudan

**Khartoum August 5**

At least 32 people were killed and 107 others wounded due to the recent torrential rains and floods that hit several Sudanese states, Sudan's Health Ministry announced on Monday.

"Seven states were affected by the rains and floods, and 5,575 homes were damaged," Al-Fadil Mohamed Mahmoud, director of the general directorate of health emergencies at the ministry, said in a statement.

He said that the heavy rains and floods led to a number of watery diarrhea cases, with 102 cases reported in Kassala state, four in Khartoum state, and 16 in Gezira state.

The health conditions in other states were stable, he said, noting that the ministry is concerned with adopting necessary measures to combat rainy season epidemics.

Xinhua

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## လစ်သူရေးနီးယား၊ ပိုလန်နှင့်အခြားဥရောပနှစ်နိုင်ငံတို့က Piorun လေကြောင်းရန်ကာကွယ်ရေးစနစ်ကိုပူးတွဲဝယ်ယူရန် နည်းလမ်းရှာဖွေနေ



လစ်သူရေးနီးယားနိုင်ငံ၊ ပိုလန်နိုင်ငံနှင့် အခြားဥရောပနိုင်ငံ နှစ်နိုင်ငံတို့သည် ပိုလန်နိုင်ငံထုတ် **Piorun** တာတိုပစ် ပခုံးထမ်းဒုံး လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ပူးတွဲဝယ်ယူရန်အတွက် ဥရောပသမဂ္ဂအဖွဲ့ကြီးထံမှ ရန်ပုံငွေရရှိနိုင်ရန် နည်းလမ်းရှာဖွေနေကြောင်း **The Defense Post** သတင်းဌာနက ဩဂုတ် ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ပိုလန်နိုင်ငံထုတ် **Piorun** တာတိုပစ် ပခုံးထမ်းဒုံးလေကြောင်းရန်ကာကွယ်ရေးစနစ်ကို ပူးတွဲဝယ်ယူရေး အက်ဥပဒေတစ်ရပ်မှတစ်ဆင့် ဥရောပကာကွယ်ရေးစက်မှုလုပ်ငန်း အင်အားဖြည့်တင်းမှုများအောက်တွင် ဝယ်ယူရေးဆောင်ရွက်နေခြင်းလည်းဖြစ်သည်။

၎င်းသည် လစ်သူရေးနီးယားနိုင်ငံရှိ **Grom** ပခုံးထမ်းဒုံး လေကြောင်းရန် ကာကွယ်ရေးစနစ်များနေရာတွင် အစားထိုးအသုံးပြုရန်ရည်ရွယ်ထားပြီး **Piorun** လေကြောင်းရန်ကာကွယ်ရေးစနစ်အများစုကို ယူကရိန်းနိုင်ငံသို့လည်း လွှဲပြောင်းပို့ဆောင်ပေးမည်ဟု လစ်သူရေးနီးယားကာကွယ်ရေးဝန်ကြီး **Laurynas Kasciunas** ၏ ပြောကြားချက်ကိုကိုးကား၍ **Baltic Times** သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

"ကျွန်တော်တို့ရဲ့ ကာကွယ်ရေးအစီအစဉ်တစ်ခုလုံးနဲ့ ကိုက်ညီတဲ့ ခေတ်မီ **Piorun** လေကြောင်းရန်ကာကွယ်ရေးစနစ်တွေနဲ့ အစားထိုးအသုံးပြုသွားမှာဖြစ်ပါတယ်"ဟု **Laurynas Kasciunas** က ပြောကြားခဲ့သည်။ ထို့ပြင် လစ်သူရေးနီးယားနိုင်ငံသည် အရေးကြီး အခြေခံအဆောက်အအုံများကို ကောင်းမွန်စွာကာကွယ်စောင့်ရှောက်ပေးနိုင်ရန် **Piorun** ပခုံးထမ်းဒုံးလေကြောင်းရန်ကာကွယ်ရေးစနစ်များဖြင့် တပ်မတစ်ခုထိ ဖွဲ့စည်းတာဝန်ပေးအပ်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ပိုလန်နိုင်ငံထုတ် **Piorun** လေကြောင်းရန်ကာကွယ်ရေးစနစ်သည် ဒရုန်းများအပြင် တောင်ပံပုံသေတပ်နှင့်ပန်ကာတပ်လေယာဉ်များကို အမြင့်ဆုံးအကွာအဝေး ၆ ဒသမ ၅ ကီလိုမီတာနှင့်အမြင့် လေးကီလိုမီတာထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ပစ်မှတ်ကို ခြေရာခံထိန်းကျောင်းရန် အနီအောက်ရောင်ခြည် အာရုံခံကိရိယာတပ်ဆင်ထားပြီး အလျင်နှုန်း ၆၆၀ မီတာထိ ပျံသန်းတိုက်ခိုက်နိုင်မည်ဖြစ်သည်။ ယခင် **Grom** ပခုံးထမ်းဒုံးလေကြောင်းရန်ကာကွယ်ရေးစနစ်ကို အဆင့်မြှင့်တင်ထားသော ဗားရှင်းလည်းဖြစ်သည်။

ယူကရိန်းတပ်ဖွဲ့များသည် လက်ရှိပဋိပက္ခအတွင်း၌ အဆိုပါ **Piorun** လေကြောင်းရန် ကာကွယ်ရေးစနစ်ကို တိုက်ပွဲဝင်ဖြန့်ကြက် အသုံးပြုလျက်ရှိသည်။ ပိုလန်နိုင်ငံ အခြေစိုက် **Mesko** ကုမ္ပဏီက ပိုလန်တပ်မတော်ထံ **Piorun** ဒုံးကျည်အစင်း ၁၃၀၀ လွှဲပြောင်းပေးအပ်ထားပြီးဖြစ်သည်။ ထို့ပြင် ၂၀၂၂ ခုနှစ်တွင် နောက်ထပ် ဒုံးကျည်အစင်း ၃၅၀၀ နှင့် ဒုံးပစ်လောင်ချာ အလက် ၆၀၀ တို့ကို လွှဲပြောင်းပေးအပ်နိုင်ခဲ့သည်။

၂၀၂၂ ခုနှစ်တွင် အက်စ်တိုးနီးယားနိုင်ငံကလည်း ပိုလန်နိုင်ငံထံမှ **Piorun** ဒုံးကျည် အစင်း ၃၀၀ နှင့် ဒုံးပစ်လောင်ချာ အလက် ၁၀၀ ကို မှာယူခဲ့ပြီး ၂၀၂၄ ခုနှစ်အတွင်း စစ်ဆင်ရေးတာဝန် အပြည့်အဝထမ်းဆောင်နိုင်ရန် မျှော်မှန်းထားသည်။ ပိုလန်နိုင်ငံ **Mesko** ကုမ္ပဏီထုတ် **Piorun** ပခုံးထမ်းဒုံးလေကြောင်းရန်ကာကွယ်ရေးစနစ်ကို လတ်ဗီးယား၊ နော်ဝေနှင့် ဆလိုဗက်ကီးယားနိုင်ငံတို့သို့လည်း တင်ပို့ရောင်းချထားကြောင်း သိရသည်။

**Lithuania, Poland Seek Joint Procurement of Piorun Air Defense System ကို ဘာသာပြန်ဆိုထားပါသည်။**

## တူကီယဲထုတ် Bayraktar TB2 ဒရုန်းများဝယ်ယူရန် စီစဉ်နေကြောင်း အင်ဒိုနီးရှားတပ်မတော်စစ်ဦးစီးချုပ် ပြောကြား



အင်ဒိုနီးရှားလေတပ်သည် တူကီယဲနိုင်ငံထုတ် **Bayraktar TB2** ဒရုန်းများ ဝယ်ယူရန်အစီအစဉ်ကို ဩဂုတ် ၁ရက်က အရှေ့ဂျကာတာရှိ **Halim Perdanakusuma** လေယာဉ်ပြုလုပ်သည့်အစည်းအဝေးတစ်ခုတွင် အင်ဒိုနီးရှားနိုင်ငံတပ်မတော် စစ်ဦးစီးချုပ် **Marshal Mohammad Tonny Harjono** က ထုတ်ဖော်ပြောကြားခဲ့ကြောင်း **Army Recognition** သတင်းဌာနက ရေးသားဖော်ပြထားသည်။

ဤဆုံးဖြတ်ချက်သည် **Harjono** ၏ မကြာသေးမီက အင်စတန်ဘူလ်မြို့တော်ရှိ **Baykar Technology** ကုမ္ပဏီသို့ အလည်အပတ်ခရီးစဉ်ပြီးနောက် ထွက်ပေါ်လာခဲ့ခြင်းလည်းဖြစ်သည်။ အင်ဒိုနီးရှားတပ်မတော်အတွက် စစ်ဆင်ရေးများတွင် အသုံးပြုရန် **Bayraktar** ဒရုန်းများ၏ စွမ်းဆောင်ရည်များနှင့် သင့်လျော်မှု ရှိ၊ မရှိ အကဲဖြတ်ဆန်းစစ်နိုင်ခဲ့ပြီးနောက် ယခုကဲ့သို့ ကြေညာခဲ့ခြင်းလည်းဖြစ်သည်။

**Bayraktar TB2** ဒရုန်းကို တူကီယဲနိုင်ငံ **Baykar** ကုမ္ပဏီကတီထွင်ထုတ်လုပ်ထားပြီး ဒရုန်းပလက်ဖောင်း၊ မြေပြင်ထိန်းချုပ်ရေးစခန်း၊ အချက်အလက်ပေးပို့လက်ခံစနစ်၊ အဝေးမှထိန်းချုပ်ပုံဖော်ပြမှုစနစ်နှင့် အဆင့်မြင့် **Module** များဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော နည်းဗျူဟာမြောက် မောင်းသူမဲ့တိုက်ခိုက်ရေး လေယာဉ် (**UCAV**) စနစ်တစ်ခုဖြစ်သည်။ လေထဲတွင် ကြာရှည်ပျံသန်းနိုင်သော (**MALE**) အမျိုးအစား ဒရုန်းဖြစ်ပြီး ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းရေးနှင့်ကင်းထောက်ရေး (**ISR**)နှင့် တိုက်ခိုက်ရေး ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်နိုင်စွမ်းရှိသည်။

အကြမ်းခံလေကြောင်းနည်းပညာစနစ်များဖြင့် **Bayraktar TB2** ဒရုန်းသည် လေယာဉ်ကွင်းအတွင်း ဆိုက်ကပ်ရပ်နားခြင်း၊ ပျံတက်ခြင်း၊ ဆင်းသက်ခြင်းနှင့် ပုံမှန်အလျင်နှုန်းဖြင့် ပျံသန်းခြင်းတို့ကို အလိုအလျောက် လုပ်ဆောင်နိုင်စွမ်းရှိသည်။ ၂၀၁၄ ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့ပြီးနောက်ပိုင်း **Bayraktar TB2** သည် စစ်ဆင်ရေးပျံသန်းမှုနာရီပေါင်း ၂၀၀၀၀၀ ကျော် ရောက်ရှိသွားပြီဖြစ်ရာ တူကီယဲတပ်မတော်၊ ရဲတပ်ဖွဲ့များနှင့် မြို့စောင့်ရဲတပ်ဖွဲ့တို့က အသုံးပြုလျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် တူကီယဲနိုင်ငံတွင် ဒရုန်းအစင်း ၁၁၀ ထိ တပ်ဖြန့်အသုံးပြုလျက်ရှိပြီး တူကီယဲလေကြောင်းသမိုင်းတွင် လေထဲ၌ တစ်ဆက်တစ်စပ်တည်း ၂၇ နာရီ ၃ မိနစ်နှင့် အမြင့်ပေ ၂၇၀၃၀ ထိ ပျံသန်းနိုင်ခဲ့မှုအတွက် မှတ်တမ်းဝင်ထားသည့် ဒရုန်းအမျိုးအစားလည်း ဖြစ်သည်။

**Bayraktar TB2** သည် စစ်ဆင်နိုင်သော အမြင့်ပေ ၁၈၀၀၀ နှင့် အမြင့်မားဆုံး ပျံသန်းနိုင်မှု ပေ ၂၇၀၀၀၊ လေထဲတွင် ၂၇ နာရီထိ ပျံသန်းနေနိုင်စွမ်းများနှင့် ထူးခြားသော စွမ်းဆောင်ရည်ကို ပိုင်ဆိုင်ထားသည်။ ၎င်းတွင် **Line of Sight** ဆက်သွယ်နိုင်မှုအကွာအဝေး၊ အမြင့်ဆုံးအမြန်နှုန်း **120 Knots** နှင့် **EO/IR/LD ISR**ရေဒါများ သို့မဟုတ် **Multi-Mode AESA** ရေဒါအပါအဝင် အလေးချိန် ကီလိုဂရမ် ၁၅၀ ရှိ **Payload** တင်ဆောင်နိုင်စွမ်းနှင့် တိုက်ခိုက်ရေးအတွက် လေဆာလမ်းညွှန်ပဲ့ထိန်းလက်နက် လေးခုတို့ တပ်ဆင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Bayraktar TB2** ကို ယူကရိန်း၊ ကာတာ၊ လစ်ဗျားနှင့် အဇာဘိုင်ဂျန်စသည့်နိုင်ငံများသို့လည်း တင်ပို့ရောင်းချထားပြီး တိုက်ပွဲဝင်အသုံးပြုမှု စွမ်းဆောင်ရည်များကို သက်သေပြသနိုင်ခဲ့သည်။

အင်ဒိုနီးရှားလေတပ်က **MALE** အမျိုးအစားဒရုန်း၊ **LOS** နှင့် **BILOS** လုပ်ဆောင်ချက်များပါရှိသော ဒရုန်းဖြစ်သည့် **BayraktarTB-2** ဒရုန်းကို ဝယ်ယူမည်ဖြစ်ကြောင်း **Harjono** က အတည်ပြုပြောကြားခဲ့သည်။ **Harjono** က အဆိုပါ ဒရုန်းများသည် ထောက်လှမ်းရေးနှင့် ကင်းထောက်တာဝန်များအတွက် အလွန်သင့်လျော်ပြီး အင်ဒိုနီးရှားနိုင်ငံ၏ လက်ရှိလေကြောင်းရန် ကာကွယ်ရေးစနစ်များအတွက် သိသာထင်ရှားသော အားသာချက်တစ်ရပ်ကို ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

**Indonesian Military Strengthens Defense with Purchase of Bayraktar TB2 Drones ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**


နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၄)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။


ရန်ကုန်တိုင်းစစ်ဌာနချုပ် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄)မှ သင်တန်းသားများအား တာဝန်ရှိသူများက ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။


အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။


အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။


အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄) သင်တန်းသားများအား နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးစဉ်။


တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။


အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

☆ **ကျောဖုံးမှအဆက်**

သင်တန်းသားများကို တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)ကို ၂၀၂၄ ခုနှစ် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၄)ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၄)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံ့တာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"ကျွန်တော်ကတော့ လားရှိုးတက္ကသိုလ် ကောလိပ်ကနေပြီးတော့မှ ဘူမိဗေဒဘာသာဖြင့် ဘွဲ့ဒီဂရီကို ရရှိထားတဲ့သူ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ လူမျိုးကတော့ အဖေက "ဝ" ဖြစ်ပြီးတော့ အမေက ကချင်လူမျိုးဖြစ်ပါတယ်။ ကပြားတိုင်းရင်းသားကြီး ဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းဖို့အတွက် တပ်ကိုရောက်ရှိတဲ့အချိန်မှာ ကျွန်တော်တို့ကို လိုလေသေးမရှိအောင် နွေးထွေးပျူငှာစွာ ကြိုဆိုလျက်ရှိတာကိုလည်း ကျွန်တော်တို့ တွေ့မြင်ရတဲ့အတွက် အင်မတန်မှဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်တော့်ကို ကျွန်တော်လည်း ဂုဏ်ယူမိပါတယ်။" ဟုပြောသည်။

"ကျွန်တော် ဒီလိုတပ်မတော်ထဲကိုဝင်ရတဲ့ ခံယူချက်ကတော့ ကျွန်တော်တို့ရဲ့နိုင်ငံဟာ အခုဆိုရင် ပြည်ပရန်ရော၊ ပြည်တွင်းက သောင်းကျန်းသူရော အမြင်မတူတဲ့ လှုပ်ရှားသူတွေနဲ့ ဆူပူနေတဲ့အချိန်ဖြစ်တဲ့အတွက် ကျွန်တော်တို့က ကိုယ့်အိမ်မှာ ကိုယ်နေပြီးတော့မှ ဒီအတိုင်းကြီးထိုင်နေမယ့်အတူတူ တိုင်းပြည်အတွက်တစ်ထောင့်တစ်နေရာကနေပြီးတော့ တာဝန်ထမ်းဆောင်ရမယ်ဆိုတဲ့စိတ်နဲ့ ကျွန်တော်ဝင်ရောက်လာခြင်းဖြစ်ပါတယ်ခင်ဗျ။ အခုလိုမျိုး စစ်မှုထမ်းဥပဒေထုတ်ပြန်တာကတော့ ကောင်းပါတယ်ခင်ဗျ။ ဘာဖြစ်လို့လည်းဆိုရင် ကျွန်တော်တို့လူငယ်တိုင်း စည်းကမ်းတကျနဲ့ နေထိုင်နိုင်မယ်။ နောက်ပြီးတော့ စနစ်တကျနဲ့ နေထိုင်နိုင်မယ်။ တပ်အပေါ်မှာ တချို့တွေဆိုရင် အမြင်မတူတာတွေရှိတယ်ခင်ဗျ။ တပ်ဆိုတာက သူများတွေအပြင်မှာပြောသလောက် မဆိုးပါဘူး။ အထဲမှာ အရမ်းကောင်းပါတယ်။ စည်းကမ်းတကျနေထိုင်နိုင်အောင်လည်း ပြုပြင်ပေးနိုင်တဲ့နေရာတစ်ခုပါလို့ ပြောချင်ပါတယ်ခင်ဗျ။ နောက်ထပ်လာမည့် ညီအစ်ကိုတွေကိုလည်း လာပါ၊ တက်ကြပါလို့၊ ဘာပဲပြောပြော နိုင်ငံအတွက် တစ်ထောင့်တစ်နေရာကနေ

**စာမျက်နှာ ၁၉ သို့**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရေကန် ၂၂ ကန် ပြန်လည်တူးဖော်ထိန်းသိမ်းပြီးဖြစ်ပါသည်။ ရေကန် ခုနစ်ကန်ကို ပြန်လည်တူးဖော်ထိန်းသိမ်းရေးဆောင်ရွက်နေဆဲဖြစ်ပါသည်။

ကျန်ရှိနေသောရေကန်များကိုလည်း ဆက်လက်၍ တူးဖော်ထိန်းသိမ်းကန်ဆယ်မည်ဖြစ်ပါသဖြင့် ရဟန်းရှင်လူပြည်သူများအနေဖြင့် တတ်စွမ်းသမျှလှူဒါန်းလိုသည်ဖြစ်စေ၊ ရေကန်တစ်ကန်ချင်း လှူဒါန်းလိုသည်ဖြစ်စေ အလှူငွေများကို လက်ခံသွားမည်ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ နှင့် KBZ Bank NYAUNG OO BRANCH ACCOUNT No. ၀၆၇၁၃၉၀၆၇၀၁၄၄၂၇၀၁ တို့သို့ ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က လျှပ်စစ်သုံးမော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ငါးခုခွင့်ပြု

**နေပြည်တော် ဩဂုတ် ၅**



မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၇/၂၀၂၄)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် အိမ်ရာအဆောက်အအုံတည်ဆောက်ရေး ဖွံ့ဖြိုးမှုကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ငါးခုကိုခွင့်ပြုပေးခဲ့ပြီး အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၄ သန်းနှင့် ငွေကျပ် ၅၇၃၅၁ ဒသမ ၉၇၆ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၀၀၂ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယခုအစည်းအဝေးက ခွင့်ပြုပေးသည့် လုပ်ငန်းများတွင် နိုင်ငံတော်ကအားပေးမြှင့်တင်လျက်ရှိသည့် လျှပ်စစ်သုံးမော်တော်ယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းလည်းပါဝင်သည်။

ယခုနှစ် ဇွန်လကုန်ထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်သော နိုင်ငံ၊ ဒေသများသည် စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများအနေဖြင့် စွမ်းအင်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၄၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၄၁ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၄၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များကို စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၁၈ မှအဆက်**

ကူညီပြီးတော့ တာဝန်ထမ်းဆောင်ကြပါလို့ ပြောချင်ပါတယ်ခင်ဗျ။" ဟု ပြောသည်။

"နိုင်ငံသားတစ်ယောက်ရယ်လို့ဖြစ်လာရင် နိုင်ငံကပေးတဲ့တာဝန်ကို ကျွန်တော်တို့ ကျေပွန်အောင်ထမ်းဆောင်မှာပါ။ ဒါ နိုင်ငံသားတိုင်းရဲ့ တာဝန်တစ်ခုပေါ့။ အဲဒီအတွက် ကျွန်တော့်ကို ကျွန်တော် ဒီအမှတ်စဉ်(၄)မှာ လာရောက်ပြီးတော့ သင်တန်းသားအဖြစ် ခံယူထားရတဲ့အတွက် ကျွန်တော့်ကို ကျွန်တော် အရမ်းကိုပီတိဖြစ်ပါတယ်။ ဝမ်းလည်းဝမ်းသာပါတယ်။ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမိပါတယ်။ ကျွန်တော်ကတော့ ဒီသင်တန်းဆင်းပြီးသွားလို့ ကျရာနေရာမှာ ကြိုက်တဲ့တာဝန်ကိုပေးပါ။ ကျွန်တော်တို့ဘက်က အတတ်နိုင်ဆုံး ကျွန်တော်တို့မှာရှိတဲ့ ခွန်အားတွေနဲ့ နိုင်ငံအတွက် သယ်ပိုးဆောင်ရွက်သွားမယ်ပေါ့။ ကျွန်တော်တို့ တပ်မတော်ဆိုတာ မရှိလို့လည်း မဖြစ်ဘူး။ ရှိရမယ်။ ကိုယ့်နိုင်ငံအတွက် တပ်မှမရှိရင်လည်း ဘယ်သူမှကာကွယ်မှာမဟုတ်ဘူး။ တပ်ကပဲကာကွယ်







ပေးမှာဖြစ်ပါတယ်။ နောင်ဝင်မယ့်အငယ်တွေလည်း ဘာမှမကြောက်ပါနဲ့ အကုန်လုံး ကျွန်တော်တို့လိုပဲ ညီအစ်ကိုတွေ သိုက်သိုက်ဝန်းဝန်းနဲ့ လာရောက်ပြီးတော့ ဒီနိုင်ငံအတွက်ကို တာဝန်တွေ ထမ်းဆောင်စေချင်ပါတယ်။"ဟု ပြောသည်။ **(၅၀၁)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊
၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊
၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်
(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# MNDAA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း အသင်းအဖွဲ့များက သဘောထားများ ထုတ်ပြန်

နေပြည်တော် ဩဂုတ် ၅

MNDAA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့အတွင်း တိုက်ပွဲများဖော်ဆောင်ပြီး စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံအား ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင်တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံ ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ထို့ပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက် ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများ ရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်း သိရသည်။

ယခုကဲ့သို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရာဇဝတ်မှု(War Crime) မြောက်သည့် လူမဆန်စွာရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များကို လုံးဝ လက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်းကို ယနေ့တွင် အသင်းအဖွဲ့များဖြစ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း(ဗဟို)၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၊ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့တို့က သဘောထားများ အသီးသီး ထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

(၅၀၁)

## မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို)၏ သဘောထားထုတ်ပြန်ချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်ရှိ တပ်မတော်ဆေးရုံကို အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှု ခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက် သေဆုံးခဲ့ပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သတင်းကို စိတ်မချမ်းမြေ့ဖွယ်ရာ ကြားသိရပါသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် ဆေးရုံအဆောက်အအုံ နေရာများကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် တက်ရောက်ဆေးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများ ထိခိုက်သေဆုံးခဲ့ရမှုနှင့် အကြမ်းဖက် သောင်းကျန်းသူများကြောင့် ဒေသခံပြည်သူများ နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသောကြောင့် လူမှုဘဝများ ဆုံးရှုံးလျက်ရှိနေခြင်းတို့အပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို) အနေဖြင့် လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက် ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့်
နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)

## မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်ရှိတပ်မတော်ဆေးရုံကို အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်းသိရှိရပါသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် ဆေးရုံအဆောက်အအုံ နေရာများသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် တက်ရောက်ဆေးကုသမှု ခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရမှုနှင့် MNDAA အကြမ်းဖက်သောင်းကျန်းသူများကြောင့် ဒေသခံပြည်သူများ နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသောကြောင့် လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်က ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

## မြန်မာနိုင်ငံ အမျိုးသမီးများနှင့်ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း သဘောထားထုတ်ပြန်ချက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးများ၊ ဒရုန်းများ အသုံးပြု၍ ပစ်ခတ်တိုက်ခိုက် ဖျက်ဆီးခဲ့ကြပါသည်။

၂။ အဆိုပါ လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကြောင့် ဒေသခံ အပြစ်မဲ့ပြည်သူများ၊ ထိခိုက်လွယ် အမျိုးသမီးများ၊ ကလေးသူငယ်များ အပါအဝင် ဆေးရုံတက်ရောက်ကုသနေရသူအချို့ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် သိရှိရပါသည်။

၃။ စစ်ရေးပစ်မှတ်မဟုတ်သည့် လူနေအိမ်များအပါအဝင် ရပ်ကွက်များ၊ သာသနိကအဆောက်အအုံများကိုလည်း အကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ပစ်ခတ်ဖျက်ဆီးမှုများ ပြုလုပ်နေကြသည့်အတွက် ဒေသခံများမှာ နေရပ်စွန့်ခွာနေကြရပြီး အိုးအိမ်များ ဆုံးရှုံးနေရခြင်း၊ လူမှုဘဝများ ဆုံးရှုံးနေရသည့်အတွက် အကြမ်းဖက်သောင်းကျန်းသူများ၏ မဆင်မခြင် ပြုလုပ်တိုက်ခိုက်နေခြင်းအား မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းက လုံးဝ(လုံးဝ)လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသမီးများနှင့်ကလေးသူငယ်များ
ဘဝမြှင့်တင်ရေးအသင်း

## မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ( ၅ ) ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်ရှိ စစ်ရေးနှင့် မသက်ဆိုင်သည့် လူနေရပ်ကွက်များ၊ ဒေသခံပြည်လူထုနှင့် လူနာများ တက်ရောက်ဆေးကုသနေသည့် ဆေးရုံတို့အား အကြမ်းဖက် သောင်းကျန်းသူ MNDAA အဖွဲ့က ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက် ခြင်းတို့ကြောင့် ပြည်သူများ အတိဒုက္ခရောက်ရှိခြင်း၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများကို တိုက်ခိုက်ခြင်းတို့ကြောင့် ထိခိုက်သေဆုံးခဲ့ရခြင်းနှင့် အချို့ကို လက်နက်ဖြင့် ခြိမ်းခြောက်ကာ မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

ထိုကဲ့သို့ အကြမ်းဖက်တိုက်ပွဲဖော်ဆောင်မှုများကြောင့် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးရခြင်း၊ အနာဂတ်အတွက် လူသားအရင်းအမြစ်များဖြစ်သည့် လူငယ်များ၏ပညာရေးနှင့် တိုင်းပြည်၏ အနာဂတ်အရေးအတွက် များစွာထိခိုက်ခြင်း၊ စစ်ကြောင့် ထိခိုက်ဒဏ်ရာရကာ မသန်စွမ်းဖြစ်ရခြင်း၊ ဒေသရှိ စစ်ဘေးဒုက္ခသည် မသန်စွမ်းသူများအနေဖြင့် အခြားသော စစ်ဘေးဒုက္ခသည်များထက် ပိုမိုထိခိုက်ရခြင်းကြောင့် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့အား မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်အနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်

## မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ် သဘောထားထုတ်ပြန်ကြေညာချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAA သောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ထို့အပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့တွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်းသိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ဆေးရုံများ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းကို မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ်က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ဤကဲ့သို့သော လုပ်ဆောင်မှုများကိုလည်း ပြင်းထန်စွာ ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ်

## မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်း၏ သဘောထားထုတ်ပြန်ချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်ရှိ တပ်မတော်ဆေးရုံကို အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သည့် ဆေးရုံအဆောက်အအုံ နေရာများသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် တက်ရောက်ဆေးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရမှုနှင့် MNDAA အကြမ်းဖက်သောင်းကျန်းသူများကြောင့် ဒေသခံပြည်သူများ နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသောကြောင့် လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း

## မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ် သဘောထားထုတ်ပြန်ကြေညာချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAA သောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှေ့ဘတိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ထို့အပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့တွင်း ရပ်ကွက်များသို့ ရှေ့ဘတိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခတ်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ဆေးရုံများ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့ဘတိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းကို မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ဤကဲ့သို့သော လုပ်ဆောင်မှုများကိုလည်း ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်

## မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ၏ သဘောထားထုတ်ပြန်ကြေညာချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAA သောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှေ့ဘတိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ထို့အပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့တွင်း ရပ်ကွက်များသို့ ရှေ့ဘတိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာ နေရကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ဆေးရုံများ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့ဘတိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းကို မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ဤကဲ့သို့သော လုပ်ဆောင်မှုများကိုလည်း ပြင်းထန်စွာ ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ

## မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ သဘောထားထုတ်ပြန်ကြေညာချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တိုက်ပွဲဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှေ့ဘတိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေကြသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးရကြောင်း ဝမ်းနည်းစွာကြားသိရပါသည်။

ပြည်သူလူထုအနေဖြင့် မည်သည့်နေရာဒေသ၊ မည်သည့် အခြေအနေတွင်မဆို ဘေးကင်းသော ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိခံစားရမည်ဖြစ်ပါသည်။ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ဆေးရုံကို တိုက်ခိုက်ခြင်းအား ဆန့်ကျင်ကန့်ကွက်ပါသည်။

မိခင်နှင့်ကလေးများအပါအဝင် လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများအား ထိခိုက်မှုမရှိစေရေး၊ ဘေးကင်းလုံခြုံရေးအတွက် အထူးအလေးထားရှောင်ရှားပေးပါရန် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

## မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၏ သဘောထားထုတ်ပြန်ကြေညာချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAA သောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှေ့ဘတိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ထို့အပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့ဘတိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ် တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ဆေးရုံများ၊ လူနေရပ်ကွက်များအတွင်း သို့ ရှေ့ဘတိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းကို မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ဤကဲ့သို့သော လုပ်ဆောင်မှုများကိုလည်း ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့

## ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၄ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၆ ဦး တွေ့ရှိ

နေပြည်တော် ဩဂုတ် ၅

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၈ ရက် ည ၈ နာရီမှ ဩဂုတ် ၄ ရက် ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၂၅၉၆၃ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၆ ဦး တွေ့ရှိရသည်။

ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁ ရာခိုင်နှုန်းဖြစ်ပြီး အဆိုပါကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

ကျန်းမာရေးဝန်ကြီးဌာန

## အသည်းအစားထိုးခွဲစိတ်ကုသမှုလုပ်ငန်း တတိယနေ့ ဆက်လက်ဆောင်ရွက်



အသည်းအစားထိုးခွဲစိတ်ကုသမှုလုပ်ငန်း တတိယနေ့ ဆက်လက်ဆောင်ရွက်စဉ်။

နေပြည်တော် ဩဂုတ် ၅

တပ်မတော်တွင် သတ္တမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု တတိယနေ့ကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) အထူးကုသမှုဝင်တာ၌ ဆက်လက်ပြုလုပ်ခဲ့သည်။

အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုတွင် လူနာဖြစ်သူ ဦးသူရထွန်းနှင့် ညီဖြစ်သူ အသည်းအလှူရှင် ကိုနေလင်းထိုက်တို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ယခင်ရက်များတွင် ခွဲစိတ်ကုသမှု ဆောင်ရွက်ခဲ့သော အသည်းအလှူရှင် နှစ်ဦးနှင့် အသည်းလက်ခံလူနာ နှစ်ဦးတို့၏ ကျန်းမာရေးအခြေအနေမှာလည်း ကောင်းမွန်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"အကြမ်းဖက်သောင်းကျန်းသူတွေကြောင့် စစ်ဘေးအပြင် သဘာဝဘေးပါ ကျူးသူခံနေသော ပြည်သူများ"** ခေါင်းစဉ်ဖြင့် ၇-၈-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဆေးရုံရှိ ဆေးဝန်ထမ်းများ၊ ဆေးဝါးကုသနေတဲ့ လူနာများ၊ အမျိုးသမီးနှင့် ကလေးပါမကျန် ကြောက်မက်ဖွယ်လူမဆန်စွာ ရက်ရက်စက်စက် သတ်ဖြတ်ခံရမှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များကို မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားချက်ကို ငြင်းပယ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**သတင်းထုတ်ပြန်ချက်**
၂၀၂၄ ခုနှစ် ဩဂုတ်လ ၅ ရက်

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅အရ ပါတီဆက်လက်တည်ထောင်မှတ်ပုံတင်ပေးပါရန် **လူ့ဘောင်သစ်ပါတီ (NSP)**နှင့် **ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Zomi Congress for Democracy Party)**တို့၏ လျှောက်ထားချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ စိစစ်ပြန်ကြားချက်များအရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရပါသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေး အမှတ်စဉ်(၁၆/၂၀၂၄) ဆုံးဖြတ်ချက်အရ ယင်းပါတီများ၏ ပါတီမှတ်ပုံတင်ခွင့်လျှောက်ထားချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများပါ ပုံစံ(ဆ)ဖြင့် ငြင်းပယ်လိုက်ကြောင်းနှင့် ပါတီဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## (၅၇)နှစ်ပြည့် အာဆီယံထူထောင်ခြင်း အထိမ်းအမှတ်အဖြစ် ၂၀၀ ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုး ရောင်းချပေးမည်

**နေပြည်တော် ဩဂုတ် ၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ ၂၀၂၄ ခုနှစ် (၅၇)နှစ်ပြည့် အာဆီယံထူထောင်ခြင်းအထိမ်းအမှတ်အဖြစ် ၂၀၀ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးကို ၂၀၂၄ ခုနှစ် ဩဂုတ် ၈ ရက် မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ဝါခေါင်လဆန်း ၄ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်းရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ဩဂုတ် ၈ ရက် (ကြာသပတေးနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

## ရေစကြိုမြို့နယ် အလယ်ကျောကျေးရွာနှင့် ကိုရင့်ကျေးရွာတို့ကို တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြည်သူတစ်ဦး သေဆုံးပြီး ကလေးနှစ်ဦး အပါအဝင် သုံးဦးဒဏ်ရာများရရှိခဲ့သည်ဟု သတင်းမှားများ ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အလယ်ကျောကျေးရွာနှင့် ကိုရင့်ကျေးရွာတို့ကို တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြည်သူ တစ်ဦး သေဆုံးပြီး ကလေးနှစ်ဦး အပါအဝင် သုံးဦး ဒဏ်ရာများရရှိခဲ့သည်ဟု သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရန်အတွက် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး၊Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာမှ လက်နက်ကြီးကျည်များသည် ဒေသခံပြည်သူများ နေထိုင်ရာအိမ်များပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် အပြစ်မဲ့အရပ်သား ပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် အကြမ်းဖက်သမားများကို အားပေးအားမြှောက်ပြုနေသည့် ပြည်ဖျက်မီဒီယာများက တပ်မတော်အပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန်အတွက် လူမှုကွန်ရက်တွင် မဟုတ်မမှန်သတင်းများရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## စဉ့်ကူးမြို့နယ် ကံတောင်ရွာနှင့် နွယ်ရုံရွာကို တပ်မတော်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ဟု သတင်းမှားများ ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကံတောင်ရွာနှင့် နွယ်ရုံရွာများကို ဩဂုတ် ၄ ရက်တွင် တပ်မတော်ကတိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ကလေးငယ်နှစ်ဦး အပါအဝင် ပြည်သူ ၁၃ ဦး သေဆုံးခဲ့ကြောင်းကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၄င်းရက်တွင် စဉ့်ကူးမြို့နယ် ကံတောင်ရွာနှင့် နွယ်ရုံရွာများသို့ တပ်မတော်လေယာဉ် ပျံသန်းမှုလုံးဝမရှိကြောင်း၊ စဉ့်ကူးမြို့နယ်တွင် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများ၊ Drop Bomb များဖြင့် တိုက်ခိုက်မှုများ မကြာခဏပြုလုပ်နေပြီး ၄င်းတို့၏ လက်နက်ကြီးကျည်များသည် ကျေးရွာများအတွင်း ကျရောက်ပေါက်ကွဲခဲ့သဖြင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးခဲ့ရသည့်ဖြစ်စဉ်များ ဖြစ်ပွားခဲ့ကြောင်း၊ ထိုသို့ ၄င်းတို့၏ လုပ်ရပ်ကို ဖုံးကွယ်ရန်အတွက် တပ်မတော်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းများ လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)




## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များက တစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများက တစ်ဆင့်အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "KyawZinTun 520" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ညောင်ပင်ဆိပ်ကျေးရွာနေ ကျော်ဇင်ထွန်းအား ည ၇ နာရီခွဲတွင်လည်းကောင်း၊ "Ma MyintZu" Facebook အကောင့်နှင့် "MyintzuAungKyi" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်နေ မဥ္စူအောင်အား ည ၈ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

# ဆရာမောင်သုန်၏ ငါးမူးတန်း ဝတ္ထုတိုကို သုံးသပ်ခြင်း

## ပုသိမ်အောင်သန်းဦး

ဆရာမောင်သုန်သည် သူ့ပတ်ဝန်းကျင်ကို မြင်တတ်၊ ကြည့်တတ်သည်။ ထို့ပြင် သူ့ဘဝဝန်းကျင်က လူများအကြောင်း သရော်ဟန်နှင့်လည်းကောင်း၊ ဟာသဟန်နှင့်လည်းကောင်း ရယ်ကာမောကာ ပြောပြတတ်သည့် ဘဝသရုပ်ဖော်စာရေးဆရာတစ်ဦးဖြစ်သည်။ စာဖတ်သူများကို အဖေခေသူမဟုတ် ဝတ္ထုတို ပေါင်းချုပ်ထဲမှ ငါးမူးတန်း အမည်ရှိ ဝတ္ထုတိုလေးနှင့် မိတ်ဆက်ပေးရင်း ဆရာမောင်သုန်၏ စာရေးဟန်၊ တွေးဟန်၊ သရုပ်ဖော်ဟန်ကို တင်ပြချင်ပါသည်။

ပထမဆုံး ဆရာမောင်သုန်က သူရောက်ရှိနေသော ရန်ကုန်မြို့ဆင်ခြေဖုံးရပ်ကွက်လေးကို ဤသို့ သရုပ်ဖော်ပြသည်။

ဤရပ်ကွက်ကားအဆန်း သူ့ရပ်ကွက်ထဲသို့ သွားလိုလျှင် အခြားမြို့နယ်၏ လမ်းကြောင်းမှသွားရသည်။ သို့မှအဆင်ပြေမည်။ မြို့တော်ရန်ကုန်၏ ဆင်ခြေဖုံးရပ်ကွက်တစ်ခုဖြစ်သော်လည်း ရွာကြီးတစ်ရွာနှင့်မခြား၊ ဘုတာရုံမှဆင်း၍ မြေမနီတနီလမ်းလေးအတိုင်း ဆံပင်ညှပ်ဆိုင်ပိစိကွေးလေးတစ်ဆိုင်နှင့် ခပ်ခြောက်ခြောက်လက်ဖက်ရည်ဆိုင် နှစ်ဆိုင်၊ သုံးဆိုင်တွေ့မည်။ တရားခွေမှသည် စတီရီယိုခြောက်ပေါက်သံအဆုံး ကျယ်လောင်မြည်ဟည်းစွာ ဖွင့်ထားသော ကက်ဆက်ဆိုင်တစ်ဆိုင်ကိုတွေ့မည်။ မျက်နှာကြောတင်းတင်းနှင့် ထိုင်နေတတ်သည့် အဒေါ်ကြီးတစ်ဦး၏ ကုန်ခြောက်ဆိုင်တွေ့မည်။ ထို့နောက် ဘောလုံးကွင်းကြီးတစ်ခုကို ဘွားခနဲတွေ့မည်။ ဘောလုံးကွင်းနောက်ဘက်ချောင်ကျကျအရပ်၌ အဆိုပါရပ်ကွက်လေးသည် မဆူညံသေးသမျှ ဆိတ်ငြိမ်စွာ ကုပ်ကုပ်ရုပ်ရုပ်တည်ရှိနေလေသည်။

ဆရာမောင်သုန်သည် သူ့ရပ်ကွက်လေးကို ဤသို့ သရုပ်ဖော်ထားရုံမက ရပ်ကွက်ရှိ လူများ၏အခြေအနေကိုလည်း ဤသို့ပြောပြပြန်သည်။

ဤရပ်ကွက်ရှိ နေသူများကား ခေသူများမဟုတ်ကြ၊ တပ်မတော်အရာရှိဟောင်းတချို့လည်းရှိ၏။ မောင်သံဒိုင်တို့ကဲ့သို့ မိမိကိုယ်ကို ပညာသည်ဝန်ထမ်းဟု ခပ်တည်တည်အမည်တပ်ပြီး နေတတ်သူများလည်းရှိ၏။ ဆယ်တန်းအောင်ပြီးသူများလည်းရှိ၏။ အနေ့းယာဉ်လုပ်သားများလည်းရှိ၏။ ပန်းပဲရုံလည်းရှိ၏။ ပန်းခင်းများလည်းရှိ၏။ ပန်းသည်များလည်းရှိ၏။ အလုပ်လက်မဲ့များလည်းရှိ၏။ ခြံပွဲစား၊ အိမ်ပွဲစားများလည်းရှိ၏။ ထူးခြားများပြားသည်ကား လေယာဉ်ကွင်းမှ ဝန်ထမ်းလုပ်သားများပါပေ။ သူတို့ကား ရွှတ်ရှက်ဒွတ်ဒက်မှုတ်တတ်ကြ၏။ ဖောရိန်း၊ ဖောရိန်းဆိုသော စကားလုံးကိုလည်း ဆီမန်းမန်းသလို ရွတ်တတ်ကြ၏။ ဤရပ်ကွက်သားတို့ကား မီးခဏခဏပျက်၍လည်း စိတ်မညစ်တတ်(ရေနံဆီပေါဟန်တူပါရဲ့)၊ ကြွေးများထူ၍လည်း စိတ်မပျက်(ရှင်ဘုရင်ဆပ်လိမ့်မည်ဟု ထင်ကြဟန်တူသည်)။

တစ်နေ့ မောင်သံဒိုင်သည် လူကြီးငါးမူး၊ ကလေးတစ်မတ်ပေး၍ ဝင်ရသောရုပ်မြင်သံကြားစက်တပ်ဆင်ထားသည့်ရုံရှေ့တွင် မယောင်မလည်ရပ်နေမိသည်။ စာသင်သောကျောက်သင်ပုန်း ခပ်ရွယ်ရွယ်တစ်ချပ်က သရက်ပင်ကိုမှီ၍ ရပ်နေတော်မူသည်။ မြေဖြူခဲနှင့် ရေးထားသော အဆိုတော်နာမည်များနှင့် အစီအစဉ်များကား လာလှည့်ကုန်၊ ကြည့်လှည့်ကုန်ဟု လက်ယပ်ခေါ်နေသယောင်ဟု ရုပ်မြင်သံကြားရုံ ရှုခင်းကိုလေ့လာနေမိသည်။ သို့ဖြင့် မောင်သံဒိုင်လည်း ဖြေဖျော်စရာရှားပါးလှသော ဤ"ပစ္စန္တရစ်"အရပ်လေး၌ ညပ်ညပ်သပ်သပ်နှင့် ငါးမူးတန်းထဲသို့ ရောက်ဖြစ်လာသည်။

ခုံတစ်လုံးပေါ်၌ လက်မ ၂၀ ရုပ်မြင်သံကြားစက်တပ်ဆင်ထားပုံ၊ စက်ရှေ့တွင်ဖျာများခင်းထားပုံ၊ ဖျာများနောက်တွင် ပျဉ်ချပ်များကိုရိုက်ကာ ထိုင်ခုံများအဖြစ် ဖန်တီးထားပုံ၊ မောင်သံဒိုင်က နောက်ဆုံးခုံ၏ အလယ်တွင်နေရာရပုံ၊ ရုံပိုင်ရှင်ဦးပိန်ကလွယ်အိတ်တစ်လုံးသိုင်းလွယ်ပြီး ကလေး၊ လူကြီးများကို ပိုက်ဆံကောက်ပုံ၊ ရုံထဲတွင်ကလေးများက ဆူညံနေပုံ၊ မိန်းမများက စကားများနေပုံ၊ ကလေးငိုသံများကြားနေရပုံ၊ လူငယ်တစ်ယောက်က ညနေကဘောလုံးပွဲတွင် သူတစ်ဖက်လူကိုဘယ်လိုချပုံ၊ ညစ်ပုံတို့ကို ကျယ်ကျယ်လောင်လောင်ပြောပြနေပုံ၊ အစီအစဉ် ဂီတကစနေပြီ။

❖ ဆရာမောင်သုန်က မောင်သံဒိုင် ထရံပေါက်မှလွတ်မြောက်လာပုံကိုသရုပ်ဖော်ပြီး ဦးပိန်ကြီး၏ ရုံအတွင်းကျန်ရစ်ခဲ့သည့် ရုပ်ပုံကိုလည်း ဤသို့သရုပ်ဖော်ပြပါသည်။ စွန်သုတ်ခံရမည့် သားငယ်ကို တောင်ပံဖြန့်၍ အမွေးထောင်ကာ စိုးရိမ်တကြီးမာန်ဖီပြီး အုပ်မိုးထားသောကြက်မကြီးကဲ့သို့ ရုပ်မြင်သံကြားလက်မ ၂၀ ကြီးကို ဖက်မိုး၍ တုန်လှုပ်ချောက်ချားစွာကာကွယ်နေသည့် ငါးမူးတန်းရုံပိုင်ရှင်ကြီး ဦးပိန်ကို မောင်သံဒိုင်တစ်ယောက် မြင်ဖြစ်အောင်မြင်လိုက်လေသတည်းဟူ၍ သရုပ်ဖော်ထားပါသည်။ ❖

မောင်သံဒိုင်မှာ ဂီတကိုစိတ်မဝင်စားနိုင်။ ကလေးများ၏ ငိုသံ၊ စကားပြောသံ၊ အော်ခေါ်သံ၊ အမေလုပ်သူများ၏ဆူသံ၊ ဆဲသံ၊ ရိုက်သံများကြောင့် တေးဂီတသည် မချိုမြိန်နိုင်တော့ပါ။ မောင်သံဒိုင်ကား ငါးမူးပေး၍ ရုပ်မမြင်၊ အသံမကြားနှင့် ညားနေရလေပြီ။

လူများကလည်း အဆက်မပြတ်ဝင်လာလျက်ရှိသေးသည်၊ ရုံအတွင်း ဆေးလိပ်မီးခိုးငွေ့များကလည်း တလိပ်လိပ်တက်လျက်ရှိသည်။ ထိုစဉ်လူကြီးတစ်ဦး နောက်လိုက်အခြွေအရံများနှင့်ဝင်လာသည်။ လက်ထဲတွင် ဝါးရင်းတုတ်ကိုင်လျက်၊ ရုံပိုင်ဦးပိန်က ခရီးဦးကြိုသည်။

"ဟာ. . . အစ်ကိုတို့ မလာတာအတော်တောင်ကြာပြီ။ လာ အစ်ကို ဒီညကားကောင်းတယ်။ ကျော်ဟိန်းလေ" ဟူသော ရုတ်တရက်ပျော့ပျောင်းသွားသည့် ဦးပိန်၏အသံကြောင့် မောင်သံဒိုင် ငေးကြည့်မိသည်။

အဆိုပါပုဂ္ဂိုလ်ကြီးဝင်လာသည်နှင့် တစ်ရုံလုံးဆူညံသံများ တိတ်ဆိတ်သွားကြသည်။ "ဥက္ကဋ္ဌကြီးလာပါ"ဟု နေရာပေးကြသည်။ သူကား နယ်နယ်ရရလူမဟုတ်၊ ရပ်ကွက်လူကြီးပေတကား။ ယခုလိုဆိုတော့လည်း အဟုတ်သား၊ ကလေးများလည်းငြိမ်သွား၊ ကာလသားမဖြစ်တဖြစ်များလည်းတိတ်သွား၊ မိန်းမတချို့၏တွတ်ထိုးသံလည်းမကြားရတော့၊ ဥက္ကဋ္ဌကြီးအစွမ်းပေပဲ။

ရုပ်ရှင်စပြတော့ ကလေးများက တစ်စခန်းထကြပြန်သည်။ လက်ခုပ်တီးကြသည်။ လက်ခေါက်မှုတ်ကြသည်။ တချို့ကအားမရကြ၍ မတ်တတ်ရပ်ပြီး ဩဘာပေးကြသည်။ ဦးပိန်အော်ရပြန်သည်။

"ကလေးတွေကတော့ ဒီလိုပဲအစ်ကိုရေ။ နည်းနည်းတော့သည်းညည်းခံရတာပဲ"ဟု ဦးပိန်က ရပ်ကွက်လူကြီးကိုရှင်းပြသည်။ ရပ်ကွက်လူကြီးကား မျက်နှာတည်တည်ကြီးနှင့် ခေါင်းတစ်ချက်ညိတ်ပြသည်။ မောင်သံဒိုင်ကား ကျော်ဟိန်းထက် ဦးပိန်ကို ပို၍ စိတ်ဝင်စားမိသည်။

ဟော ဦးပိန်၏ ရုပ်ရှင်ခန်းမကြီး ရုတ်တရက်အမှောင်ကျသွားသည်။ ဆေးလိပ်မီးများ ဟိုမှ ဒီမှ ရဲခနဲ ရဲခနဲ ပေါ်လာနေကြသည်။ မီးစက်သမားများကို ရည်ရွယ်၍ ဦးပိန်၏ဆဲသံက မောင်သံဒိုင်၏နားထဲသို့ ဆောင့်ကြီးအောင့်ကြီးဝင်လာသည်။ ကလေးများကား အတောမသတ်ဆူညံကြလေပြီ။ "ကားခိုးတယ်ဗျို့၊ ပိုက်ဆံပြန်ပေးပါဗျို့"ဟူသောအသံများ၊ ဖိုးအေးမင်းလက်ကြီးက၊ ဟေ့ မောင်နီ ဘာလုပ်တာလဲ၊ ကောင်မကလေးကိုလွှတ်လိုက် စသောခပ်နောက်နောက်ကာလသားတချို့၏ ဟီသံများ၊ ဦးပိန်၏ တစ်ချီတစ်ချီထ၍ မိုက်ဂုဏ်မြောက်စွာဆဲသည့် အဆဲကြမ်းများ၊ မောင်သံဒိုင်မှာ ငါးမူးပေး၍ အရှင်လတ်လတ် ငရဲပြည်သို့ ရောက်နေလေပြီ။

"ဟော ငရဲပြည်ကြီးမီးပြန်လင်းလာချေပြီ။ မဟုတ်ပါ။ ဦးပိန်အရေးပေါ် သုံးရန် ငှားထားသော ဘက်ထရီအိုးကြီးကြောင့်ဖြစ်ပါသည်။ "ဟေး ဟေး"နှင့်လက်ခုပ်သံများ၊ ဩဘာသံများကြားရပြန်သည်။ မြူးထူးရွှင်ပျနေသော အော်သံများကြားရသည်။

ရုပ်ရှင်ဆက်ပြသည်။ စောစောကလူဆိုးများနှင့် ထိုးသတ်ခဲ့သော မင်းသားမှာ ယခုသူ့ချစ်သူနှင့် တေးသီချင်းဆိုခန်းရောက်နေ၏။ ပရိသတ်အားလုံး စိတ်ဝင်စားနေကြ၏။ တိတ်ဆိတ်ငြိမ်သက်နေကြ၏။ ဇာတ်ရှိန်ကလည်း တဖြည်းဖြည်းတက်လာ၏။ မြင့်သည်ထက်မြင့်လာ၏။ ဇာတ်လိုက်အဖေသေဆုံးခန်းတွင် အားလုံးမျက်ရည်ကျကြဟန်တူ၏။ မသေဆုံးမီ ပြောခဲ့သည့် စကားများကလည်း မြန်မာဇာတ်ကားပီပီ ရှည်လှ၏။ တော်တော်နှင့် မသေနိုင်။

ဤသို့ တစ်ရုံလုံးငြိမ်သက်တိတ်ဆိတ်ဝမ်းနည်းနေကြခိုက် "ဖြန်း"ဟူသော ကျယ်လောင်မြည်ဟည်းသည့် အသံတစ်ချက်ကြားရပြီးသကာလ မောင်သံဒိုင်ခုံနံဘေးမှ ခပ်ရွယ်ရွယ်ငနဲသားတစ်ကောင်၏ ခေါင်းမှာချာခနဲလည်သွား၏။

"ငြိမ်နေတာအကောင်းမှတ်လို့ တော်တော်စုတ်ပဲ့တဲ့အကောင်၊ သေခြင်းဆိုးမှတ်ပြီလား"ဟူသော မာကျောကျောအသံ၊ မီးတောက်နေသည့် မျက်လုံးအစုံနှင့် ခါးထောက်၍ ရပ်လိုက်သော လုံမရွယ်တစ်ယောက်ကို ထိတ်လန့်ဖွယ်တွေ့လိုက်ရသည်။ လူမှားမည်စိုး၍ မောင်သံဒိုင်မှာ အသာတစ်ဖက်ကပ်၍ ခပ်ယို့ယို့နေလိုက်ရသည်။

"ခင်ဗျားကို ဘာလုပ်လို့လဲ"ဟု ပါးရိုက်ခံရသူက ထအပြော လုံမဘေးမှ မောင်ကြီးတစ်ယောက်က "ခွေးမသား ဘာလုပ်တာလဲကွ"ဟုဝင်အထိုး၊ အထိုးခံရသူ၏ ဘယ်ဘက်မှ တစ်ယောက်ကဝင်အတား၊ နံဘေးမှဝင်အဆွဲ၊ ထိုးကြ၊ ကာကြ၊ ဆွဲကြ၊ အော်ကြ၊ ဟစ်ကြနှင့် ငါးမူးတန်းခန်းမကြီးတစ်ခုလုံး ရှုပ်ယှက်ခတ်ကုန်ကာ ဦးပိန်လည်းမနိုင်၊ ဦးဝလည်းမနိုင်နှင့် အဝီစိကို မီးပြင်းပြင်းထိုးလိုက်သည့်သဖွယ် ပွက်လောရိုက်ကုန်ကြလေသည်။

ဆရာမောင်သုန်က ငါးမူးတန်းရုံအတွင်းမှ အဖြစ်အပျက်တစ်ခုကို သေသပ်စွာ သရုပ်ဖော်ပြလိုက်ပုံမှာ "အဝီစိကို မီးပြင်းပြင်းထိုးလိုက်သည့်နှယ်"တဲ့။

ဤအချိန် မိန်းမများကလည်း အော်ကြဟစ်ကြ၊ ကလေးများကလည်း ပြေးကြလွှားကြ၊ လူငယ်များက ဟိုဟာဆွဲ၊ သည်ဟာဆွဲ၊ လူကြီးများကလည်း ဟေ့ ဟေ့နှင့်အော်။ ဆယ်အိမ်ခေါင်းမနိုင်၊ သူကြီးမနိုင်၊ "အော်သာအော် မတော်ကြဘူး ကျောင်းအစ်မရေ"ဟု စိတ်ထဲကရေရွတ်ပြီး လူအားနှင့်တိုးမိ၍ ပွင့်ထွက်သွားသော ထရံပေါက်မှ မောင်သံဒိုင်လည်း ဒိုင်ဗင်ထိုးကာ ထွက်ခဲ့ရလေတော့သည်။

ဆရာမောင်သုန်က မောင်သံဒိုင်ထရံပေါက်မှ လွတ်မြောက်လာပုံကို သရုပ်ဖော်ပြီး ဦးပိန်ကြီး၏ ရုံအတွင်း ကျန်ရစ်ခဲ့သည့် ရုပ်ပုံကိုလည်း ဤသို့သရုပ်ဖော်ပြပါသည်။

စွန်သုတ်ခံရမည့် သားငယ်ကို တောင်ပံဖြန့်၍ အမွေးထောင်ကာ စိုးရိမ်တကြီးမာန်ဖီပြီး အုပ်မိုးထားသော ကြက်မကြီးကဲ့သို့ ရုပ်မြင်သံကြားလက်မ ၂၀ ကြီးကိုဖက်မိုး၍ တုန်လှုပ်ချောက်ချားစွာ ကာကွယ်နေသည့် ငါးမူးတန်းရုံပိုင်ရှင်ကြီး ဦးပိန်ကို မောင်သံဒိုင်တစ်ယောက် မြင်ဖြစ်အောင်မြင်လိုက်လေသတည်းဟူ၍ သရုပ်ဖော်ထားပါသည်။

ထို့ပြင် မောင်သံဒိုင်၏အဖြစ်ကို ဆရာမောင်သုန်က ဖိနပ်တစ်ဖက်ကျန်ခဲ့ပြီး ကြယ်သီးနှစ်လုံးပြုတ်ထွက်ခဲ့ကာ ဆေးလိပ်နှစ်လိပ်ကျိုးကြေခဲ့ရသဖြင့် စိတ်အနာကြီးနာခဲ့သော်လည်း ထိုငါးမူးတန်းသို့ မောင်သံဒိုင်တစ်ယောက် မကြာမကြာ သွားဖြစ်နေပါဦးမည်။

အဘယ်ကြောင့်နည်း။ စဉ်းစားစရာပေပဲလေဟု အဆုံးသတ်ထားပါသည်။

မောင်သံဒိုင်ကဲ့သို့ပင် ဤရပ်ကွက်မှလူများသည်လည်း ဦးပိန်၏ ငါးမူးတန်းရုပ်မြင်သံကြားရုံသို့ သွားကြဦးမည်ပင်။ အကြောင်းကား ဤရပ်ကွက်တွင် ဖြေဖျော်စရာဟူ၍ ဦးပိန်၏ ငါးမူးတန်းရုံတစ်ရုံသာ ရှိသောကြောင့် ဖြစ်ပါလိမ့်မည်။

ဆရာမောင်သုန်သည် ဤရပ်ကွက်အနေအထား၊ ဤရပ်ကွက်မှလူများအကြောင်းကို နှံ့နှံ့စပ်စပ်တွေးပြီး ကွက်ကွက်ကွင်းကွင်းရေးပြထားသည်ကို တွေ့ရပါသည်။ ဖတ်ရသည်မှာ ပျော်စရာလည်းကောင်းပါသည်။ မောစရာလည်းကောင်းပါသည်။

လူ့ဘဝဆိုသည်မှာလည်း ပျော်စရာ၊ မောစရာများနှင့် ဖွဲ့စည်းထားသော လူ့ဘုံလူ့ဘဝပင်မဟုတ်ပါလား။

**ကိုးကား**

- **ဆရာမောင်သုန်၏ အဖေခေသူမဟုတ်နှင့် အခြားဝတ္ထုတိုများစာအုပ်မှ**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# အေးချမ်းစွာအနားယူလိုက်ပါ

ချာန်လေး(ဗညာရေး)



(၁)

"ဆရာမကြီး ကျွန်မကို ပိုက်ဆံတစ်သိန်းလောက် ခဏချေးပါအုံး"

ဒေါ်လွင်သူသည် ဆရာမကြီး ဒေါ်သိန်းသိန်းမြင့် အနားကပ်ကာ လေသံတိုးတိုးလေးဖြင့် ပြောလိုက်သည်။ ကျန်းမာရေးက ပိုဆိုးလာသည်။ ဆေးခန်းပြရန် လက်ထဲတွင် ငွေအလုံအလောက်မရှိသောကြောင့် တစ်ချိန်က တစ်ကျောင်းတည်း အတူတာဝန်ထမ်းဆောင်ခဲ့သော ဆရာမကြီးဒေါ်သိန်းသိန်းမြင့်ဆီ မဖြစ်မနေ ချေးခဲ့လိုက်ရသည်။ အရင်အကြွေးများလည်း အကုန်မဆပ်ရသေး။ သို့သော် လစာထုတ်လျှင် အတိုးရော အရင်းပါ ပေါင်းပေးမည်ဆိုသောအတွေးနှင့် ရဲဝင့်စွာ ထပ်ချေးမိလိုက်ပြန်သည်။

"လွင်သူရယ် အရင်ဟာတွေလဲ ရှိသေးတယ်နော်"

"ဟုတ်ကဲ့ပါဆရာမကြီး ကျွန်မသိပါတယ်ရှင်"

"နင့်မှာလဲအေ ယောကျ်ားတစ်ယောက်လုံး ရှိနေတာကို ကိုယ့်ဘက်ကဖြစ်နေတဲ့ပြဿနာတွေ ပြောပြမှပေါ့။ နင်က ဘာတစ်ခွန်းမှမပြောတော့ ဟိုတစ်ယောက်က အေးရာအေးကြောင်း နေနေရောပေါ့"

ဆရာမကြီးဒေါ်သိန်းသိန်းမြင့် ပြောသောစကားကို ခေါင်းတညိတ်ညိတ်ဖြင့်နားထောင်ကာ လိုအပ်သောငွေကိုယူ၍ အိမ်သို့ပြန်လာခဲ့သည်။

(၂)

"အဟွတ် အဟွတ်"

ဒေါ်လွင်သူတစ်ယောက် ချောင်းဆိုးနေသည်မှာ လချီကြာနေပြီ။ အရင်က ချောင်းဆိုးလျှင်ဆက်တိုက်မဆိုးဘဲ ယခုဆိုလျှင်ဖြင့် ချောင်းဆိုးနေသည်မှာစိပ်လာခဲ့သည်ကို ဒေါ်လွင်သူတစ်ယောက် သတိထားလာမိခဲ့သည်။ အဖေဖြစ်သူ ဆုံးပါးသွားပြီးကတည်းက အိမ်အတွက် အမာခံအဖြစ် ငွေရှာနေခဲ့ရသည်။ မိခင်ဖြစ်သူက မူလတန်းကျောင်းအုပ်ဘဝဖြင့် ပင်စင်စားနေပြီ။ ညီမဖြစ်သူကျောင်းစရိတ်ကိုလည်း ပံ့ပိုးပေးခဲ့ရသလို ခင်ပွန်းဖြစ်သူအတွက်လည်း လိုအပ်သောငွေကို ပို့ပေးရသေးသည်။ ခင်ပွန်းဖြစ်သူက ဆရာဝန်ဘွဲ့ကိုရရှိရန် ဒီနှစ်နောက်ဆုံးဖြစ်သည်။

ခင်ပွန်းသည်ဘက်က မိဘများသည် အရင်က တစ်ဖက်တစ်လမ်းကနေ လိုအပ်သောငွေကို ပံ့ပိုးပေးခဲ့သော်လည်း နောက်ဆုံးနှစ်မှာတော့ ပံ့ပိုးပေးခဲ့ခြင်းမရှိတော့ပေ။ ဘာကြောင့်ရယ်တော့ သူမသိခဲ့။ သို့သော်လည်း အားတင်းကာ မိသားစုအတွက်ဟူသော အသိဖြင့် ဘဝကို ကြိုးစားရုန်းကန်ခဲ့သည်။

"သမီး သမီးလေး ရရဲ့လား"

"ရပါတယ်မေမေရယ်၊ သမီးဘာမှမဖြစ်ပါဘူး"

"ဒီမှာ ကြက်စွပ်ပြုတ်လေး ဝင်အောင်သောက်လိုက်အုံးနော်။ မီးဖိုချောင်ထဲက မပြီးပြတ်သေးတဲ့ အလုပ်ကို လက်စသတ်လိုက်ချင်သေးလို့"

"ဟုတ်ကဲ့ ထားခဲ့လိုက်ပါမေမေ။ သမီးသောက်လိုက်ပါ့မယ်"

ဒေါ်လွင်သူသည် အထက်တန်းပြ ဆရာမတစ်ဦးဖြစ်သည်။ ကျောင်းဆင်းချိန်ဆိုလျှင် အပြင်ဝိုင်းများကို စာလိုက်သင်လေ့ရှိသည်။ ဝိုင်းများကို စာလိုက်မသင်နိုင်သည်မှာ ယခုဆိုလျှင် တစ်ပတ်ကျော်လေပြီ။ ကျောင်းသားမိဘများက ကျန်းမာရေးကြောင့်ကို နားလည်ပေးနိုင်ကြသော်လည်း ပျက်ရက်များလာတော့ သိပ်မဟုတ်ချင်ကြတော့ပေ။ ထို့ကြောင့် ဒေါ်လွင်သူသည် ကိုယ့်ကိုယ်ကိုယ် အားမလိုအားမရဖြစ်နေသည် မှတစ်ပါး အခြားဘာတတ်နိုင်တော့မလဲဟု နေ့စဉ်နှင့်အမျှ စိတ်အားငယ်နေမိသည်။

(၃)

တစ်ပတ်နေလျှင် အိမ်ကိုပြန်လာခဲ့မည်ဟုဆိုသည့် ခင်ပွန်းဖြစ်သူ၏စကားကြောင့် သူမျှော်နေမိခဲ့သည်။ ကုလားထိုင်ပေါ်ထိုင်နေရင်းပင် ရုတ်တရက် ခေါင်းများပြင်းထန်စွာ ထိုးကိုက်လာသောကြောင့် အောက်ကို လဲကျသွားခဲ့သည်။

"ဝုန်း"

"လွင်သူ လွင်သူ"

ဘေးနားက လုပ်ဖော်ကိုင်ဖက်ဖြစ်သူ ဒေါ်သဥ္ဇာက ထိတ်လန့်သွားကာ အပြေးအလွှားထူ၍ တန်းလျားပေါ်တွင် နေရာချပေးလိုက်သည်။

"လွင်သူ ညီမလေး"

"ဟင် အစ်မ ဟင်။ ညီမလေး ဘာဖြစ်သွားတာလဲ အစ်မ"

"ငါ့ညီမ ထိုင်နေရင်း အောက်ကိုလဲကျသွားလို့လေ။ အခုလေးတင် အစ်မကပွေ့ပြီး တန်းလျားပေါ် အသာလေး ချပေးထားတာ"

"ဟုတ်အစ်မ ကျေးဇူးပါနော်"

"ကျောင်းဆင်းချိန်ကို စောင့်မနေဘဲ ကျောင်းအုပ်ဆရာမကြီးကို အကျိုးအကြောင်းပြောပြပြီး အိမ်ပြန်နားလိုက်ပါလား ညီမလေး"

ဒေါ်လွင်သူတစ်ယောက် ခံစားနေရသောဝေဒနာကိုအံကြိတ်ကာ ဟန်မပျက်နေနေသည်ကို ဒေါ်သဥ္ဇာတစ်ယောက် ကောင်းကောင်းနားလည်သည်။ အဘယ်ကြောင့်ဆိုသော် ဒေါ်လွင်သူနှင့် ဒေါ်သဥ္ဇာဆိုသည်မှာ လုပ်ဖော်ကိုင်ဖက်ဆိုသော်လည်း ညီမအရင်းလို ချစ်ခင်ရင်းနှီးစွာနေထိုင်ခဲ့ကြသည်။ တစ်ဦး၏ပြဿနာကို တစ်ဦးက ကူညီပေးတတ်ပြီး ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီပုံစံ နေထိုင်ခဲ့ကြသည်။ ထို့ကြောင့် ဒေါ်လွင်သူ၏စိတ်ဓာတ်ကို ဒေါ်သဥ္ဇာ ကောင်းကောင်းသိပေသည်။ အခြေအနေဟန်ပုံမပေါ်တော့သည့် ဒေါ်လွင်သူကို ဒေါ်သဥ္ဇာတစ်ယောက် ဆိုင်ကယ်ဖြင့် အိမ်တိုင်ရာရောက် ပို့ပေးခဲ့သည်။

(၄)

"ဟယ် လွင်သူ ညီမလေး၊ ဒီနေ့ကျောင်းလာတယ်ပေါ့"

ဒေါ်လွင်သူသည် နေထိုင်မကောင်းသော်လည်း နဂိုကတည်းက သန့်သန့်ပြန့်ပြန့်နေတတ်သူတစ်ဦးဖြစ်သည်။ သူနှင့်မသိကြ၊ မရင်းနှီးကြသောသူများက သူ့ကို ကျန်းမာရေးကောင်း၍ ဖလန်းဖလန်းဖြစ်နေသူ တစ်ဦးဟုပင်ထင်ကြပေသည်။ ဒီနေ့လည်း သန့်သန့်ပြန့်ပြန့်ဖြင့် ကျောင်းဝင်းထဲဝင်လာသော ဒေါ်လွင်သူ တစ်ယောက်ကို အံ့အားသင့်စွာဖြင့် ဒေါ်သဥ္ဇာက လှမ်းမေးလိုက်သည်။

"ကျောင်းတက်လာတာ မဟုတ်ပါဘူးအစ်မရယ်။ ခွင့်ရက်တွေအတွက် ပြင်ဆင်ဖို့ ဆရာမကြီးက ခေါ်လိုက်လို့ပါ"

"သြော်. . . အေးအေးညီမ ဟုတ်ပါပြီ"

သည်တစ်ခါ နေပြည်တော်သို့ ဆေးခန်းသွားပြမည်ဖြစ်သော ဒေါ်လွင်သူသည် အချိန်ကြာဟန်ပေါ်သည်။ ဒေါ်လွင်သူတစ်ယောက် အစစအရာရာ အားလုံးအဆင်ပြေပါစေဟု ဒေါ်သဥ္ဇာတစ်ယောက် ဆုတောင်းပေးနေမိသည်။ တအားသနားဖို့ကောင်းသော ဒေါ်လွင်သူ၏ဘဝကို ဒေါ်သဥ္ဇာတစ်ယောက် ကိုယ်ချင်းစာမိသည်မှာအမှန်။ ဒီလိုအခြေအနေမျိုးတွင် သူ၏ခင်ပွန်းကို မျှော်နေမည်မှာအမှန်ပင်။ ဘယ်လောက်ပင်မျှော်နေသော်လည်း ခင်ပွန်းဖြစ်သူကတော့ ပေါ်မလာနိုင်ခဲ့ပေ။ ခင်ပွန်းဖြစ်သူသည် နောက်ဆုံးနှစ်တွင် ဟောက်စ်ဆင်းနေရသည်ဟု လွင်သူပြောစကားကြောင့် သိခဲ့ရသည်။ အကြောင်းအမျိုးမျိုးကြောင့်မလာနိုင်ခဲ့သော သူ၏ခင်ပွန်းကို ဘာမဆိုင်ညာမဆိုင်ဖြင့် ကြားထဲကနေ ဒေါသဖြစ်နေမိသည်။ သည်လိုအခြေအနေမျိုးတွင် သူက ယောကျ်ားသားဆိုတော့ ဦးဆောင်ပြီးလုပ်ပေးခဲ့ရင် ဒေါ်လွင်သူတစ်ယောက်ဘာပဲဖြစ်ဖြစ် အားရှိနေမည်မှာတော့ သေချာသည်။

(၅)

ဒေါ်လွင်သူတစ်ယောက် နေပြည်တော်သို့ဆေးခန်းသွားပြသည်မှာ တစ်ပတ်ခန့်ရှိလေပြီ။ သည်နေ့ညသူညီမ မေသူပြန်လာမည်ဟု သတင်းကြားထားသောကြောင့် အပေါင်းအဖော်များနှင့်စုကာ လိုအပ်မည်ထင်သောပစ္စည်းများနှင့် အားဖြစ်စေသော စားစရာလေးများကို ဝယ်ခြမ်းပေးရန် စီစဉ်လိုက်သည်။

"ညီမရေ မေသူ"

"ရှင်၊ သြော်. . . အစ်မလား၊ လာပြီနော်အစ်မ ခဏလေးရယ်"

မီးဖိုချောင်ထဲမှ ကပျာကယာဖြင့် ထွက်လာသော မေသူကိုကြည့်ပြီး ရင်ထဲမှာ စိတ်မကောင်းဖြစ်ခဲ့ရသည်။

"ညီမလေး လွင်သူရောသက်သာရဲ့လား။ အခြေအနေဘယ်လိုရှိသေးလဲ"

"သက်သာတယ်ပဲပြောရမလားအစ်မရယ်။ လောလောဆယ် ဆရာဝန်ပြောစကားအရတော့ ဦးနှောက်အမြှေးရောင်တာလို့ ပြောတာပဲ။ နောက်ပြီးတော့ ဦးနှောက်ထဲကို ပိုးဝင်သွားတယ်လို့ ပြောတယ်အစ်မ။ အဲဒါကြောင့် ပိုးသတ်ဆေး ၁၄ ဘူး ချိတ်ရမယ်တဲ့ အစ်မရေ"

"စိတ်မကောင်းပါဘူးညီမရယ်။ ဆေးသွင်းပြီးရင်တော့ သူပြန်ပြီးကျန်းကျန်းမာမာဖြစ်လာမှာပါ။ ဒီမှာ အစ်မသူ့အတွက် စားစရာလေးတွေနဲ့ လိုအပ်မယ်ထင်တဲ့ပစ္စည်းတချို့ကို လာပေးတာညီမလေး"

"ဟုတ်အစ်မ ကျေးဇူးပါနော်"

"သူ့ကိုဖုန်းဆက်တာလဲ မကိုင်ဘူးကွဲ့။ သြော်. . . ဒါနဲ့လေ သူ့ယောကျ်ားကော လာကြည့်သေးလား ညီမလေး"

"တစ်ခေါက်တော့လာတယ်။ ခဏလောက်နေပြီး ပြန်သွားတယ်အစ်မ။ အမေနဲ့ညီမလေးပဲ အကုန်လုပ်ပေးရတာပေါ့ အစ်မရယ်"

အလွန်သနားစရာကောင်းသော ဒေါ်လွင်သူ၏ ဘဝသည် မိသားစုအတွက် ပေးဆပ်ရုံသက်သက်လူဖြစ်လာသည်ဟု ဆိုရပေမည်။

(၆)

"ကလင် ကလင်"

ပိုက်ဆံအိတ်ထဲက ဖုန်းမြည်သံကြောင့် ဒေါ်သဥ္ဇာတစ်ယောက် ရေးလက်စ"က"စာရင်းကို ခဏချထားလိုက်ကာ ဖုန်းကိုကြည့်လိုက်သော် သူငယ်ချင်းဖြစ်သူ လွင်သူထံမှလာသော ဖုန်းဖြစ်သောကြောင့် ပျော်သွားမိသည်။

"အေး ညီမလေး သက်သာသွားပြီးလား။ အစ်မလဲ သတိရနေတာ ညီမလေးရဲ့"

"ဟုတ် အစ်မ သက်သာပါတယ်။ ဒီနေ့ဆေးသွင်းတာ ၁၄ ဘူးမြောက်ပြီးသွားပြီအစ်မ။ ခေါင်းတွေလဲ အရင်လို ထိုးမကိုက်တော့ဘူး။ နေရထိုင်ရတာလဲ အဆင်ပြေတယ်ပြောပါတော့ အစ်မရယ်"

အဆင်ပြေသည်ဟုပြောနေသော်လည်း လွင်သူ၏အသံသည် သဲ့သဲ့လေးပင်ဖြစ်နေသည်။ ပြောနေရင်းမှ ငိုသံလေးကို ကြားလိုက်ရတော့သည်။ သူဝမ်းနည်း၍ အားနည်းနေပုံပေါ်သည်။

"အစ်မရေ အစ်မကိုလဲ ညီမလေးတိုင်စရာတွေ ရှိတယ်သိလား"

"အေး ပြောလေညီမ၊ ငါ့ညီမလေးကို ဘယ်သူက ဘာတွေလုပ်နေကြတာလဲ"

စာမျက်နှာ ၂၅ သို့ ➤

# ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၉၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေးဝ ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၉၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၉၉၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၉၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ မိုးနှမ်း ၉၉၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၉၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့ GAP နည်းစနစ်နဲ့စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းများဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့်စိုက်ပျိုးသည့်တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောပြ၍ သိရသည်။

(၂၀၆)

## နေရာအနှံ့ မေတ္တာဖြန့်

- မင်္ဂလာ နံနက်ခင်း
ကောင်းခြင်းများ ပြည့်စုံကာ၊
မေတ္တာကို နေရာအနှံ့
ဖြန့်ကြက်ဝေဆာ၊
လူသားတိုင်း ဘဝမှာ
စိတ်ချမ်းသာ ကိုယ်ချမ်းမြေ့၊
ရင်ဆိုင်နိုင် အခက်ခဲကို
အောင်ပွဲနဲ့တွေ့။

- ရိုးသားစွာ စီးပွားလမ်း
ကြိုးပမ်းလျက် တက်ကြွပို၊
ကောင်းမှုဆောင် ကောင်းစိတ်မွေး
အေးမြစေလို၊
အတ္တကင်း နှုတ်ခွန်းချို
သောကဆို ကင်းစင်ပ၊
ရှင်သန်ရာ လောကကြီးမှာ
နည်းလမ်းလည်းလှ။

- ဘဝကို စည်းကမ်းကျ
အသုံးချ တန်ဖိုးဝင်၊
အကျိုးဆောင် အများအတွက်
ဆောင်ရွက်ဖို့ပြင်၊
ထက်မြက်သည့် စိတ်အစဉ်
စွမ်းရည်ပင် ရှိဖို့အရေး၊
ပျိုးထောင်လေ ရှေ့သို့ရောက်အောင်
လျှောက်ကြစို့လေး။ ။

**မောင်မျိုးချစ်(အညာမြေ)**

# ရွှေသောင်ယံကမ်းခြေသို့ ပြီးခဲ့သည့်ဇူလိုင်လအတွင်း ခရီးသွားဧည့်သည် ၁၇၀၁၁ ဦးထိ လာရောက်လည်ပတ်ခဲ့

**ပုသိမ် ဩဂုတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံကမ်းခြေသို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ခရီးသွားဧည့်သည် ၁၇၀၁၁ ဦးထိ လာရောက် လည်ပတ်ခဲ့ကြောင်း ရွှေသောင်ယံကမ်းခြေ ခရီးသွားလုပ်ငန်းအသင်းတာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြ၍ သိရသည်။

ခရီးသွားဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံကမ်းခြေသို့ ပြီးခဲ့သည့် ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ၁၇၀၁၁ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"ရွှေသောင်ယံကမ်းခြေကို ပြီးခဲ့တဲ့ ဇူလိုင်လထဲမှာ ခရီးသွားဧည့်သည် အယောက် ၁၇၀၀၀ ကျော်ထိ လာရောက်လည်ပတ်ခဲ့ပါတယ်။ မိုးရာသီဖြစ်ပေမဲ့ ခရီးသည်မပြတ်တဲ့ အခြေအနေရှိနေပါတယ်။ ရွှေသောင်ယံကမ်းခြေကိုလာတဲ့ဧည့်သည်တွေထဲမှာ နေ့ချင်းပြန်လာတဲ့ဧည့်သည်များတယ်။ ပြီးခဲ့တဲ့ဇူလိုင်လအတွင်း ရွှေသောင်ယံကမ်းခြေကိုလာတဲ့ခရီးသွားဧည့်သည်တွေထဲမှာ ပြည်တွင်းဧည့်သည်တွေအပြင် ပြည်ပခရီးသွားတွေပါ လာတာတွေ့ရပါတယ်။ ကမ်းခြေကိုလာတဲ့ဧည့်သည်တွေများတော့ ဟိုတယ်တွေနဲ့အခြား ခရီးသွားလုပ်ငန်းတွေ ပိုမိုအဆင်ပြေလာပါတယ်"ဟု ရွှေသောင်ယံကမ်းခြေ ခရီးသွားလုပ်ငန်းအသင်းတာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြသည်။

ရွှေသောင်ယံကမ်းခြေတွင် ခရီးသွားဧည့်သည်များ စနစ်တကျ အနားယူအပန်းဖြေနိုင်ရန် ဟိုတယ်လုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းအသင်းများ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက ကမ်းခြေစည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ ပူးပေါင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စစ်ကိုင်းမြို့နယ် ကုန်းရွာကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**စစ်ကိုင်း ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်ဆည်ကျေးရွာအုပ်စု ကုန်းရွာကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွယ်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများသည် ကျေးရွာရပ်မိရပ်ဖများနှင့်အတူ ကုန်းရွာကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်းများ ဖောက်လုပ်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ကုန်းရွာကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း အရှည်ပေ ၇၉၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၆၂ ဒသမ ၁၂ သန်းဖြင့် တင်ဒါအောင်မြင်သည့် ချမ်းမြေ့ပြည်သာကုမ္ပဏီက ဇူလိုင်လစတုတ္ထပတ်မှစ၍စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

➤ စာမျက်နှာ ၂၄ မှအဆက်

"အစ်မရယ် ညီမလေးကိုလေ အမေနဲ့ညီမလေးနဲ့ပေါင်းပြီး ဝိုင်းချုပ်ထားလိုက်ကြတာ။ ဆရာဝန်က ဆေးထိုးလို့ပျော့အစ်မရယ်။ ညီမဖြင့် ရှုန်းလိုက်ရတာ အားကိုမရှိပါဘူး အစ်မရယ်"

လွင်သူ၏ စကားသံကိုကြားလိုက်ရတော့ အလိုလိုဝမ်းနည်းလာကာ မဖိတ်ခေါ်ဘဲရောက်ရှိလာသည့် မျက်ရည်စများကျလာသည်။

"အစ်မရေ ညီမလေးဆေးရုံကဆင်းလာရင် တို့တစ်တွေ အတူ လျှောက်လည်ကြအုံးမယ်နော်။ ပျော်ပျော်ပါးပါးစားလိုက်ကြသောက်လိုက်ကြနဲ့ပေါ့"

"အေးပါ ညီမလေးရယ်။ အခုလောလောဆယ် အားရှိအောင်စား၊ အားရှိအောင်နေအုံးနော်။ ငါ့ညီမလေး ဆေးရုံက ပြန်ဆင်းလာတဲ့တစ်နေ့ တို့တစ်တွေ လျှောက်လည်ကြမှာပေါ့"

"အစ်မ ညီမလေးက အရင်လိုပြန်ကောင်းပြီး ဖလန်းဖလန်းပြန်ဖြစ်လာမှာပါနော်"

"အေးပေါ့ညီမရယ် ပြန်ဖြစ်လာမှာပေါ့။ စိတ်မကောင်းစရာတွေ ဘာမှ လျှောက်မတွေးသေးနဲ့အုံးနော်။ ကိုယ့်ကျန်းမာရေးကိုဂရုစိုက် ဟုတ်ပြီလား။ နားလိုက်အုံး"

"ဟုတ်အစ်မ ဟုတ်"

(၇)

"ဆရာမ ဆရာမ ဖုန်းလာနေတယ်"

"အေး အေး သမီးပေး"

ကလေးလက်ထဲမှဖုန်းကို ယူကြည့်လိုက်သည်။ လွင်သူ့အမေ၏ ဖုန်းဖြစ်နေသည်။ အမြန်ကိုင်လိုက်သည်။

"ဟယ်လို သမီး"

"ဟုတ် အန်တီ"

"လွင်သူ ဆုံးပြီ"

"ရှင်"

ကိုယ့်နားကိုပင် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားသည်။ ကံကြမ္မာကိုပဲ အပြစ်တင်ရမလား။ တစ်ထိုင်တည်းမှာပင် ငိုချလိုက်မိတော့သည်။ ဖုန်းကိုပင် ဆက်၍မပြောနိုင်တော့ဘဲ အားရပါးရငိုချလိုက်ပါတော့သည်။ မွန်းလွဲ ၂ နာရီလောက်ကတည်းက ကျောင်းအုပ်ဆရာမကြီးကို အကျိုးအကြောင်းပြော၍ လွင်သူ၏ နာရေးအိမ်ကို သွားခဲ့သည်။ အခေါင်းထဲတွင် အပြုံးဖြင့်အိပ်နေသည်ဟုထင်ရသော လွင်သူ၏ ရုပ်ကလာပ်ကြည့်ကာ ရင်ထဲတွင်ဆို့နင့်သွားမိသည်။ ခဏအကြာတွင် လွင်သူ၏ခင်ပွန်း ရောက်ရှိလာခဲ့သည်။ တိတ်ဆိတ်ငြိမ်သက်နေသောအခန်းတွင် သူ၏အသံဖြင့် ကျယ်လောင်စွာငိုချလိုက်သည်။ တကယ်တော့ သူငယ်ချင်းလွင်သူတစ်ယောက်ကတော့ ကြားနိုင်တော့မည်မဟုတ်ပေ။ ထို့ကြောင့် ဒေါ်သဉ္ဇာတစ်ယောက် သူ့ရင်ထဲမှ သူငယ်ချင်းဖြစ်သူအတွက် စိတ်မကောင်းခြင်းများစွာဖြင့် အေးချမ်းစွာအနားယူလိုက်ပါတော့ သူငယ်ချင်းရေဟု နှုတ်မှ တိုးတိုးလေးရေရွတ်မိလိုက်ပါတော့သည်။

ပလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# ဘဝတာဝန်

**မိုးရှင်း**

"ခေါင်းဆောင်ဆိုတာ ဘာလဲဘိုးဘိုး"

မြေးတစ်ယောက်ကမေးသည်။

ငါ့မြေးက ပီပီသသခေါင်းဆောင်လို့ အသံထွက်တာမမှားပါဘူး။ ဒါပေမဲ့ သူတစ်ပါးနားလည်အောင်၊ အများနားဝင်လွယ်အောင် ပြောဆိုတဲ့အခါမှာတော့ ရေးရင်အမှန်၊ ဖတ်ရင်အသံဆိုတဲ့ စကားအရ **"ဂေါင်းဇောင်"** လို့ဖတ်ရမယ်။ အသံထွက်ရမယ်"

"ဟုတ်ကဲ့ပါဘိုးဘိုး"

"ငါ့မြေးက အဓိပ္ပာယ်ကိုမေးတာမို့ ခေါင်းဆောင်ရဲ့အဓိပ္ပာယ်ဆိုလိုရင်းက **အကြီးအမှူးပြုသည်၊ ဦးဆောင်သည်၊ ခေါင်းဆောင်သူပေါ့ကွယ်"**

စာရေးသူမှာ မြေးလေးယောက်ရှိပါ၏။ သူတို့သိချင်တာကို အဘိုးဖြစ်သူထံ လာမေးတတ်ကြ၏။ မိမိသိသမျှကိုတော့ ဖြေနိုင်တာဖြေပေး၊ မဖြေနိုင်တာဆိုလျှင် ဘယ်သူရေးသောဘယ်စာအုပ်၊ ဘယ်အခန်းမှာရှာကြည့်ပါဟု ညွှန်းလိုက်ရ၏။ မြေးလေးယောက်က အရွယ်မတူ၊ အတန်းမတူကြပေ။ ၄ တန်း၊ ၆ တန်း၊ ၈ တန်းနှင့် ၁၀ တန်းတို့ဖြစ်ကြလေ၏။ ထို့ကြောင့် သူတို့မေးခွန်းတွေကလည်း အဆင့်မတူကြချေ။ မည်သို့ပင်ဖြစ်စေ သူတို့ကို သူငယ်ချင်းမိတ်ဆွေလို ပေါင်းဖော်ဆက်ဆံရင်း မိမိကလည်း သူတို့ဆီက သိချင်သမျှမေးမြန်း၍ ဆည်းပူးသင်ယူရပါ၏။ တက္ကသိုလ်တုန်းက ပညာရေးစိတ်ပညာ၊ ဖွံ့ဖြိုးမှုစိတ်ပညာတို့ကို စာတွေ့သာသင်ယူခဲ့ရာမှ အဘိုးအရွယ်ရောက်သောအခါ လက်တွေ့ရှုမြင် သင်ယူရပါတော့သည်။

ခေါင်းဆောင်မှုဆိုသည်မှာ ဩဇာလွှမ်းမိုးနိုင်စွမ်းရှိခြင်းသဘောဖြစ်သည်။ လူတစ်ဦးသည် နေရာတကာမှာ ခေါင်းဆောင်ဖြစ်ချင်မှဖြစ်မည်။ သက်ဆိုင်ရာအခြေအနေအရ ခေါင်းဆောင်အပြောင်းအလဲရှိရသည်။ သင်္ဘောနှင့်ခရီးသွားစဉ်တွင် သင်္ဘောမာလိန်မှူးသည် ဦးဆောင်ပဲ့ကိုင်သူခေါင်းဆောင်ဖြစ်၏။ လှိုင်းများလေများ၊ မိုးသက်မုန်တိုင်း၊ ရေစီးရေလာအခြေအနေကြည့်၍ လိုရာခရီးရောက်အောင် သူ့တာဝန်ဖြစ်၏။ ခေါင်းဆောင်သည် ဦးတည်ချက်သို့ရောက်ရှိရန်တာဝန်ယူရ၏။ လေကြောင်းခရီးတစ်ခုတွင် ဌာနတစ်ခု၏ အကြီးအကဲတစ်ဦးပါချင်ပါမည်။ သို့ရာတွင် လေယာဉ်ခရီးတစ်လျှောက်တွင်မူ လေယာဉ်မှူးသည်သာ ဤလေကြောင်းခရီးတွင် ခေါင်းဆောင်ဖြစ်ပေသည်။

အချိန်အခါ၊ အခြေအနေ၊ နယ်ပယ်၊ ကျွမ်းကျင်မှုစသည်တို့အရ ခေါင်းဆောင်များရှိကြမည်။ ရွာတွင် သူကြီးက ခေါင်းဆောင်၊ ကျောင်းမှာကျောင်းအုပ်ဆရာကြီး သို့မဟုတ် ဆရာမကြီးက ခေါင်းဆောင်၊ ဘုန်းတော်ကြီးကျောင်းမှာဆိုလျှင် ကျောင်းထိုင်ဆရာတော်ကြီးက ခေါင်းဆောင်မဟုတ်ပါလား။

အသက်အရွယ်မတူ၊ အတန်းမတူ၊ ကွဲပြားသောကလေးသူငယ်များနှင့် စကားပြောရင်း သူတို့နားထောင်ချင်ပုံရသော အခြေအနေအချိန်အခါတွင် သူတို့မေးမြန်းသော မေးခွန်းနယ်ပယ်အလိုက် မိမိသိစေချင်သည့် အချက်တချို့ကို လေ့ရှည်မိပေသည်။ သူတို့ကလည်းအဘိုးစာအုပ်စင်မှဆရာကြီးအောင်သင်း၊ ဆရာကြီးနန္ဒာသိန်းဇံ၊ ဆရာမကြီးဒေါက်တာမတင်ဝင်း၊ ပါမောက္ခချုပ်ဆရာတော်ကြီးဒေါက်တာအရှင်နန္ဒမာလာဘိဝံသ (Ph.D)တို့၏ စာအုပ်တချို့ကို ယူဖတ်နေတတ်ပြီ။

အခါအားလျော်စွာ ကျောင်းသားအရွယ်လူငယ်လေးများဖြစ်ကြသော မိမိမြေးလေးယောက်နှင့် စကားစမြည်ပြောမိကြသည်။ ဟိုဟိုသည်သည်ရောက်ချင်ရာရောက်သည်။ သူတို့အရွယ်၊ သူတို့စိတ်ဝင်စားသော နယ်ပယ်က အကြောင်းအရာများကို မိမိကများများ နားထောင်ရပါသည်။ ကိုယ်ကသူတို့ပြောပြသမျှစိတ်ဝင်တစားနားထောင်ပေးသော ကျေးဇူးကတော့ မိမိပြောသောအလှည့်တွင်လည်း သူတို့ကတစ်ဖန်ပြန်၍ စိတ်ပါလက်ပါ နားထောင်ပေးကြရှာပါ၏။ များသည်နည်းသည်ဖြစ်စေ တစ်လုံးနှစ်လုံးမှတ်သားမိသွားလည်း အမြတ်ပါပဲလေဟု ကျေနပ်ကြည်နူးရပါ၏။

မြေးများနှင့်ပြောဖူးသော၊ ပြောပြဖြစ်သော ထွေရာလေးပါးအကြောင်းအရာ၊ အချက်အလက်တချို့ကို ပြန်လည်စဉ်းစားရေတွက်ကြည့်မိသည်။ အကြောင်းတိုက်ဆိုင်ရာ နေ့စဉ်အဖြစ်အပျက်များနှင့် သက်ဆိုင်ရာတို့ကို အခြေခံ၍သာ ပြောဖြစ်ကြခြင်းမို့ တောရောက်တောင်ရောက်စကားများ ဖြစ်နေသယောင်ထင်ရပါသော်လည်း စင်စစ်မူကား နှစ်ဆယ်ရာစုအလယ်လောက်တွင် မွေးဖွားခဲ့သူက နှစ်ဆယ့်တစ်ရာစု၌မွေးသော မြန်မာမျိုးဆက်သစ်ကလေးများသို့ ခံယူချက်၊ သဘောထား၊ စိတ်ကူးစိတ်သန်း၊ ဘဝအမြင်များ လက်ဆင့်ကမ်းအမွေပေးခြင်းဟုလည်း မိမိဘာသာ ကြီးကြီးကျယ်ကျယ် စဉ်းစားရင်းကြည်နူးကျေနပ်မိပါ၏။

ကဲဗျာ ပြောပါအုံး၊ ဘာတွေများတုံးဟုမေးလာပါက ကျွန်တော့်မြေးလေးများကို အခြေအနေပေးသမျှ၊ သူတို့နှင့် မိမိအေးအေးဆေးဆေးတွေ့ဆုံဆွေးနွေး

❖ ခေါင်းဆောင်မှုဆိုသည်မှာ ဩဇာလွှမ်းမိုးနိုင်စွမ်းရှိခြင်းသဘော ဖြစ်သည်။ လူတစ်ဦးသည် နေရာတကာမှာ ခေါင်းဆောင်ဖြစ်ချင်မှဖြစ်မည်။ သက်ဆိုင်ရာအခြေအနေအရ ခေါင်းဆောင်အပြောင်းအလဲရှိရသည်။ သင်္ဘောနှင့်ခရီးသွားစဉ်တွင် သင်္ဘောမာလိန်မှူးသည် ဦးဆောင်ပဲ့ကိုင်သူ ခေါင်းဆောင်ဖြစ်၏။ လှိုင်းများလေများ၊ မိုးသက်မုန်တိုင်း၊ ရေစီးရေလာအခြေအနေကြည့်၍ လိုရာခရီးရောက်အောင် သူ့တာဝန်ဖြစ်၏။ ခေါင်းဆောင်သည် ဦးတည်ချက်သို့ရောက်ရှိရန်တာဝန်ယူရ၏။ လေကြောင်းခရီးတစ်ခုတွင် ဌာနတစ်ခု၏အကြီးအကဲတစ်ဦးပါချင်ပါမည်။ သို့ရာတွင် လေယာဉ်ခရီး တစ်လျှောက်တွင်မူ လေယာဉ်မှူးသည်သာ ဤလေကြောင်းခရီးတွင် ခေါင်းဆောင်ဖြစ်ပေသည်။ ❖

ဖလှယ်ချိန်လေးများရသခိုက် မိမိပြောဖြစ်လိုက်သော အကြောင်းအရာတချို့၏ မာတိကာမှာ အောက်ပါအတိုင်းဖော်ပြရပေမည်။

**၁။ သက်ရှိတို့၏ ပြောင်းလဲခြင်း**
**၂။ ဘဝ၏ အဓိပ္ပာယ်**
**၃။ အလေ့အကျင့်၊ အလေ့အထ**
**၄။ ကံ၏ကောင်းကျိုးဆိုးကျိုး**
**၅။ စိတ်ကိုပြောင်းလဲနိုင်ခြင်း**
**၆။ မုသားနှင့်သစ္စာ**
**၇။ လူ့တန်ဖိုးက ဘယ်အရာမှာအခြေခံသနည်း**

အသက်အရွယ် ၁၀ နှစ်မှ ၁၇ နှစ်ကလေးသူငယ်ကျောင်းနေဆဲလူငယ်လေးများကို သူတို့နားနှင့်ဆံ့ရုံမျှသာဆွေးနွေးကြခြင်းဖြစ်သဖြင့် လူကြီးများအတွက်မူ သိပြီးသားများဖြစ်နေပေလိမ့်မည်။ အကြောင်းအရာကဘာမျှအသစ်အဆန်းမဟုတ်ချေ။ ရာစုနှစ်တစ်ခေတ်မျှ အချိန်ကာလနှင့် ပတ်ဝန်းကျင်ခေတ်ကို ဖြတ်သန်းမှုချင်း မျိုးဆက်နှစ်ခု ကွာခြားသွားခဲ့ပြီဖြစ်၍ ဘာသာစကား၊ စကားလုံးဝေါဟာရ အနက်အဓိပ္ပာယ်ကောက်ယူနားလည်ပုံချင်း ထပ်တူမကျနိုင်တော့ပေ။ မိမိကိုဗဟိုမပြုဘဲ နားထောင်ရသူတို့ကိုပဲဗဟိုပြု၍ အဓိကမဏ္ဍိုင်ထား၍ စကားပြောရပါ၏။ အမှန်ပြောခြင်းပင်ဖြစ်စေကာမူ အပြောလည်းမှန်ရ၏။ နိဒါန်းမပျိုးဘဲပြော၍မရချေ။ အဆက်အစပ်ယူရ၏။ နိဒါန်းရှည်လျား၍မရချေ။ ဂြိုဟ်တုခေတ် ဒိုးပုံခေတ်မှာလူဖြစ်ခဲ့သောဘိုးဘိုးကြီးသည် AI (Artificial Intelligence)ခေတ်ရောက်နေကြသော လူငယ်တို့ကို လိုရင်းတိုရှင်းသာမျှဝေရ၏။ ဘာသာစကားမှာ သူတို့နှင့်တူရမည်မဟုတ်ပါလား။

**၁။သက်ရှိတို့၏ ပြောင်းလဲခြင်း**

အရာရာသည် မရပ်မနားဘဲ အချိန်နှင့်အမျှ ပြောင်းလဲနေပါသည်။ တည်မြဲနေသည်ထင်ရသော အရာဟူသမျှသည် အမှန်စင်စစ်မမြဲချေ။ မမြဲခြင်း၊ ရွေ့လျားခြင်း၊ ပြောင်းလဲနေခြင်းကို ထွင်းဖောက်၍ နားလည်သိမြင်ထားရမည်။ (အနိစ္စ၊ မမြဲခြင်းနိယာမ) သတိမထားမိလျှင် နာကျင်ဆင်းရဲရမည်။ မသိလေလေ ခံရချက်နာလေလေပဲ။

ဘာကြောင့်ပြောင်းသလဲဆိုလျှင် နိယာမ ငါးပါးကြောင့် ပြောင်းလဲနေကြသည်။ ပြောင်းလဲကြခြင်းသဘောတချို့မှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသောအကြောင်းတရားလေးခုလည်းပါဝင်သည်။ ဥပါဒ်ဌီဘင်ဟု ဆရာတော်များဟောကြားသောဖြစ်ခြင်း၊ ရွေ့လျားပြောင်းလဲ (ရင့်ရော်အိုမင်း၊ ဟောင်းနွမ်းခြင်း) သဘာဝနှင့် ဖြစ်စဉ်သဘောပင်။ မွေးဖွားမည်။ ကြီးရင့်မည်။ အိုမင်းမည်။ ပျက်ယွင်းမည်။ သေဆုံးမည်။ ပြောင်းလဲခြင်းကို ကောင်းမွန်အောင်၊ မဆိုးရွားအောင် ပြုပြင်နေကြရပေမည်။

**၂။ဘဝ၏အဓိပ္ပာယ်**

ပြောင်းလဲခြင်းကို လူကဖန်တီးနိုင်သည်။ အပြုအမူလုပ်ဆောင်မှုအစုစုကို လုပ်အားအဖြစ်ထုတ်လုပ်ပြီး ဖန်တီးကြရသည်။ ကောင်းမှုပြုက ကောင်းကျိုးရ၏။ မကောင်းမှုပြုလျှင် ဆိုးကျိုးမုချခံစားရ၏။ အတွေးစိတ်ကူး၊ စဉ်းစားမှု(မနောကံ)၊ စကားအပြောအဆို (ဝစီကံ)၊ အပြုအမူလုပ်ဆောင်ချက်(ကာယကံ) ကောင်းမှ ပြောင်းလဲမှုအကျိုးဆက်က ကောင်းကျိုးရ၏။ မကောင်းမှုအကုသိုလ် ဒုစရိုက်ဖြစ်လျှင် ဆင်းရဲဒုက္ခ၊ ဘေးဒဏ်အပြစ်ကို ခံရပေမည်။ မကောင်းမှုရှောင်ရှား၊ ကောင်းမှုကိုပြုဖြစ်သွားအောင် စိတ်ကိုထိန်းကျောင်းရ၏။ စိတ်သည်အညာဖြစ်၏။ စိတ်သည် အရင်းအမြစ်ဖြစ်၏။ ကောင်းမှု၊ မကောင်းမှုအပြုအမူအားလုံးသည် (မနောကံ) စိတ်ကူးအတွေးက စတင်သဖြင့် အရေးကြီးလှပါ၏။ သင့်ဘဝကိုသင့်စိတ်က ဖန်တီးခဲ့ခြင်းပင်။

**၃။အလေ့အကျင့်၊ အလေ့အထ**

တွေးခေါ် စဉ်းစားပုံကောင်းမွန်မှသာ ပြောစကား၊ ရေးသားမှု၊ လုပ်ဆောင်ချက်၊ ဆက်၍ကောင်းမွန်မှန်ကန်နိုင်ပါသည်။ စိတ်သည် လေ့ကျင့်ထားသော အလေ့အထအတိုင်း စီးမျောတတ်သည်။ ကောင်းသောအလေ့အကျင့်ကို မိမိကိုယ်တိုင် ထူထောင်ရသည်။ မကောင်းသောအကျင့်ဆိုးများကို မိမိကိုယ်တိုင်ဖယ်ရှားရှောင်ရှားရမည်။ ဤနည်းအားဖြင့် မိမိဘဝကိုတည်ဆောက်ကြရသည်။ အသိဉာဏ်အမြော်အမြင်ပညာတိုးပွားအောင်လေ့လာလေ့ကျင့်လိုက်နာရ၏။ အတတ်ပညာများ တတ်မြောက်ကျွမ်းကျင်အောင် လေ့လာလေ့ကျင့်ရ၏။ ၂၁ ရာစုခေတ်တွင် အတတ်ပညာတစ်ခုခုကို ထူးချွန်ကျွမ်းကျင်ရန် မရှိမဖြစ်လိုအပ်၏။ မရမနေဆည်းပူးလေ့ကျင့်ရန်မှာ ဘဝပေးတာဝန်ပဲဖြစ်၏။ ပညာသမာအာဘာနတ္ထိ။

**၄။ကံ၏ကောင်းကျိုးဆိုးကျိုးများ**

ကံအကြောင်းကား ကျယ်ဝန်းနက်နဲလှပါ၏။ ကံဆိုသည်မှာ စိတ်စေ့ဆော်မှု စေတနာမှ မြစ်ဖျားခံသဖြင့် ကံကိုစေတနာသဘောယူဆနိုင်ကြောင်း စိတ္တဝဂ်မှာ ဘုရားရှင်ဟောကြားတော်မူပါသည်။ ကောင်းစေသောကံများမှာ ကုသိုလ်စိတ်က စတင်သည်။

(က) ပေးကမ်းလှူဒါန်း၊ စွန့်ကြဲ၊ စွန့်လွှတ်ခြင်း= ဒါန

(ခ) ခွင့်လွှတ်၊ သည်းခံ၊ စိတ်ရှည်၊ ကောင်းစေလိုခြင်း= မေတ္တာ

(ဂ) အကြောင်းအကျိုး၊ အကောင်းအဆိုးတို့ကို ခွဲခြားနားလည်ရွေးချယ်နိုင်ခြင်း= ပညာ

စိတ်တန်ခိုးဖြစ်သော ဒါန၊ မေတ္တာနှင့်ပညာတို့သည် မိမိတွင်ရှိအောင် ကြိုးစားနိုင်ပါသည်။ ပါရမီဟူသော လောက၏ မြင့်မြတ်ရာသို့ ပို့ဆောင်နိုင်သော ဖြည့်ဆည်းမှုခွန်အားများလည်းဖြစ်၏။ **ဒါနပါရမီ၊ မေတ္တာပါရမီ၊ ပညာပါရမီ။**

မိမိဘဝကို ဖျက်ဆီးနှောင့်ယှက်စေမည့်အရာများလည်း ရှိသေး၏။ ဝေးဝေးရှောင်ရမည်ဖြစ်၏။ အလို၊ အမျက်၊ အမိုက်။

(က) လွန်ကဲစွဲလမ်းလိုချင်မှု= လောဘ

(ခ) နှိပ်စက်၊ ညှဉ်းဆဲအကြမ်းဖက်မှု= ဒေါသ

(ဂ) အမှန်အမှား၊ အကောင်းအဆိုး၊ အကျိုးအပြစ် မခွဲခြားတတ်မှု= မောဟ

**၅။သစ္စာနှင့်မုသား**

သစ္စာဆိုသည်မှာ မှန်ကန်ခြင်းဖြစ်၏။ တရားမျှတခြင်း၊ အကျိုးကောင်းဖြစ်ပေါ်စေခြင်း၊ တည့်မတ်ဖြောင့်မတ်ခြင်း၊ ရိုးသားခြင်း၊ ရှေ့နောက်ညီခြင်းတို့က သစ္စာတရား၏ လက္ခဏာများဖြစ်၏။ ပရမတ္ထသစ္စာ၊ သမုတိသစ္စာ၊ အမှန်တရားကကောင်းကျိုးရစေပါ၏။ မုသားဆိုသောအလွဲအမှားပြောဆိုမှု၊ လိမ်ညာမှု၊ မဟုတ်မမှန်လုပ်ကြံမှု၊ မမှန်သတင်းဖြန့်ဝေမှု၊ အမှန်တရားကိုဖုံးကွယ်မှု၊ လှည့်စားမှု၊ ဟန်ဆောင်လှည့်ဖျားမှု စသည်တို့သည် လူယုတ်၊ လူမိုက်တို့က ကျင့်သုံးနေသော အရာများဖြစ်၏။ သိမ်ဖျင်းသောစကား၊ ကြမ်းတမ်းသောစကား၊ အကျိုးမဲ့သောစကား၊ ရိုင်းစိုင်းသောစကား၊ ပုတ်ခတ်သောစကားတို့လည်း မုသားစကားများပင်။ ခွဲခြားနားလည်အပ်၏။

ကာလာမသုတ်တွင်မြတ်စွာဘုရားက သတိထားအပ်သော မယုံကြည်သင့်သည့်စကား ၁၀ မျိုးကို ဟောတော်မူ၏။ စိစစ်သုံးသပ်ပြီးမှ ယုံကြည်တတ်ရမည်။

**၆။လူ့တန်ဖိုး၏အခြေခံ**

လူ၏တန်ဖိုးသည် ရုပ်ရည်အဆင်းလှပခြင်းဟု တချို့ကဆိုကြ၏။ လူ့တန်ဖိုးသည် ပစ္စည်းဥစ္စာပြည့်စုံကြွယ်ဝခြင်းဟု တချို့ကမှတ်ယူ၏။ လူ့တန်ဖိုးသည် အတတ်ပညာ၊ အသိပညာပြည့်ဝခြင်းဟု တချို့ကပြောကြ၏။ လူ့တန်ဖိုးသည် မျိုးရိုးစဉ်ဆက်ဂုဏ်အဆင့်အတန်းနှင့် သက်ဆိုင်သည်ဟု တချို့ကထင်ခဲ့ကြ၏။ မဟုတ်ချေ။

လူ့တန်ဖိုး၏ အဓိကအခြေခံအုတ်မြစ်သည်ကား **"ကိုယ်ကျင့်စာရိတ္တ(သီလအကျင့်)ကောင်းမွန်ခြင်း"** သာဖြစ်ပါသည်။ (မြတ်စွာဘုရား၏ သောဏဒဏ္ဍသုတ်တွင် အထင်အရှားခွဲခြားဟောကြားထားပါသည်။)

သီလ၏အရေးပါပုံများမှာ ပြော၍မကုန်၊ ရေးပြ၍မကုန်နိုင်။ သီလကထာများ ဆက်လက်လေ့လာသင့်၏။ သီလရှိမှ သမာဓိစိတ်တည်ကြည်မှုရနိုင်၏။ သမာဓိရှိမှ ဉာဏ်ပညာပြည့်ဝပါ၏။ ပညာဉာဏ်ကြီးမြင့်နိုင်၏။ သီလမရှိသူများကား လူ့ဘဝတွင် တန်ဖိုးမဲ့ရှာကြပါသည်။ **ဘဝတာဝန်၏ ကျောရိုး၊ အုတ်မြစ်၊ အနှစ်သာရသည်ကား မကောင်းမှုများကို ရှောင်ရှားနိုင်သောသီလ။ ကုသိုလ်အကျင့်သီလတို့ကို လိုက်နာကျင့်သုံးနိုင်သော ကိုယ်ကျင့်စာရိတ္တကို ကောင်းမွန်အောင် အလေးထားတတ်ရန်ပေတည်း။**

# ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၁၉၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဟုမ္မလင်း ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၁၉၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ၂၀၂၄-၂၀၂၅ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၆၄၂၉၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစ၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၉၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဟုမ္မလင်းမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မိုးစပါးဧက ၆၄၂၉၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၁၉၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ အချိန်မီစိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာ၊ မျိုးစတဲ့ပညာပေးလုပ်ငန်းတွေ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်နှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်းလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများနှင့် မိုးစပါးစိုက်တောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

(၂၀၆)

# တောင်သာမြို့နယ် ခါတက်ကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်သာ ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်တွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာများအနက် Type-1 အမျိုးအစားကျေးရွာဖြစ်သည့် ခါတက်ကုန်းကျေးရွာ၌ ပဉ္စမအကြိမ် စီမံကိန်းရန်ပုံငွေ ပြန်လည်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ရခြင်း၏ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ အကြောင်းအရာများ၊ ချေးငွေဖြင့် အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်လာမှုကြောင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်အတွက် အထောက်အကူပြုပုံတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ခါတက်ကုန်းကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၀၆ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ခါတက်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ အသင်းသား၊အသင်းသူ ဦးရေ ၄၀ ကို ငွေကျပ်သိန်း ၁၂၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၉၃ ဦးကို ငွေကျပ် ၁၈၆ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၃ ဦးကို ငွေကျပ် ၃၀၆ သိန်း ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**ချစ်ဦးကို**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးခေါင်းပွငါး ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဩဂုတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးခေါင်းပွငါး ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ငါးခေါင်းပွငါးပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်အတွင်းက ငါးခေါင်းပွငါးပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းများသည် ငါးခေါင်းပွငါးများအပါအဝင် ဒေသရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ဘက်ကနေ ငါးခေါင်းပွငါးတွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ဇူလိုင်လပထမပတ်ကနေ ငါးခေါင်းပွငါးတွေ တင်ပို့မှုများပြားလာပါတယ်။ ပြည်တွင်းမှာကို ငါးခေါင်းပွငါးက ဝယ်ယူမှုများနေလို့ အရောင်းအဝယ်ကောင်းမွန်လာပါတယ်။ ဒါကြောင့် ငါးလုပ်ငန်းရဲ့နယ်ပယ်အသီးသီးက လုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေနေပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှထွက်ရှိသည့် ငါးခေါင်းပွငါးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်နှင့်အခြားဒေသများသို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးများ နေ့စဉ်တင်ပို့ရောင်းချလာရသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုကောင်းမွန်လာကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# လှိုင်းဘွဲ့မြို့နယ် ဘုရားကုန်းကျေးရွာ၌ စီမံကိန်းမိတ်ဆက်ခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်း

**လှိုင်းဘွဲ့ ဩဂုတ် ၅**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ရွာလယ်ခန်းမ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်နိုင်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်နိုင်ထွန်းနှင့်ဝန်ထမ်းများက တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူများကို ထုတ်ချေးပေးမည်ဖြစ်ကြောင်း လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်နိုင်ထွန်းထံမှ သိရသည်။

**ကိုသက်**



# ဟိုပုံးမြို့နယ် လွယ်အွန့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ဟိုပုံး ဩဂုတ် ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွယ်အွန့်ကျေးရွာအုပ်စု လွယ်အွန့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ဟိုပုံးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများကလွယ်အွန့်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်ကာ မတည်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ပဉ္စမအကြိမ်မြောက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၅၀၀ ကို အသင်းသား၊အသင်းသူ ၄၆ ဦးအား အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရှိုသန်းညွန့်**

# အယ်လ်ဘေးနီးယားနိုင်ငံတွင် အပူချိန်လွန်ကဲမှုနှင့် မိုးခေါင်မှုကြောင့် တောမီးများလောင်ကျွမ်းလျက်ရှိ



**တီယာနာ ဩဂုတ် ၅**

အယ်လ်ဘေးနီးယားနိုင်ငံတွင် အပူချိန်လွန်ကဲမှုနှင့် မိုးခေါင်မှုကြောင့် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပွားလျက်ရှိကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ထုတ်ပြန်ခဲ့သည်ဟု ဩဂုတ် ၄ ရက် သတင်းများအရ သိရသည်။

အယ်လ်ဘေးနီးယားနိုင်ငံအနှံ့အပြားတွင် အပူချိန်ပြင်းထန်မှုနှင့် မိုးခေါင်ရေရှားမှုများကြောင့် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်လျက်ရှိရာ နိုင်ငံ၏မြို့တော် တီယာနာမြို့အနီးဝန်းကျင်ကျေးရွာများထံ တောမီးကူးစက်လောင်ကျွမ်းလျက်ရှိခြင်းကြောင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်နေရကြောင်း မီးသတ်တပ်ဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

နိုင်ငံ၏ ဒေသရှစ်ခုတွင် တောမီး ကူးစက်လောင်ကျွမ်းလျက်ရှိပြီး မီးသတ်တပ်ဖွဲ့နှင့်အတူ အယ်လ်ဘေးနီးယားတပ်မတော်မှ တပ်ဖွဲ့ဝင်များပါဝင်၍ တောမီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ချက်များအရ သိရသည်။

တောမီးလောင်ကျွမ်းမှုသည် နိုင်ငံ အရှေ့အလယ်ပိုင်းဒေသရှိ လီဘရာဇက်နှင့် ဂါရာမက်မြို့တို့အနီးတွင်လည်းကောင်း၊ မြို့တော် တီယာနာအနီးရှိ ကျေးရွာများ၊ နိုင်ငံတောင်ပိုင်းနှင့် အနောက်တောင်ပိုင်းရှိ ဟာမာရာမြို့နှင့် ကိုနစ်ပိုးလ်မြို့တို့၏ အနီးဝန်းကျင်ဒေသများနှင့် နိုင်ငံမြောက်ပိုင်းရှိ ဘောလ်ကစ်စ်မြို့နယ်ဒေသများတွင်လည်းကောင်း တောမီးကူးစက်လောင်ကျွမ်းလျက်ရှိရာ သစ်တောမြေဟက်တာ ရာနှင့်ချီ၍ မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ မသင်္ကာသူ ငါးဦးထက်မနည်းကို ရဲတပ်ဖွဲ့က ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး အပူချိန်ပြင်းထန်မှုကြောင့် သစ်တောအနီး နေထိုင်သူများကို တာဝန်ရှိသူများက တောမီးနှင့်ပတ်သက်သော သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : AZH**

# အန္တာတိကတိုက်ရှိ မြေပြင်အပူချိန် ဇူလိုင်လအတွင်း ၂၈ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့

**လန်ဒန် ဩဂုတ် ၅**

အန္တာတိကတိုက်ရှိမြေပြင်အပူချိန်သည် မြင့်တက်နေပြီး ဇူလိုင်လအတွင်း ၂၈ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ကြောင်း အင်္ဂလန်နိုင်ငံအခြေစိုက် MetDesk ရာသီဥတုခန့်မှန်းရေးအဖွဲ့အစည်းမှ သုတေသနပညာရှင်များက ထုတ်ပြန်ခဲ့သည်ဟု ဩဂုတ် ၄ ရက် သတင်းများအရ သိရသည်။

အန္တာတိကတိုက်ရှိ မြေပြင်အပူချိန်သည် မြင့်တက်လျက်ရှိပြီး အချို့သောရက်များတွင် ၂၈ ဒီဂရီစင်တီဂရိတ်ထက် ကျော်လွန်လျက်ရှိရာ ယခင်က သုတေသနပညာရှင်များ မျှော်လင့်ထားသည့် အပူချိန်ထက် များစွာမြင့်တက်လျက်ရှိကြောင်း အင်္ဂလန်နိုင်ငံအခြေစိုက် ရာသီဥတုခန့်မှန်းရေးအဖွဲ့အစည်းတစ်ခုဖြစ်သော MetDesk အဖွဲ့၏ ခန့်မှန်းချက် ဒါရိုက်တာ မိုက်ကယ် ဒုစ်က ပြောကြားခဲ့သည်။

ကမ္ဘာ့အပူချိန်မြင့်တက်မှုနှင့်အတူ အန္တာတိကတိုက်တွင်လည်း ဇူလိုင်လမှစ၍ အပူချိန်မြင့်တက်မှုများဖြစ်ပေါ်ခဲ့ပြီး ပုံမှန်အပူချိန်ထက် ၁၀ ဒီဂရီစင်တီဂရိတ် မြင့်တက်ခဲ့ကာ မြေပြင်အပူချိန်သည် သိသိသာသာ မြင့်တက်ခဲ့ကြောင်း သိရသည်။

အန္တာတိကတိုက်၏ ပူနွေးလာမှုသည် ရေခဲလွှာများ အရည်ပျော်ပြီး ပြိုကျမှုများဖြစ်ပေါ်စေနိုင်ကြောင်း၊ ဝင်ရိုးစွန်းဒေသ၏ အဆိုးရွားဆုံး သက်ရောက်မှုများကို ဖြစ်ပေါ်စေနိုင်ကြောင်း မိုက်ကယ်ဒုစ်က သတိပေးပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ်က ဖြစ်ပေါ်ခဲ့သော အပူလှိုင်းများကြောင့် အန္တာတိကဒေသတွင် ရေခဲများ အရည်ပျော်ကျမှုသည် ရောမမြို့တစ်မြို့စာ ထုထည်နှင့်ညီမျှကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

ဇူလိုင်လအတွင်း ကမ္ဘာ့အပူချိန်မြင့်တက်မှုသည် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့်ဖြစ်ပြီး အန္တာတိကဒေသတွင် အပူလှိုင်းများ ဖြစ်ပေါ်ရခြင်းသည် ဝင်ရိုးစွန်းလေစီးကြောင်းများကို နည်းသွားခြင်းကြောင့်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက သတ်မှတ်ထားသည်။

**Ref : Sputnik News**
**Trs : AZH**

# ရိုမေးနီးယားနိုင်ငံတွင် မိုးခေါင်ရေရှားမှုပြဿနာဖြင့် ရင်ဆိုင်နေရ

**ဘူခါရက်စ် ဩဂုတ် ၅**

ရိုမေးနီးယားနိုင်ငံတွင် မိုးခေါင်ရေရှားမှုပြဿနာဖြင့်ရင်ဆိုင်နေရပြီး ဒေသတချို့တွင် မြစ်ချောင်းများ ရေခန်းခြောက်သည့် ပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း ရိုမေးနီးယား အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးခေါင်သည့်ပြဿနာကြောင့် ကောက်ပဲသီးနှံစိုက်ခင်းများ ပျက်စီးကာ စိုက်ပျိုးရေးကဏ္ဍတွင် ကြီးမားသော ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်နေကြောင်း၊ ဂါလာတီ ကောင်တီသည် မိုးခေါင်ရေရှားမှုပြဿနာဖြင့် အဆိုးရွားဆုံးရင်ဆိုင်နေရသည့် ဒေသဖြစ်ပြီး မိုးခေါင်ရေရှားမှု တိုက်ဖျက်ရေးအတွက် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ရိုမေးနီးယား အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

ရိုမေးနီးယားနိုင်ငံတစ်ဝန်း မိုးလုံးဝရွာသွန်းခဲ့ခြင်းမရှိသည်မှာ သုံးလတာကာလထိ ကြာမြင့်နေပြီဖြစ်ပြီး ကာလပိုမိုရှည်ကြာသွားပါက သောက်သုံးရေအတွက်ပါ ခက်ခဲသည့် အခြေအနေမျိုး ဖြစ်လာနိုင်ကြောင်း၊ တာလာဘက်စကာကန်တွင် ရေခန်းခြောက်သွားသည့် အခြေအနေသို့ ရောက်ရှိခဲ့ခြင်းကြောင့် တာလာဘက်စကာကန်ကို မှီခိုနေရသည့် ပြည်သူများအတွက်လည်း အခက်တွေ့နေကြောင်း ရိုမေးနီးယား အာဏာပိုင်အဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ သိရသည်။



တောင်သူတချို့ကလည်း မိုးခေါင်ရေရှားလာမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ အရှုံးပေါ်မည့် အရေးဖြင့် ရင်ဆိုင်နေရကြောင်း နိုင်ငံပိုင်သတင်းဌာနသို့ ပြောကြားသွားခဲ့သည်။

မိုးခေါင်ရေရှားသည့် ပြဿနာဖြင့် ရင်ဆိုင်နေရသော ဒေသများတွင် နေထိုင်သည့် ဒေသခံများကို သောက်သုံးရေ ပြတ်လပ်သွားခြင်းမျိုး မဖြစ်စေရေးအတွက် သောက်သုံးရေပေးဝေမှုကို အကန့်အသတ်ဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရိုမေးနီးယားအာဏာပိုင်အဖွဲ့အစည်းက အသိပေးထုတ်ပြန်သွားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့တွင် အပူလှိုင်းဖြတ်သန်းမှုများ ဖြစ်ပေါ်လျက်ရှိ

**တိုကျို ဩဂုတ် ၅**

ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့တွင် အပူလှိုင်းဖြတ်သန်းမှုများ ဖြစ်ပေါ်လျက်ရှိပြီး ဂျပန်နိုင်ငံ ကျူရှူးကျွန်း၌ အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လျက်ရှိကြောင်း ဂျပန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အပူလှိုင်းဖြတ်သန်းမှုကြောင့် စီရင်စုပေါင်း ၃၇ စုတွင်လည်း အပူလျှပ်ဝေဒနာ ဖြစ်ပေါ်နိုင်သည်ဟု သတိပေးချက်များ ထုတ်ပြန်ထားကြောင်း၊ အပူချိန်မြင့်တက်မှုသည် နေ့အချိန်တွင်သာမက ညအချိန်တွင်လည်း မြင့်တက်နေကြောင်း ဂျပန် မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

ဩဂုတ် ၄ ရက်မွန်းတည့်ချိန်က ဂျပန်နိုင်ငံရှိ စီရင်စုအမြောက်အမြားတွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ခန့် ရောက်ရှိခဲ့သည့်အတွက် အပူချိန်မြင့်တက်မှု အနီရောင်အဆင့်အဖြစ် အရေးပေါ်သတ်မှတ်ခဲ့ရကြောင်း၊ အပူချိန်မြင့်တက်မှု အနီရောင်အဆင့်အဖြစ် သတ်မှတ်ထားသော ကာလအတွင်း နေအိမ်၊ အမိုးအကာအောက်နှင့် အပူအအေးမျှတသော နေရာများ၌သာနေထိုင်သွားရန်လည်း ကျန်းမာရေးဝန်ကြီးဌာနက သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အလားတူ တောင်ကိုရီးယားနိုင်ငံတွင်လည်း အပူချိန်မြင့်တက်နေပြီး အပူချိန်ပမာဏမှာ ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ကြောင်း၊ ၎င်းပမာဏမှာ တောင်ကိုရီးယားနိုင်ငံအတွက် ၂၀၁၈ ခုနှစ်နောက်ပိုင်း အပူချိန်ပမာဏ အမြင့်ဆုံးအခြေအနေသို့ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနကလည်း တောင်ကိုရီးယား နိုင်ငံအတွင်း အပူလှိုင်းဖြတ်သန်းမှုကြောင့် လာမည့် ၁၀ ရက်အတွင်း အပူချိန်ဆက်တိုက်မြင့်တက်ဖွယ် ရှိနေကြောင်း၊ တောင်ကိုရီးယားနိုင်ငံတွင် ဩဂုတ် ၄ ရက် တစ်ရက်တာအတွင်း အပူချိန် မြင့်တက်မှုနှင့်ဆက်စပ်၍ ဆေးရုံတွင် ဆေးကုသမှုခံယူနေရသည့် လူနာ ၁၅၄ ဦးထိရှိခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံတွင် အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်၍ အိမ်မွေးတိရစ္ဆာန်တချို့နှင့် ကျွဲ၊ နွား အကောင်ရေ စုစုပေါင်း ၂၅၀၀၀၀ ကျော်ထိ သေဆုံးနေပြီဖြစ်ကြောင်း စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ဖင်လန်နိုင်ငံတွင် ဆိုးရွားသော ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေ

**ဟယ်လ်ဆင်ကီး ဩဂုတ် ၅**

ဖင်လန်နိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းနေပြီး တောင်ဘက်ပိုင်းနှင့် အနောက်ဘက်ပိုင်းတို့တွင် ဆိုးရွားသော ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း ဖင်လန်အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် အပူချိန် ပြန်လည်မြင့်တက်လာမည်ဖြစ်ပြီး ရာသီဥတုပြောင်းလဲမှု မြန်ဆန်နေကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပေါ်နေသော ဧရိယာများမှာ အော့စထရိုဘိုနီယာမြို့ဖြစ်ပြီး မိုးသက်လေပြင်းပင် ကျရောက်နေကြောင်းလည်း ဖင်လန်မိုးလေဝသဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဟူတိုနင်က ပြောကြားသွားခဲ့သည်။

"ရာသီဥတုပြောင်းလဲမှုတွေ မြန်ဆန်နေပါတယ်။ တောင်ဘက်ပိုင်းနဲ့ အနောက်ဘက်ပိုင်းဒေသတချို့မှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေလျှံတက်မှုတွေ ဖြစ်ပေါ်နေတယ်။ လာမဲ့ရက်ပိုင်းအတွင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ မိုးရွာသွန်းမှုပြီးတာနဲ့ အပူချိန်တွေ မြင့်တက်လာနိုင်တယ်။ ရာသီဥတုပြောင်းလဲမှုတွေက အရမ်းမြန်ဆန်နေပြီး ထူးခြားတဲ့ အခြေအနေတစ်ရပ်ဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှု မြန်ဆန်နေတဲ့အတွက် မျှော်မှန်းလို့မရတဲ့ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာနိုင်ပါတယ်။ ရာသီဥတုပြောင်းလဲမှု မြန်ဆန်နေတာကို လျှော့ချနိုင်ဖို့ အရှိန်မြှင့်တင်ဆောင်ရွက်သွားသင့်ပါတယ်"ဟု ဟူတိုနင်က ပြောကြားသွားခဲ့သည်။

အော့စထရိုဘိုနီယာမြို့ အပါအဝင် နိုင်ငံတောင်ဘက်ပိုင်းနှင့် အနောက်ဘက်ပိုင်းရှိ မြို့အများစုတွင် ဆိုးရွားသောရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့်အတွက် အာဏာပိုင်အဖွဲ့အစည်းအနေဖြင့်လည်း ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအစီအစဉ်များကို ကြိုတင်ဆောင်ရွက်ထားသင့်ကြောင်း၊ သို့သော်လည်း မိုးရွာသွန်းမှုမှာ ကာလရှည်မျိုးမဟုတ်သည့်အတွက် မိုးရေချိန်ပေါ်မူတည်၍ ရေဘေးအန္တရာယ် ဖြစ်ပေါ်လာနိုင်မှု အပြောင်းအလဲရှိနိုင်ကြောင်း ဖင်လန်မိုးလေဝသဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဟူတိုနင်က ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ဂျပန်-အမေရိကန် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအလားအလာ

ယခုနှစ် ဇူလိုင် ၂၄ ရက်တွင် ဂျပန်နှင့်အမေရိကန်တို့မှ နိုင်ငံခြားရေးနှင့်ကာကွယ်ရေးဝန်ကြီးများသည် စစ်ဆင်ရေး၊ စစ်အသုံးဆောင်ပစ္စည်းနှင့် နျူကလီးယားဟန့်တားမှုနယ်ပယ်သုံးခုတွင် အလေးထားမှုနှင့်အတူ နှစ်နိုင်ငံကြား စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု ပိုမိုအရှိန်မြှင့်တင်သွားမည့်စီမံကိန်းများကို ထုတ်ပြန်ကြေညာခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါသည် အမေရိကန်နိုင်ငံသို့ သွားရောက်လည်ပတ်စဉ် ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံနှင့်အတူ ရပ်တည်လျက်ရှိကြောင်း အမေရိကန်လွှတ်တော်၌ မိန့်ခွန်းပြောဆိုခဲ့ပြီး သုံးလအကြာတွင် အဆိုပါစီမံကိန်းထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ယခုနှစ် ဇူလိုင် ၂၈ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ပြုလုပ်ခဲ့သည့် 2+2 အစည်းအဝေး၌ ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကာမီကာဝါယိုကို၊ ကာကွယ်ရေးဝန်ကြီး ခီဟာရာမိနိုရုနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်၊ ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်တို့သည် အမေရိကန်-ဂျပန်တို့၏ ဟန့်တားနိုင်မှုနှင့် တုံ့ပြန်နိုင်မှုစွမ်းဆောင်ရည်များမြှင့်တင်ရန် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ (JSDF)နှင့် ဂျပန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့(USFJ)တို့ကြား ကွပ်ကဲမှုနှင့် ထိန်းချုပ်ညှိနှိုင်းဆောင်ရွက်မှု ခိုင်မာအားကောင်းအောင်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

အထူးသဖြင့် အမေရိကန်သည် USFJ ကို ပူးတွဲတပ်ဖွဲ့ဌာနချုပ်(JFHQ)အဖြစ် ပြန်လည်ဖွဲ့စည်းသွားမည်ဖြစ်ပြီး ၎င်းအဖွဲ့သည် လုပ်ငန်းတာဝန်များကို အမေရိကန်နိုင်ငံ၏ ဟာဝိုင်ရီကျွန်း၌ ဌာနချုပ်ရုံးဖွင့်လှစ်ထားသည့် အမေရိကန်အင်ဒို- ပစိဖိတ်ကွပ်ကဲမှုဌာနချုပ်တပ်မှူးထံသို့ အစီရင်ခံသွားမည်ဖြစ်သည်။

ကြည်း၊ ရေ၊ လေနှင့် မရိန်းတပ်ဖွဲ့များအပါအဝင် ဂျပန်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၅၅၀၀၀ခန့်ရှိသော်လည်း တိုကျိုမြို့ ယိုကိုတာလေတပ်စခန်းရှိ USFJ ဌာနချုပ်သည် ၎င်း၏လုပ်ပိုင်ခွင့်အာဏာဖြင့် တပ်ဖွဲ့များစုစည်းနိုင်စွမ်းမရှိချေ။ ကွပ်ကဲမှုနှင့်ထိန်းချုပ်မှုကို ဟာဝိုင်ရီရှိ အမေရိကန်အင်ဒို-ပစိဖိတ်ကွပ်ကဲမှုဌာနချုပ်က ထိန်းချုပ်ထားသည်။ သို့သော် ဟာဝိုင်ရီသည် တိုကျိုမှ ကီလိုမီတာ ၆၀၀၀ ကွာဝေးသည့်အပြင် စံတော်ချိန်မှာလည်း ၁၉ နာရီ ကွာခြားလျက်ရှိသည်။

ထိုသို့ကွာဝေးမှုသည် သဘာဝဘေးအန္တရာယ်အပါအဝင် အရေးပေါ်အခြေအနေတွင် ဆုံးဖြတ်ချက်ချမှတ်ရာ၌ အတားအဆီးဖြစ်လာနိုင်မှုအပေါ် ဂျပန်နိုင်ငံဘက်မှစိုးရိမ်ပူပန်လျက်ရှိသည်။ ထိုသို့ ပြန်လည်ဖွဲ့စည်းထားသည့် USFJ သည် ဂျပန်နိုင်ငံ၏ ပူးတွဲစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်အတွက် အရေးပါသောမိတ်ဖက်အဖြစ် ပံ့ပိုးသွားလိမ့်မည်ဖြစ်သည်။ ဂျပန်နိုင်ငံ၏ ကိုယ်ပိုင် ကြည်း၊ ရေ၊ လေတပ်ဖွဲ့များကို ကွပ်ကဲကြပ်မတ်ရန် ၎င်းဌာနချုပ်ကို၂၀၂၅ ခုနှစ် မတ်လတွင် ထူထောင်သွားရန် သတ်မှတ်ထားသည်။ နှစ်နိုင်ငံသည် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်လာစေရန် နီးကပ်စွာဆွေးနွေးတိုင်ပင်ပြီး လုပ်ငန်းအဖွဲ့များထူထောင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးများက ပူးတွဲထုတ်ပြန်ချက်၌ ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန်ဌာနချုပ်ကို ကြယ်လေးပွင့်ရှိ ဗိုလ်ချုပ်ကြီးက ဦးဆောင်ပြီး ဂျပန်ရှိ အမေရိကန်ဌာနချုပ်ကို ကြယ်သုံးပွင့်ရှိ ဒုတိယဗိုလ်ချုပ်ကြီးကသာ ဦးဆောင်လျက်ရှိသည်။ အမေရိကန်အနေဖြင့် ဂျပန်၏ အဆိုပြုချက်အတိုင်း ဂျပန်ရှိ အမေရိကန်ကွပ်ကဲမှုဌာနချုပ်၌ ကြယ်လေးပွင့်ရှိ ဗိုလ်ချုပ်ကြီးကို တာဝန်ပေးအပ်သွားမလားဆိုသောအချက်ကို စောင့်ကြည့်သွားရမည်ဖြစ်သည်။

နှစ်နိုင်ငံဝန်ကြီးများ အစည်းအဝေးပြုလုပ်ပြီးနောက် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ အမေရိကန်ကာကွယ်ရေးဝန်ကြီး အော်စတင်က အမေရိကန်အနေဖြင့် မဟာမိတ်နိုင်ငံများရှိကွပ်ကဲမှုနှင့် ထိန်းချုပ်မှုနေရာများကို ခေတ်မီအဆင့်မြှင့်တင်ရန်လုပ်ဆောင်လျက်ရှိကြောင်း၊ ထိုသို့လုပ်ဆောင်ခြင်းသည် ဂျပန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များအတွက် သိသာထင်ရှားသည့် ပြုပြင်ပြောင်းလဲမှုဖြစ်ကြောင်းနှင့် နှစ်ပေါင်း ၇၀ အတွင်း နှစ်နိုင်ငံ စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၏ ခိုင်မာအားကောင်းသည့် တိုးတက်မှုဖြစ်ကြောင်း ပြောကြားခဲ့သည်။

နှစ်နိုင်ငံကြား ကာကွယ်ရေးပစ္စည်းများ ပူးတွဲထုတ်လုပ်သွားမည့်အစီအစဉ်ကိုလည်း ဝန်ကြီးလေးဦးက အတည်ပြုပြောကြားခဲ့သည်။ အဆင့်မြင့်ဝေဟင်မှဝေဟင်ပစ်တာလတ်ပစ်ဒုံးကျည်(AMRAAM) နှင့် **Patriot PAC-3 Missile Segment Enhancement(MSE)** တို့ကို ပူးတွဲတည်ဆောက်သွားမည်ဖြစ်သည်။ အဆိုပါအစီအစဉ်၏ ရည်မှန်းချက်သည် ယူကရိန်းစစ်ပွဲအတွက် စစ်ရေးအကူအညီများပေးအပ်နေသော အမေရိကန်တွင် စစ်လက်နက်ပစ္စည်းပြတ်လပ်မှုကို ဖြည့်ဆည်းသွားရန်ပင်ဖြစ်သည်။

PAC-3 ကို ဂျပန်နိုင်ငံတွင် မစ်ဆူဘီရှိအကြီးစားစက်မှုလုပ်ငန်းအုပ်စုက ထုတ်လုပ်လျက်ရှိပြီး ထုတ်လုပ်ခွင့်အတွက် အမေရိကန်ကုမ္ပဏီများကို လိုင်စင်ကြေးပေးကာ ကန်ထရိုက်ဖြင့် ထုတ်လုပ်နေခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ဂျပန်အစိုးရသည် ကာကွယ်ရေးပစ္စည်းနှင့်နည်းပညာများ လွှဲပြောင်းရေးဆိုင်ရာ မူဝါဒသုံးရပ်အတွက် လုပ်ငန်းလမ်းညွှန်ချက်များကို ပြည်လည်သုံးသပ်အဆင့်မြှင့်တင်ခဲ့ပြီး ခွင့်ပြုချက်လိုင်စင်ဖြင့်ထုတ်လုပ်သော ထုတ်ကုန်အပေါ် ကန့်သတ်ချက်များ ဖြေလျှော့ပေးခဲ့သည်။

ဇူလိုင် ၂၈ ရက်တွင် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ၎င်းတို့အနေဖြင့် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့၏ PAC-3 ကို အမေရိကန်စစ်ဘက်သို့ရောင်းချသွားရန် လက်မှတ်ရေးထိုးထားရှိကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ကန်ထရိုက်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၄ သန်းခန့်ရှိမည်ဖြစ်သည်။ ၎င်းစာချုပ်သည် ဂျပန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးနှင့် အင်ဒို-ပစိဖိတ်ဒေသ၏ အေးချမ်းမှုနှင့်တည်ငြိမ်မှုတို့ကို အထောက်အကူပြုသွားလိမ့်မည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ထပ်လောင်းဖော်ပြထားခဲ့သည်။

အမေရိကန်သည် ၎င်း၏ထုတ်လုပ်မှုကို အားသစ်လောင်းခြင်းဖြင့် ယူကရိန်းသို့ အမေရိကန်ထုတ်ဒုံးကျည်သစ်များ အလွယ်တကူ ပိုမိုပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ဂျပန်နိုင်ငံ၏လက်နက်တင်ပို့မှုများသည် ယူကရိန်းစစ်ပွဲကို သွယ်ဝိုက်ပံ့ပိုးပေးသွားလိမ့်မည်ဖြစ်သည်။ ထို့နောက် ဝန်ကြီးလေးဦးသည် နျူကလီးယားအပါအဝင် အမေရိကန်၏ဟန့်တားမှုစွမ်းဆောင်ရည် တိုးချဲ့ရေးဆိုင်ရာ ပထမဆုံးအစည်းအဝေးကိုလည်း ပြုလုပ်ခဲ့သည်။

ဝန်ကြီးလေးဦး၏ ပူးတွဲထုတ်ပြန်ချက်သည် မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များ၊ တရုတ်နိုင်ငံ၏ နျူကလီးယားကျည်ထိပ်ဖူးတိုးတက်ထုတ်လုပ်မှုများ၊ လက်နက်ထိန်းချုပ်မှုနှင့် နျူကလီးယားမပြန့်ပွားရေးတို့အပေါ် ရုရှား၏လျှော့ပါးအောင်ပြုလုပ်နေမှုတို့ကို ထောက်ပြပြောဆိုခဲ့သည်။

ထိုသို့သောအခြေအနေမျိုးတွင် အမေရိကန်နှင့် ဂျပန်တို့အနေဖြင့် မဟာမိတ်များ၏ဟန့်တားမှုအနေအထားကို ပြန်လည်အင်အားဖြည့်တင်းရန် လိုအပ်မှုကိုထပ်လောင်းပြောကြားခဲ့ပြီး ဟန့်တားမှု၊ လက်နက်ထိန်းချုပ်မှု၊ အန္တရာယ်လျှော့ချမှုနှင့် လက်နက်မပြန့်ပွားရေးထိန်းချုပ်မှုတို့မှတစ်ဆင့် မဟာဗျူဟာမြောက်ခြိမ်းခြောက်မှုများ စီမံခန့်ခွဲမှုတို့ကို ဝန်ကြီးများကပြောကြားခဲ့သည်။

ဂျပန်-အမေရိကန် အပြန်အလှန်ချိတ်ဆက်ပေါင်းစပ်ဆောင်ရွက်မှု မြှင့်တင်ရေးနှင့်စပ်လျဉ်း၍ လက်ရှိအချိန်တွင် ဂျပန်၌ အချေအတင်ဆွေးနွေးရလျက်ရှိသည်။ ဂျပန်-အမေရိကန် ပေါင်းစပ်ဆောင်ရွက်မှုသည် စစ်ပွဲဟန့်တားရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း အမေရိကန်ဆိုင်ရာ ဂျပန်သံအမတ်ကြီးဟောင်းတစ်ဦးက ထောက်ပြပြောဆိုခဲ့သည်။

သို့သော် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဟောင်း တာနာကာဟီတိုရှိကမူ ထိုကဲ့သို့ပေါင်းစပ်ဆောင်ရွက်ခြင်းသည် ငြိမ်းချမ်းချိန်နှင့် စစ်မက်ဖြစ်ပွားချိန် နှစ်ရပ်စလုံးတွင် တရုတ်နိုင်ငံကို ဟန့်တားလိုသည့် အမေရိကန်၏ မဟာဗျူဟာတွင် ဂျပန်နိုင်ငံကို ရှေ့တန်းမှထားရှိသွားလိုသည့်သဘောပင်ဖြစ်ကြောင်း၊ သာဓကအနေဖြင့် မြောက်ကိုရီးယားကို ဟန့်တားရာတွင်လည်း တောင်ကိုရီးယားကို ရှေ့တန်းမှထားနေကြောင်း ထောက်ပြပြောဆိုခဲ့သည်။

၁၉၅၁ခုနှစ်တွင် ဆန်ဖရန်စစ္စကိုငြိမ်းချမ်းရေးစာချုပ်နှင့် ဂျပန်-အမေရိကန်လုံခြုံရေးစာချုပ် စတင်ချုပ်ဆိုစဉ်ကတည်းက အစဉ်အဆက်သော ဂျပန်အစိုးရများက ဂျပန်-အမေရိကန်ဆက်ဆံရေးသည် ဂျပန်သံခင်းတမန်ခင်း၏ သမိုင်းမှတ်တိုင်များဖြစ်ကြောင်း တစိုက်မတ်မတ်ပြောဆိုခဲ့သည်။ သို့သော် ယခုအကြိမ်ထုတ်ပြန်သော ပူးတွဲကြေညာချက်သည် သံခင်းတမန်ခင်းထက်ကျော်လွန်ပြီး ဂျပန်နှင့်အမေရိကန်ကြား စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ပင်မထောက်တိုင်အဖြစ်ထားရှိမည့် ခြေလှမ်းတစ်ရပ်အဖြစ် ရှုမြင်လျက်ရှိသည်။ ထိုသို့ရပ်တည်သွားမည်ဆိုလျှင် ဂျပန်နိုင်ငံသည် သံခင်းတမန်ခင်းအရ အမေရိကန်တို့ထံ အောက်ကျို့သွားရဖွယ်ရှိသည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် အမေရိကန်နှင့် တရုတ်ခေါင်းဆောင်များကြား အစည်းအဝေးတစ်ရပ် ပြုလုပ်ပြီးနောက် နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးများ၏ အစည်းအဝေးကိုလည်း ၂၀၂၄ ခုနှစ် မေလတွင် ပြုလုပ်ခဲ့သည်။ ထို့ပြင် ယခုနှစ် ဇူလိုင် ၂၇ ရက်ကလည်း တရုတ်နိုင်ငံခြားရေးဝန်ကြီးသည် လာအိုတွင် အစည်းအဝေးပြုလုပ်ခဲ့သည်။ ဆိုရလျှင် အမေရိကန်နှင့် တရုတ်တို့ကြား တည်ငြိမ်အေးချမ်းသောဆက်ဆံရေးအတွက် အရှိန်အဟုန်သည် နှေးကွေးလျက်ရှိသည့်အပြင် တင်းမာမှုများပင်မြင့်တက်လာလျက်ရှိသည်။ ထို့ကြောင့် ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်အပေါ် အလွန်အမင်းမှီခိုအားထားခြင်းသည် တရုတ်နိုင်ငံနှင့်ဂျပန်နိုင်ငံ၏ သံခင်းတမန်ခင်းအပေါ် ကန့်သတ်ချက်များဖြစ်ပေါ်လာနိုင်ပေသည်။

အမေရိကန်နှင့်ဂျပန်တို့ကြား ကာကွယ်ရေးဆိုင်ရာ မဟာမိတ်ဆက်ဆံရေးထူထောင်မှုသည် ဂျပန်နိုင်ငံ၏ နိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒအပြင် အင်ဒို-ပစိဖိတ်ဒေသတွင် အုတ်မြစ်တစ်ခုဖြစ်လာလျက်ရှိသည်။ ထိုသို့ မဟာမိတ်ဖွဲ့ခြင်းသည် ၁၉၅၁ ခုနှစ် စတင်ထူထောင်စဉ်ကတည်းက ပြောင်းလဲလာသော ပထဝီနိုင်ငံရေးအပြင် သက်ဆိုင်ရာနိုင်ငံများရှိ နိုင်ငံရေး အင်အားစုများနှင့် လိုက်လျောညီထွေဆောင်ရွက်လျက် အခက်အခဲများစွာကို ကျော်ဖြတ်ရလျက်ရှိသည်။

ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်ကို စစ်အခြေစိုက်စခန်းနေရာများ ခွင့်ပြုပေးထားပြီး အပြန်အလှန်အားဖြင့် အမေရိကန်သည် လုံခြုံရေးထောက်ပံ့သွားမည်ဆိုသော ကတိကဝတ်ဖြင့် အမေရိကန်-ဂျပန်လုံခြုံရေးဆိုင်ရာစာချုပ်ကို ချုပ်ဆိုထားခြင်းဖြစ်သည်။ ဂျပန်ဝန်ကြီးချုပ်ဖူမီယိုကီရှီဒါသည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလနှင့် ဧပြီလအတွင်း အမေရိကန်သို့သွားရောက်လည်ပတ်ခဲ့ပြီးနောက် အမေရိကန်-ဂျပန်မဟာမိတ်ဖွဲ့မှုသည် ထူးထူးခြားခြား ပြောင်းလဲလာလျက်ရှိသည်။ မကြာသေးမီနှစ်များအတွင်း ဂျပန်နိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၉အရ ထိန်းချုပ်ထားသော ကန့်သတ်ချက်များမှလည်း ရုန်းထွက်ရန်ကြိုးပမ်းလျက်ရှိသည်။ မည်သို့ပင်ဆိုစေ ဂျပန်နိုင်ငံသည် ပျော့ကွက်၊ ဟာကွက်ရှိသောအနေအထားတွင် ရှိနေသည့်အတွက် မြောက်ကိုရီးယား၊ တရုတ်နှင့် ရုရှားတို့အပါအဝင် အိမ်နီးချင်းနိုင်ငံများ၏ လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများနှင့်အခက်အခဲများကို ရင်ဆိုင်ရလျက်ရှိပေသည်။



**ကိုးကား**

(1) **Japan Further Accelerates Military Integration With the US by The Diplomat.**

(2) **US–Japan alliance amid changing security environment by Asia Times.**

**ဝင်းငြိမ်(သုတေသန)**

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီးဗိုလ်လောင်း လျှောက်လွှာများအား ၁၇-၆-၂၀၂၄ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၁၅-၈-၂၀၂၄** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည် တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ဆေးလိပ်သောက်ခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

COVID-19 ရောဂါပိုးကူးစက်မှုကို ကာကွယ်နိုင်ရန်နှင့် ကိုယ်ခံအားကောင်းမွန်နေစေရန် ဗီတာမင်စီ ပြည့်ဝစွာပါဝင်သည့် အသီးအနှံများကို စားသုံးသင့်သည်။ (လိမ္မော်၊ စတော်ဘယ်ရီ၊ ကီဝီ··· စသည်)



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငှက်ပျောသီးဖျော်ရည် ၄၀၀ မီလီလီတာခန့်ကို နေ့စဉ်ထမင်းစားပြီး တိုင်းသောက်သုံးပေးပါကအဆုတ် သန့်စင်စေရုံမျှမက အစာကိုလည်း ကြေညက်စေသည်။



## ပြည်ပထွက်ခွာလိုသူ ပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့်ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ ဂဏန်း ၁၀လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာလဝကမြို့နယ်ရုံးအားလုံး၌ ဥပဒေနှင့်အညီစိစစ်၍ အခမဲ့ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ရာတွင် ပြည်ပထွက်ခွာလိုသည့် ပြည်သူများအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သည့် လဝကမြို့နယ်ရုံးများ၌ UID နံပါတ်ဆောင်ရွက်ထုတ်ယူခဲ့ခြင်းမရှိဘဲ နယ်စပ်ဒေသများရှိ UIDလုပ်ငန်းဆောင်ရွက်သည့်နေရာများ၌သာ UID နံပါတ်ရရှိရေးအတွက် အရေးတကြီးပြုလုပ်ဆောင်ရွက်လျက်ရှိကြသဖြင့် ယင်းနေရာ၌သာလူစုလူဝေးများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုအချိန်နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပထွက်ခွာလိုသူ ပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ UID နံပါတ် ကြိုတင်ထုတ်ယူဆောင်ရွက်ထားကြပါရန်နှင့် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/eIDDept မှတစ်ဆင့် ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၈-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၇၀ | ၂၈၅၀ | ၂၈၂၅ | ၂၇၈၀ | ၂၈၅၅ | ၂၈၆၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၆၀ | ၂၉၉၀ | ၂၈၄၀ | ၂၈၅၅ | ၂၈၉၀ | ၂၈၇၅ | ၂၈၉၀ | ၃၂၉၀ | ၄၂၅၀ |
| 95 Ron | ၂၈၉၅ | ၂၉၇၅ | ၂၉၅၀ | ၂၉၀၅ | ၂၉၈၀ | ၂၉၉၀ | ၃၀၀၅ | ၂၉၆၀ | ၃၀၈၅ | ၃၁၁၅ | ၂၉၆၅ | ၂၉၈၀ | ၃၀၁၅ | ၃၀၀၀ | ၃၀၁၅ | ၃၄၂၀ | ၄၄၀၀ |
| HSD (500 ppm) | ၂၄၅၀ | ၂၅၃၅ | ၂၅၁၀ | ၂၄၆၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၁၅ | ၂၆၄၀ | ၂၆၇၀ | ၂၅၂၅ | ၂၅၄၀ | ၂၅၇၀ | ၂၅၆၀ | ၂၅၇၀ | ၂၉၇၅ | ၄၂၅၀ |
| HSD (50 ppm) | ၂၉၂၀ | ၃၀၀၀ | ၂၉၇၅ | ၂၉၃၀ | ၃၀၀၅ | ၃၀၁၅ | ၃၀၃၀ | ၂၉၈၅ | ၃၁၀၀ | ၃၁၄၀ | ၂၉၉၀ | ၃၀၀၅ | ၃၀၄၀ | ၃၀၂၅ | ၃၀၄၀ | ၃၄၄၅ | ၄၂၅၀ |
| HSD (10 ppm) | ၂၉၂၀ | ၃၀၀၀ | ၂၉၇၅ | ၂၉၃၀ | ၃၀၀၅ | ၃၀၁၅ | ၃၀၃၀ | ၂၉၈၅ | ၃၁၀၀ | ၃၁၄၀ | ၂၉၉၀ | ၃၀၀၅ | ၃၀၄၀ | ၃၀၂၅ | ၃၀၄၀ | ၃၄၄၅ | ၄၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၂၀ | ၂၇၀၆ |
| 95 Ron | ၂၇၄၂ | ၂၈၃၁ |
| HSD (500 ppm) | ၂၃၁၂ | ၂၃၈၈ |
| HSD (50 ppm) | ၂၇၆၆ | ၂၈၅၁ |
| HSD (10 ppm) | ၂၇၆၆ | ၂၈၅၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

" မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် "

ရတနာပုံခန်းမ

ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ
အစည်းအဝေးများ၊ ရှင်ပြု ရဟန်းခံ နားထွင်းနားသ
အလှူပွဲများ၊မင်္ဂလာဆောင်ပွဲများ၊
မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ
ဈေးရောင်းပွဲတော်များ၊အရောင်းမြှင့်တင်ရေးပွဲများ
နိုင်ငံတကာကုန်စည်ပြပွဲများ၊အငြိမ့်ပွဲ၊
ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက်
ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။




ဆက်သွယ်ရန်လိပ်စာ

၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။
ဖုန်း - ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၁၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉ ။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ပင်းတလဲ အခြေခံပညာအထက်တန်းကျောင်း၊ Grade-9တွင် ပညာသင်ကြားနေသော မမိုးပြည့်ပြည့်ဝင်း ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဝင်းအောင် ဖြစ်ပါကြောင်း။

**ဦးဝင်းအောင် (၉/ဝတန(နိုင်)၀၆၉၁၅၀)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အ. ထ. က(၇)၊ Grade-7တွင် ပညာသင်ကြားနေသော မောင်ဆန်းသစ်အောင် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုင်းဖိုးဆယ် ဖြစ်ပါကြောင်း။

**ဦးစိုင်းဖိုးဆယ် (၇/ကတခ(နိုင်)၀၉၃၆၇၄)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်ဆည်မြို့၊ ကျောက်ဆည်တက္ကသိုလ်(တောမ)ဘူမိဗေဒ(နောက်ဆုံးနှစ်)တွင် ပညာသင်ကြားနေသော မောင်ရာဇာထွန်း ၏ဖခင်အမည်မှာ ဦးသန်းဝင်း (ခ) ဦးဖိုးသန်း သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသန်းဝင်း(ခ)ဦးဖိုးသန်း (၉/ကဆန(နိုင်)၀၅၃၄၃၈)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ငူမြို့၊ (၁၁)ရပ်ကွက်၊ နန်းတော်ဦးလမ်းနေ ဒေါ်သန်းအေး ၏သား **မောင်သန်းထိုက်အောင်(၇/တငန(နိုင်)၂၂၂၉၉၉)** သည် မိခင်စကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအားလုံးကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဒေါ်သန်းအေး(၉/တသန(နိုင်)၀၁၂၇၄၅)**

### ပျောက်ဆုံးကြောင်း

ဟိုင်းကြီးကျွန်းမြို့နယ်နေ မနင်းပွင့်အေး(ဘ)ဦးမြင့်ကြည် (၁၄/ဟကကက(နိုင်)၀၄၃၉၃၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-009406)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၈၂၉၂၉၉၀

သင့်သွေးဖြင့် အသက်ကယ်ပါ

စာအုပ်စာပေ လူ့မိတ်ဆွေ

### COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



### COVID-19 ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်



အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ပါ။ အာဟာရပြည့်ဝစေမည့် အစားအစာများ စားသောက်ပါ။ ကောင်းစွာအိပ်စက်အနားယူပါ။

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm။
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမကျိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

**❖ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ဒေသအလိုက် ထုတ်ကုန်များ တူညီမှုရှိမည်မဟုတ်သဖြင့် ဒေသနှင့်သင့်လျော်ကိုက်ညီသည့် ထုတ်ကုန်များ အောင်မြင်စွာထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ရမည်ဖြစ်...**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၇/ ၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်



မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄)မှ သင်တန်းသားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

**နေပြည်တော် ဩဂုတ် ၅**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄)တွင် ပါဝင်တက်ရောက်ကြမည့်အရည်အချင်းကိုက်ညီသူနိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိသင်တန်းကျောင်းအသီးသီးသို့ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ သင်တန်းဖွင့်ပွဲများပြုလုပ်ကြပြီး သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများပြောကြားကြသည်။

အဆိုပါသင်တန်းကျောင်းများသို့နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄)မှ **စာမျက်နှာ ၁၈ ကော်လံ ၁** ☆

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က လျှပ်စစ်သုံးမော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ငါးခု ခွင့်ပြု စာမျက်နှာ - ၁၉

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း အသင်းအဖွဲ့များက သဘောထားများ ထုတ်ပြန် စာမျက်နှာ - ၂၀

အသည်းအစားထိုး ခွဲစိတ်ကုသမှုလုပ်ငန်း တတိယနေ့ ဆက်လက်ဆောင်ရွက် စာမျက်နှာ - ၂၁



Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You

ပစ္စည်းထည့်ပုံးအမျိုးမျိုး



ပစ္စည်းထည့်ပုံးအမျိုးမျိုး



ရေချိုးခန်းသုံးပစ္စည်းများ



ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၇၉